The Mirror
Established in 1957

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက်၊ စနေနေ့ (26-4-2014) (၇၈၂၂)

ပဉ္စမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး ကျင်းပမည်

နေပြည်တော် ဧပြီ ၂၅

ပဉ္စမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ သာသနာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပဉ္စမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီး ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

ဒုတိယသမ္မတက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် သံဃာ့ဂိုဏ်းကြီး (၉)ဂိုဏ်းရှိပြီး သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးများကို ပထမအကြိမ်မှ စတုတ္ထအကြိမ် အထိကျင်းပခဲ့ကြောင်း၊ လေးကြိမ်စလုံးကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာမဟာပါသာဏ လိုဏ်ဂူတော်ကြီးတွင် ကျင်းပခဲ့သည်ကို သိရှိရပါကြောင်း။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဝင်အဖြစ် သတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ်၊ ၈/၂၀၁၄)
၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်
(၂၀၁၄ ခုနှစ်၊ ဧပြီလ ၂၅ ရက်)

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဝင်အဖြစ် သတ်မှတ်ခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (င)နှင့် (စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂)တို့အရ နိုင်ငံတော်သမ္မတရုံးက ၃၀-၃-၂၀၁၁ ရက်စွဲပါ အမိန့်အမှတ် (၂၃/၂၀၁၁) နှင့် အမိန့်အမှတ် (၂၆/၂၀၁၁) တို့ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးများ ခန့်အပ်တာဝန်ပေးခဲ့ပါသည်။

၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးများသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (ဆ)၊ ပုဒ်မခွဲငယ် (၂) အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများဖြစ်သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၈၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ် (၂)နှင့်အညီ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဝင်အဖြစ် သတ်မှတ်လိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ယနေ့ **မာတိကာ**

အမြန်လမ်းမကြီးတွင် ယာဉ်နှင့်ယာဉ်မောင်းတို့၏ အားနည်းချက်ကြောင့် ယာဉ်တိမ်းမှောက်ခြင်းဖြစ် — စာမျက်နှာ - ၃

မိုးရေချိန် စံချိန်သစ် — စာမျက်နှာ - ၅

လူရည်ချွန်စီမံကိန်း — pmrsuEm - 6

ထူးချွန်ကြက်ခြေနီလူငယ်များဖြစ်လာစေရန် ပြုစုပျိုးထောင်ပေးလျက်ရှိ

ဘက်စုံပညာထူးချွန်စခန်းများကို ငွေဆောင်၊ အင်းလေး၊ ပုဂံတို့တွင် ဧပြီ ၂၈ ရက်မှ မေ ၁ ရက်အထိ လည်းကောင်း၊ ထူးချွန်ကြက်ခြေနီလူငယ်များအတွက် စခန်းသွင်းလေ့ကျင့်ခြင်း၊ ပြိုင်ပွဲကျင်းပခြင်း၊ ရွေးချယ်ခြင်းနှင့် လေ့လာရေးခရီးစဉ်များကို ရန်ကုန်မြို့ အမှတ်(၁) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း(ဘုရင့်နောင်)တွင် ဧပြီ ၂၃ ရက်မှ မေ ၁ ရက်အထိ လည်းကောင်း၊ ကင်းထောက် မောင်မယ်များတွေ့ဆုံပွဲကို ပြင်ဦးလွင်စခန်း၌ ဧပြီ ၂၈ ရက်မှ မေ ၂ ရက်အထိလည်းကောင်း ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

ဤသို့ စခန်းသွင်းလေ့ကျင့်သင်ကြားနေကြသည့် လူငယ်မောင်မယ်များသည် နောင်အနာဂတ်တွင် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး ယန္တရားများကို ဦးဆောင်ဦးရွက်ပြုကြမည့်သူများပင်ဖြစ်သည်။

ရန်ကုန်မြို့ အမှတ်(၁)စစ်ကြောရေးနှင့် တည်းခိုရေးစခန်း(ဘုရင့်နောင်)၌ ထူးချွန်ကြက်ခြေနီလူငယ်စခန်း ဖွင့်လှစ်ထားကြောင်းသိရသည့်အတွက် သတင်းသွားရောက်ရယူခဲ့သည်။

အဆိုပါစခန်းကို ကြက်ခြေနီစေတနာ့ဝန်ဆောင်မှုလုပ်ငန်းများကို ထူးချွန်စွာ ဆောင်ရွက်ခဲ့ကြသော ကြက်ခြေနီ ထူးချွန်မောင်မယ်များကို မှတ်တမ်းတင်ချီးကျူး ဂုဏ်ပြုရန်နှင့် အနာဂတ်တွင် ဦးဆောင်မည့် လူငယ်များအား ကြက်ခြေနီလူမှုကရုဏာလုပ်ငန်းများတွင် ပိုမိုဦးဆောင်ပါဝင်လာစေရန် ရည်ရွယ်၍ ဖွင့်လှစ်ကြောင်း သိရသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❂

ကရင်ပြည်နယ် မြဝတီမြို့တွင် ရေလွှမ်းမိုးမှုဖြစ်ပွားစဉ်က ရေဘေးသင့်ပြည်သူများအား ကြက်ခြေနီစေတနာလုပ်အားရှင်တစ်ဦးက ကယ်ဆယ်နေစဉ်။



ကြေးမုံစာတည်းရှုထောင့် ၂၆-၄-၂၀၁၄၊ စနေနေ့

ဆင်ခြင်ရှောင်ရှားသတိထား

ဒီမိုကရေစီနိုင်ငံသစ်သို့ အသွင်ကူးပြောင်းတည်ဆောက်လျက်ရှိရာတွင် သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ် ဖြစ်ထွန်းစေရန်နှင့် အများပြည်သူအုပ်ချုပ်ရေးတွင် ဂုဏ်သိက္ခာနှင့်တာဝန်ယူမှု မြင့်မားတိုးတက်စေရန်အတွက် လာဘ်ပေးလာဘ်ယူမှုပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ်ခံယူကာ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရမြင်ရမည်ဖြစ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် အများအားဖြင့် စီမံခန့်ခွဲမှုအုပ်ချုပ်ရေးဆိုင်ရာ အစိုးရဌာနများသာ အဂတိလိုက်စားမှု ကင်းစင်ရမည်ဟု အကြမ်းဖျင်းမှတ်ယူထားကြလေ့ရှိကြသည်။ အမှန်တကယ်တွင် လာဘ်ပေးလာဘ်ယူမှုဟူသည် ဌာနဆိုင်ရာများနှင့်သာသက်ဆိုင်သည်မဟုတ် မိမိအကျိုးစီးပွားဖြစ်ထွန်းစေရန်ရည်သန်ပြီး ကိုယ်ကျိုးစီးပွားဖြစ်ထွန်းရေးကို ဦးတည်သောဌာနနှင့်ဆက်ဆံသော ပြည်သူတို့သာမက အခွင့်ထူးခံလိုသော စီးပွားရေးလုပ်ငန်းရှင်များလည်းပါဝင်ပေသည်။

လာဘ်ပေးလာဘ်ယူမှုသည် ကျယ်ဝန်းနက်ရှိုင်းလှသဖြင့် အနက်အဓိပ္ပာယ်ကို ကျယ်ကျယ်ပြန့်ပြန့်သိရှိထားရန် လိုအပ်ပေသည်။ လာဘ်ပေးလာဘ်ယူမှုတွင် အခွင့်အာဏာကိုအလွဲသုံးစားမှု၊ လာဘ်ပေးမှု၊ လာဘ်ယူမှု၊ တာဝန်ထမ်းဆောင်ရန် ပျက်ကွက်မှုတို့မှာ အဂတိလိုက်စားမှုများဖြစ်သည်။ လုပ်ပိုင်ခွင့်အာဏာရှိသူက ရာထူးတာဝန်ကို အလွဲသုံးစားပြုပြီး တစ်စုံတစ်ရာကို ပြုလုပ်ရန်၊ ဥပဒေနှင့်အညီပြုလုပ်ခြင်းမှ ရှောင်ကြဉ်ရန်၊ တစ်ဦးတစ်ယောက်အား ဥပဒေနှင့်အညီ ရထိုက်သောအခွင့်အရေးပေးရန် (သို့မဟုတ်) ဥပဒေနှင့်အညီ ရထိုက်သော အခွင့်အရေးကို မမှန်မကန်ပိတ်ပင်ရန် ရည်ရွယ်ချက်ဖြင့် တံစိုးလက်ဆောင်ကို မိမိအတွက်ဖြစ်စေ၊ အခြားသူအတွက်ဖြစ်စေပေးခြင်း၊ လက်ခံယူခြင်း၊ ရယူရန်အားထုတ်ခြင်း၊ ကမ်းလှမ်းခြင်း၊ ကတိပြုခြင်း (သို့မဟုတ်) တစ်နည်းနည်းဖြင့် ဆွေးနွေးခြင်းကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြုလုပ်ခြင်းမှာ လာဘ်ပေးလာဘ်ယူမှုများပင်ဖြစ်သည်။

လာဘ်ပေးလာဘ်ယူမှုကို တစ်ပြည်လုံးအတိုင်းအတာဖြင့် ပိုမိုကျယ်ပြန့်ထိရောက်စွာ တိုက်ဖျက်အရေးယူဆောင်ရွက်နိုင်ရေးအတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို နိုင်ငံတော်သမ္မတက ၂၀၁၃ ခုနှစ် ဩဂုတ်လ ၇ ရက်နေ့တွင် လက်မှတ်ရေးထိုး၍ ၂၀၁၃ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၂၃)အဖြစ် အတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ်သည်။

ထို့အပြင် အစိုးရအဖွဲ့အစည်းအတွင်း အဂတိတရားနှင့် လာဘ်ပေးလာဘ်ယူမှုများကင်းရှင်းစေရန် ဒုတိယသမ္မတတစ်ဦး ဦးစီးသော လာဘ်ပေးလာဘ်ယူမှု အရေးယူဆောင်ရွက်ရေးကော်မတီက လည်းကောင်း၊ နိုင်ငံတော်သမ္မတထံသို့ တိုင်ကြားသည့်ကိစ္စများကို နိုင်ငံတော်သမ္မတရုံးမှ ပြည်ထောင်စုဝန်ကြီးတစ်ဦးက ဦးစီး၍လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနကလည်း ၎င်းထံတင်ပြလာသော တိုင်ကြားစာများကို စိစစ်၍လည်းကောင်း အရေးယူဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။

ထို့မျှသာမက လာဘ်ပေးလာဘ်ယူမှုပပျောက်ရေးကော်မရှင်ကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ဖြင့် ဖွဲ့စည်းပေးခဲ့ပြီးနောက် လာဘ်ပေးလာဘ်ယူမှုပပျောက်ရေး ကော်မရှင်ရုံးကို နေပြည်တော် ဝဏ္ဏသိဒ္ဓိရပ်ကွက် အားကစားတည်းခိုရေးစခန်း အုပ်စု(၁)တွင် ၂၀၁၄ ခုနှစ် မတ်လ ၁၀ ရက်နေ့မှစတင်ပြီး လုပ်ငန်းများဆောင်ရွက်နေပြီဟု သိရသည်။

ပြည်သူများအနေဖြင့် ကော်မရှင်သို့ တိုင်ကြားစာများပေးပို့ရာတွင် ခိုင်လုံသောအထောက်အထား၊ အရေးကြီးသော သက်သေခံအချက်များပါရန် လိုအပ်ပေသည်။ ခိုင်လုံသောအကြောင်းမရှိဘဲ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အားနစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် ရည်ရွယ်၍ တမင်တိုင်တန်းခြင်းပြုလုပ်ပါက ဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်သည်ကို သိရှိနားလည်ထားရမည်ဖြစ်သည်။

သို့ဖြစ်ရာ သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်ဖြစ်ထွန်းစေရန်အတွက် နိုင်ငံတော်က အမျိုးသားရေးအသွင်ဖြင့် ဆောင်ရွက်နေရာတွင် အဂတိလိုက်စားမှုနှင့် လာဘ်ပေးလာဘ်ယူမှုသည် အရေးကြီးသောကိစ္စရပ်ဖြစ်၍ လာဘ်ပေးလာဘ်ယူမှုဆိုင်ရာ အကြောင်းအရာများကို ပြည်သူများရော ဌာနဆိုင်ရာများသာမက အဖွဲ့အစည်းများအားလုံးပါ သိရှိနားလည်သဘောပေါက်ကြပြီး ဆင်ခြင်ရှောင်ရှား သတိထားကြရန် တိုက်တွန်းအပ်ပါသည်။ ။

အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးအတွက် ချေးငွေအာမခံလုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် မေ ၂၅

အသေးစားနှင့် အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးအတွက် ချေးငွေအာမခံ (Credit Guarantee Insurance) ပေးရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် မြန်မာ့အာမခံလုပ်ငန်း (ရုံးချုပ်)၌ ကျင်းပသည်။ အဆိုပါအစည်းအဝေးတွင် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက အမှာစကားပြောကြားရာတွင်နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးမှုအတွက် အသေးစား၊အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရန်လိုအပ်ကြောင်း၊ ယနေ့ဂျပန်နှင့်ကိုရီးယားရှိ တိုယိုတာ၊ ဟွန်ဒေးစသော Multinational Corporation ကြီးများသည်လည်း အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းမှပင် စတင်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်တွင် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လုပ်ငန်းအဖွဲ့တွင်ဘဏ္ဍာငွေများ သက်သာလွယ်ကူစွာရစေရေးဆပ်ကော်မတီအနေဖြင့် ချေးငွေအာမခံ (Credit Guarantee Insurance) ကို လုပ်ဆောင်လျက်ရှိပါကြောင်း၊ အဆိုပါအာမခံကို ဂျပန်နှင့်ကိုရီးယားနိုင်ငံများ၏ ကျင့်သုံးမှုများကို လေ့လာပြီး လုပ်ဆောင်ရုံသာမက ဂျပန်နိုင်ငံရှိ ဆူမီတိုမိုမစ်ဆူရီဘဏ်နှင့် ဂျာမနီနိုင်ငံ GIZ တို့မှ ပညာရှင်များကပါ သင်တန်းပေးခြင်းဖြင့် ကူညီဆောင်ရွက်ကြောင်း၊ အဆိုပါ အာမခံကို သီးခြားအဖွဲ့အစည်း ထူထောင်၍ လုပ်မည့်အစား quick win ရရှိစေရန်နိုင်ငံတော်ပိုင်မြန်မာ့အာမခံလုပ်ငန်းကို တာဝန်ပေး၍လုပ်စေခဲ့ပါကြောင်း၊ ယခုအခါတွင် အဆိုပါအာမခံအတွက် ပေါ်လစီစာချုပ်နှင့် ပရီမီယံနှုန်းများ ရေးဆွဲသတ်မှတ်ပြီးဖြစ်သဖြင့် ယင်းတို့အပေါ်တွင် ဘဏ်များ၏ Feedback ကိုသိချင်ပါကြောင်း၊ ယင်းတို့အပေါ်တွင် ပြင်ဆင်သင့်သည်များရှိပါက ပြင်ဆင်၍နောက်လ(မေလ)တွင်အများပြည်သူသိအောင် ကြေညာ၍ စတင်ရောင်းချတော့မည်ဖြစ်ပါကြောင်း ပြောကြားသည်။

အသေးစား၊ အလတ်စားစက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်၊ ထွန်းဖောင်ဒေးရှင်းဘဏ်၊ သမဝါယမဘဏ်၊ ပထမပုဂ္ဂလိကဘဏ်၊ အာရှရန်ကုန်အင်တာနေရှင်နယ်ဘဏ်၊ အာရှစိမ်းလန်းဖွံ့ဖြိုးရေးဘဏ်၊ မြန်မာနိုင်ငံသားဘဏ်၊ မြဝတီဘဏ်နှင့် ဗဟိုဘဏ်တို့မှ ကိုယ်စားလှယ်များက အကျယ်တဝင့် ဆွေးနွေးကြသည်။ ဆွေးနွေးချက်များအပေါ် ဒုတိယဝန်ကြီးက ရှင်းလင်းပြောကြားသည်။ အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဗဟိုဘဏ်မှ ကိုယ်စားလှယ်နှင့် ပုဂ္ဂလိကဘဏ် ၁၉ ခုမှ ကိုယ်စားလှယ်များနှင့်ဆူမီတိုမိုမစ်ဆူရီဘဏ်မှ ပညာရှင်မစ္စတာ အစ်ဇူမီတို့တက်ရောက်ခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် မေ ၂၅

ရန်ကုန် ရွှေဈေး	၆၆၁၅၀၀	- ၆၆၂၅၀၀
မန္တလေး ရွှေဈေး	၆၆၁၄၀၀	- ၆၆၂၄၀၀

စက်သုံးဆီဈေးနှုန်း

(က) ဒီဇယ်	တစ်လီတာ	၉၅၀	ကျပ်
(ခ) အောက်တိန်း95	တစ်လီတာ	၁၁၀၀	ကျပ်
(ဂ) အောက်တိန်း92	တစ်လီတာ	၉၃၀	ကျပ်
(ဃ) ဓာတ်ဆီ	တစ်လီတာ	၈၁၄	ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က) အမေရိကန်	တစ်ဒေါ်လာ	= ၉၆၂. ၀၀
(ခ) ဥရောပ	တစ်ယူရို	= ၁၃၁၀. ၂
(ဂ) စင်ကာပူ	တစ်ဒေါ်လာ	= ၇၆၅. ၀၄
(ဃ) တရုတ်	တစ်ယွမ်	= ၁၅၃. ၉၅
(င) ထိုင်း	တစ်ဘတ်	= ၂၉. ၆၉၆
(စ) မလေးရှား	တစ်ရင်းဂစ်	= ၂၉၃. ၇၀
(ဆ) အိန္ဒိယ	တစ်ရူပီး	= ၁၅. ၇၄၂
(ဇ) ဂျပန်	တစ်ရာယန်း	= ၉၃၉. ၆၄
(ဈ) တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၂. ၆၂၀
(ည) ဩစတြေးလျ	တစ်ဒေါ်လာ	= ၈၉၁. ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

ပြည်တွင်းရေးရာ

❐ ရွှေဖုံးမှ

ပထမအကြိမ် အစည်းအဝေးကြီးကို ၁၉၈၀ ပြည့်နှစ်၊ ဒုတိယအကြိမ်ကို ၁၉၈၅ ခုနှစ်၊ တတိယအကြိမ်ကို ၁၉၉၀ ပြည့်နှစ်နှင့် စတုတ္ထအကြိမ်ကို ၁၉၉၅ ခုနှစ်တို့တွင် ငါးနှစ်စီခြား၍ ကျင်းပခဲ့သည်ဟု သိရပါကြောင်း။

ယင်းအစည်းအဝေးကြီးများမှ နိုင်ငံတော်သြဝါဒါစရိယအဖွဲ့၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ တိုင်းဒေသကြီး/ပြည်နယ်သံဃနာယကအဖွဲ့၊ မြို့နယ်နှင့်ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့ စသည့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့ကို ဖွဲ့စည်းခဲ့ပြီး ပရိယတ္တိသာသနာတော်၊ ပဋိပတ္တိ သာသနာတော်၊ ပဋိဝေဓ သာသနာတော် လုပ်ငန်းသုံးရပ်ကို စနစ်တကျဆောင်ရွက်နိုင်ခဲ့သည်ဟု သိရပါကြောင်း။

ထို့အပြင် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာဥပဒေ၊ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ချက်များကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေ၊ သံဃာ့အဖွဲ့အစည်းဆိုင်ရာဥပဒေ၊ သံဃာအဖွဲ့အစည်း အခြေခံစည်းမျဉ်း၊ ရဟန်းသာမဏေများ လိုက်နာရန်စည်းမျဉ်းဥပဒေစသည်တို့ကို အဆိုပါ အစည်းအဝေးကြီးများမှ ရေးဆွဲအတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ကြောင်းကို သိရပါကြောင်း။

မြန်မာနိုင်ငံတွင် ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ပေါ်ပေါက်ခဲ့ပြီးနောက် သံဃာ့ကိစ္စများကို သံဃာတော်များကိုယ်တိုင် ဝိနည်းတော်နှင့်အညီ ဝိနည်းဓမ္မကံ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ထေရဝါဒဗုဒ္ဓဘာသာနှင့် ဆန့်ကျင်သည့် အဓမ္မဝါဒများဖယ်ရှားနိုင်ခဲ့ခြင်း၊ ဝိနည်းနှင့် မညီညွတ်သည့်ကိစ္စများကို ဝိနိစ္ဆယခုံရုံးများမှစစ်ဆေးဆုံးဖြတ်ခြင်းများချမှတ်ပြီး လုပ်ငန်းများ၊ သာသနာတော်ဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်နိုင်ခဲ့သည်ဟု သိရပါကြောင်း။

(၁၉၉၅) ခုနှစ်မှ စတင်ကာ ယနေ့အထိ (၁၉)နှစ်ကြာ သံဃာ့အစည်းအဝေးကြီးကို မကျင်းပနိုင်ခဲ့သည့်အတွက် လက်ရှိအခြေအနေနှင့် ကိုက်ညီသည့် မူဝါဒ၊ ဝိနည်းဓမ္မကံ၊ လုပ်ထုံးလုပ်နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ ထပ်မံရေးဆွဲနိုင်ရန် လိုပါကြောင်း၊ ထို့အတွက် သာသနာတော်နှင့် (၂၅၅၈)ခုနှစ်ကို အစွဲပြုကာ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတို့မှ သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်တော် ၂၅၅၈ ပါးတို့ကို ပင့်ဖိတ်ကာ ပဉ္စမအကြိမ် သံဃာ့အစည်းအဝေးကြီးကျင်းပသွားမည်ဖြစ်ပါကြောင်း။

၎င်းသံဃာ့အစည်းအဝေးကြီး အောင်မြင်စွာ ကျင်းပနိုင်စေရန်အတွက် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းပေးအပ်ခဲ့ပြီး ဖြစ်ပါကြောင်း၊ သံဃာ့အစည်းအဝေးကြီး ကျင်းပခဲ့သည့်အတွက် သာသနာတော်ဆိုင်ရာ ဆောင်ရွက်ဖွယ်ရာ မူဝါဒများ၊ လုပ်ငန်းစဉ်များ၊ သာသနာ့ရေးရာ၊ ပရိယတ္တိရေးရာ လုပ်ထုံးလုပ်နည်းများ၊ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ ညွှန်ကြားလွှာများ စသည်တို့ကို ပြင်ဆင်ဖြည့်စွက်၊ အသစ်ရေးဆွဲနိုင်ခြင်းအားဖြင့် သာသနာတော်ကြီး သန့်ရှင်းစင်ကြယ်ကာ ရေရှည်တည်တံ့မည်ဖြစ်ပါကြောင်း။

ထို့အတွက် ပဉ္စမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီး အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် သက်ဆိုင်ရာကော်မတီအသီးသီးတို့မှ စနစ်တကျ စီမံဆောင်ရွက်ကျရန်နှင့် အကြံဉာဏ်များ ဆွေးနွေးတင်ပြကြရန် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပဉ္စမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီး ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ သာသနာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်က အနာဂတ် သာသနာတော်တွင် သာသနာတော် ရေရှည်တည်တံ့ထွန်းကားပြန့်ပွားရေးအတွက် စံပြုဆောင်ရွက်ရေးဆိုင်ရာများ၊ သာသနာတော် အဆုံးအမအောက်တွင် သာသနာတော်အကျိုး၊ နိုင်ငံတော်အကျိုးအတွက် ပိုမိုတိုးတက်ကောင်းမွန်လာစေရန် ဆောင်ရွက်သွားနိုင်ရေးဆိုင်ရာများအပေါ် အသေးစိတ် ရှင်းလင်းတင်ပြသည်။

ထို့နောက် ပဉ္စမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး ကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းက အခမ်းအနားပြင်ဆင်ရေးနှင့် အခမ်းအနားကျင်းပရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ အခမ်းအနားသို့ ကြွရောက်ချီးမြှင့်တော်မူကြမည့် ဆရာတော်၊ သံဃာတော်များ အဆင်ပြေချောမွေ့စွာ သီတင်းသုံးနေထိုင်သွားလာနိုင်ရေးအတွက် ဆောင်ရွက်ထားမည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများက ပဉ္စမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး ကျင်းပရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများအပေါ် ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များအပေါ် ဆွေးနွေးတင်ပြကြရာ ဒုတိယသမ္မတက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

(သတင်းစဉ်)

ဘက်စုံပို့ဆောင်ရေးဥပဒေအာဏာတည်သည့်နေ့သတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး

အမိန့်ကြော်ငြာစာ
အမှတ်၊ ၃၃/၂၀၁၄
၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်
(၂၀၁၄ ခုနှစ်၊ ဧပြီလ ၂၅ ရက်)

ဘက်စုံပို့ဆောင်ရေးဥပဒေအာဏာတည်သည့်နေ့ရက်သတ်မှတ်ခြင်း

ဘက်စုံပို့ဆောင်ရေးဥပဒေသည် ယင်းဥပဒေပုဒ်မ ၁၊ ပုဒ်မခွဲ (ခ)အရ ၂၀၁၄ ခုနှစ်၊ ဧပြီလ ၂၅ ရက်(၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်)နေ့မှစတင်၍ အာဏာတည်သည်ဟု သတ်မှတ်လိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမြန်လမ်းမကြီးတွင် ယာဉ်နှင့် ယာဉ်မောင်းတို့၏ အားနည်းချက်ကြောင့် ယာဉ်တိမ်းမှောက်ခြင်းဖြစ် ယာဉ်မောင်းလိုင်စင်ထုတ်ပေးရာတွင် ယာဉ်ကိုကောင်းမွန်စွာ ထိန်းသိမ်းနိုင်သူများကိုသာ စိစစ်၍ထုတ်ပေး

နေပြည်တော် မေ ၂၅

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် ယာဉ်တိမ်းမှောက်မှု အလွန်များပြားလျက်ရှိပါကြောင်း၊ အဆိုပါလမ်းတွင် ယာဉ်တိမ်းမှောက်မှု လျော့နည်းရေးအတွက် ဗဟိုကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ဖြင့် စနစ်တကျ ကြပ်မတ်ဆောင်ရွက်ရန် လိုကြောင်း၊ အမြန်လမ်းမပေါ်တွင် ယာဉ်တိမ်းမှောက်မှုမှာ လမ်း၊ အသုံးပြုယာဉ်နှင့် ယာဉ်မောင်းတို့၏ အားနည်းချက်ကြောင့် ယာဉ်တိမ်းမှောက်မှုများဖြစ်ပါကြောင်း၊ အဓိကအားနည်းချက်မှာ လူ၏ ပေါ့ဆမှုကြောင့်ဖြစ်ပါကြောင်း၊ ယာဉ်မောင်းများ သတ်မှတ်မိုင်နှုန်းဖြင့်သာ မောင်းနှင်ရန် လိုကြောင်း၊ အဝေးပြေး ယာဉ်အားလုံးတွင် ယာဉ်မောင်းနှစ်ဦး အလှည့်ကျမောင်းနှင်ရန်လိုကြောင်း၊ အရက်သေစာသောက်စားခြင်းနှင့် လက်ကိုင်ဖုန်းများ ယာဉ်မောင်းနေစဉ် ကိုင်ဆောင်ခြင်းများ မပြုလုပ်ရန်လိုကြောင်း၊ လမ်းပေါ်တွင် မောင်းနှင်သည့် ဘတ်စ်ကားနှင့် ကိုယ်ပိုင်ယာဉ်များအား သက်တမ်းသတ်မှတ်ပေးရန်လိုကြောင်း၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် စစ်ဆေးရေးဂိတ်များ ချထား၍ စတင်ထွက်ခွာသည့်နေရာမှ ယာဉ်ပိုင်ရှင်အမည်၊ ယာဉ်မောင်းအမည်၊ ယာဉ်အမှတ်နှင့် စတင်ထွက်ခွာချိန်တို့ကို စနစ်တကျ စစ်ဆေးကြပ်မတ်ရန် လိုကြောင်း၊ ယာဉ်မောင်းလိုင်စင်ထုတ်ပေးရာတွင်လည်း ယာဉ်စည်းကမ်း လမ်းစည်းကမ်း နားလည်တတ်ကျွမ်းပြီး

ယာဉ်ကိုကောင်းမွန်စွာ ထိန်းသိမ်းမောင်းနှင်နိုင်သည့် ယာဉ်မောင်းကောင်းများကိုသာ စိစစ်ကြပ်မတ်၍ ထုတ်ပေးရန် ဖြစ်ကြောင်း၊ ဗဟိုကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းများကြီးကြပ်မှုကော်မတီ၏ ရည်ရွယ်ချက်များအတိုင်း ပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်သွားကြရန် လိုကြောင်းကို ရထားပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အကြိုညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးက ပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်က ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးနှင့်ပတ်သက်၍ လမ်းပိုင်းဆိုင်ရာ အားနည်းချက်များကို နည်းနိုင်သမျှနည်းအောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ၎င်းလမ်းပိုင်း၌ ယာဉ်အန္တရာယ်ဖြစ်ပေါ်မှုများသည် ယာဉ်မောင်းများမှ လမ်းနှင့် ယာဉ်တို့၏အခြေအနေကို ဆင်ဆင်ခြင်ခြင် ထိန်းထိန်းသိမ်းသိမ်းမောင်းနှင်မှုမရှိခြင်းတို့ကြောင့် ယာဉ်မတော်တဆမှု ဖြစ်ပါကြောင်း၊ လက်ရှိ နှစ်လမ်းသွားမှာ ၁၀၀ ကီလိုမီတာ ၆၀ မိုင်နှုန်းထက် ပိုမိုမမောင်းနှင်ပါက ယာဉ်တိမ်းမှောက်မှုအန္တရာယ်မရှိနိုင်ပါကြောင်း၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်မောင်းများ သတိပြုလိုက်နာဆောင်ရွက်ရန် မြန်မာဘာသာဖြင့်သာမက အင်္ဂလိပ်ဘာသာဖြင့် ဆိုင်းဘုတ်များကို လမ်းဘေးတွင် စိုက်ထူပေးထားလျက်ရှိပါကြောင်း၊ ညအချိန်တွင် တံတားရှည်များ၌ ယာဉ်အန္တရာယ်ကင်းရှင်းစေရန် Solar မီးများလည်း တပ်ဆင်ပေးထားပါကြောင်း၊ လမ်းဘေးဝဲ၊ ယာရှိ ကျေးရွာများအနီးတွင် ကျွဲ၊ နွား တိရစ္ဆာန်များ မဖြတ်သန်းနိုင်ရန် ခြံစည်းရိုးများကာရံပေးထားပါကြောင်း၊ လမ်းဘေးကျေးရွာများမှ ယာဉ်ငယ်များ အမြန်လမ်းမပေါ်သို့ ဥပဒေမဲ့ သွားရောက်နေမှုကို ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးချန်မောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ ယာဉ်အသင်းအဖွဲ့များမှ တာဝန်ခံပုဂ္ဂိုလ်များက အကြံပြုဆွေးနွေးတင်ပြပြီးနောက် ၎င်းတို့၏ အကြံပြုတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးက ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

(ရထားပို့ဆောင်ရေးဝန်ကြီးဌာန)

မြောက်ကိုရီးယား၏ ရန်စလှုံ့ဆော်မှုကိုဟန့်တားရန် တောင်ကိုရီးယားနှင့်အတူ အမေရိကန်ရပ်တည်မည်

ဆိုးလ်   ဧပြီ   ၂၅

အမေရိကန်သမ္မတ ဘာရက်အိုဘားမားသည် တောင်ကိုရီးယားနိုင်ငံ မြို့တော်ဆိုးလ်သို့ ဧပြီ ၂၅ ရက်တွင် ရောက်ရှိလာသည်။ မြောက်ကိုရီးယားနိုင်ငံ၏ ရန်စလှုံ့ဆော်မှုကို ဟန့်တားနိုင်ရန် အမေရိကန်ပြည်ထောင်စုက တောင်ကိုရီးယားနိုင်ငံနှင့်အတူ ရပ်တည်မည်ဖြစ်ကြောင်း အိုဘားမားကပြောကြားသည်။

ဧပြီ ၂၅ ရက်က ဆိုးလ်မြို့ တောင်ဘက်ရှိ လေတပ်စခန်းသို့ ရောက်ရှိလာသော သမ္မတ အိုဘားမားအား တွေ့ရစဉ်။

အိုဘားမားသည် ဂျပန်နိုင်ငံမှတစ်ဆင့် တောင်ကိုရီးယားနိုင်ငံသို့ ရောက်ရှိလာခဲ့သည်။

သမ္မတအိုဘားမားသည် တောင်ကိုရီးယား သမ္မတ ပါ့ခ်ကွမ်ဟေးနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

ရောက်ရှိလာ

မြောက်ကိုရီးယားနိုင်ငံက စတုတ္ထမြောက် နျူကလီးယား စမ်းသပ်မှုတစ်ရပ်ကို ပြုလုပ်ရန် စီစဉ်နေသည်ဟု ယူဆရချိန်အတွင်း တောင်ကိုရီးယားသို့ သမ္မတအိုဘားမား ရောက်ရှိလာခြင်းဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့် ရက်သတ္တပတ်က ကူးတို့သင်္ဘောနစ်မြုပ်မှုဖြစ်ပွားခဲ့ခြင်းနှင့် ပတ်သက်၍ မိမိဝမ်းနည်းမိကြောင်း အိုဘားမားက ပြောကြားသည်။

တောင်ကိုရီးယား ပင်လယ်ကမ်းရိုးတန်းကမ်းလွန်၌ ခရီးသည်တင် ကူးတို့သင်္ဘော နစ်မြုပ်ခဲ့မှုကြောင့် လူပေါင်း ၃၀၀ ကျော် သေဆုံး သို့မဟုတ် ပျောက်ဆုံးလျက်ရှိသည်။

သမ္မတအိုဘားမားသည် တောင်ကိုရီးယား အခြေစိုက် အမေရိကန်တပ်ဖွဲ့ထံ သွားရောက်၍ တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံရန်လည်း စီစဉ်ထားသည်။ ၎င်းသည် ဧပြီ ၂၆ ရက်တွင် မလေးရှားနိုင်ငံသို့ ဆက်လက်ထွက်ခွာမည်ဖြစ်သည်။

ပီတီအိုင်။

ယူကရိန်းအရှေ့ပိုင်း မတည်ငြိမ်စေရန် ရုရှားဖန်တီးဟု အမေရိကန်စွပ်စွဲ

ကိယက်   ဧပြီ   ၂၅

ယူကရိန်းနိုင်ငံ အရှေ့ပိုင်းတွင် မတည်မငြိမ်ဖြစ်စေရန် ရုရှားနိုင်ငံက ဖန်တီးလျက်ရှိသည်ဟု အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက စွပ်စွဲလိုက်ကြောင်း သောကြာနေ့ ဘီဘီစီ သတင်းတွင် ဖော်ပြသည်။

ပြင်းထန်သောစကားလုံးများဖြင့်ပြီးသော ၎င်း၏ ကြေညာချက်တွင် ပြဿနာလျော့ပါးသွားစေရေးအတွက် အကူအညီပေးရန် မော်စကိုအား တောင်းဆိုသကဲ့သို့ ဖြစ်မလာပါက စီးပွားရေး အရေးယူပိတ်ဆို့မှုများဖြင့် ထပ်မံရင်ဆိုင်ရမည်ဟု ဖော်ပြသည်။

ယူကရိန်းနိုင်ငံအရှေ့ပိုင်း၌ မော်စကိုလိုလားသော ခွဲထွက်ရေးသမားများကို ကိယက်က နှိမ်နင်းနေခြင်းအား ရပ်ဆိုင်းစေရန် ရုရှားနိုင်ငံကအမေရိကန်ပြည်ထောင်စုကို စောစောပိုင်းတွင် တောင်းဆိုခဲ့သည်။

ယင်းသို့နှိမ်နင်းမှုပေါ်ပေါက်လာပြီးနောက် ရုရှားနိုင်ငံက ၎င်း၏နယ်စပ်တွင် စစ်ရေးလေ့ကျင့်ခြင်းကို ထပ်မံပြုလုပ်ရန် အမိန့်ထုတ်ပြန်ခဲ့သည်။

ယူကရိန်းနိုင်ငံအရှေ့ပိုင်း၌ ဖြစ်ပျက်နေမှုများနှင့်ပတ်သက်၍ အမေရိကန်ပြည်ထောင်စုနှင့် ရုရှားနိုင်ငံတို့အကြား စကားစစ်ထိုးပွဲမြင့်တက်လာနေစဉ် နိုင်ငံခြားရေးဝန်ကြီးကယ်ရီက ယင်းသို့ ပြောကြားခြင်းဖြစ်သည်။

ရုရှားလိုလားသော ခွဲထွက်ရေးသမားများသည် ဗဟိုအစိုးရအား အာခံလျက် နိုင်ငံအရှေ့ပိုင်းမှ တစ်ဒါဇင်သော မြို့များရှိ အဓိကအဆောက်အအုံများကို သိမ်းပိုက်ထားခဲ့သည်။

ယူကရိန်းကြားဖြတ်အစိုးရသည် ပြဿနာလျော့ပါးသွားရေးအတွက် ဧပြီ ၁၇ရက် ဂျီနီဗာ သဘောတူညီချက်ကို လေးစားလိုက်နာကြသည်ဟုဆိုကာ ကယ်ရီကချီးကျူးစကားဆိုခဲ့ပြီး ရုရှားနိုင်ငံကမူ မတည်မငြိမ်ဖြစ်စေရန်လုပ်ဆောင်ခဲ့သည်ဟု စွပ်စွဲသည်။

ဂျီနီဗာ သဘောတူညီချက်တွင် အစိုးရအဆောက်အအုံများကို သိမ်းပိုက်ထားသူများ အပါအဝင် တရားမဝင်လက်နက်ကိုင်အုပ်စုများသည် ၎င်းတို့နေအိမ်သို့ ပြန်ကြရမည်ဟု ဖော်ပြပါရှိသည်။

ဘီဘီစီ။

ပျောက်ဆုံးလေယာဉ်ရှာဖွေမှု နှစ်ပေါင်းများစွာ ကြာမြင့်ဖွယ်

ပါ့သ်   ဧပြီ   ၂၅

ပျောက်ဆုံးနေသော မလေးရှားခရီးသည်တင်လေယာဉ် ရှာဖွေသည့်လုပ်ငန်းမှာ နှစ်ပေါင်းများစွာ ကြာမြင့်ဖွယ်ရှိကြောင်း အမေရိကန် ကာကွယ်ရေးဌာန တာဝန်ရှိသူတစ်ဦးက ဧပြီ ၂၅ ရက်တွင် ပြောကြားသည်။

ဩစတြေးလျနိုင်ငံ အနောက်ပိုင်းကမ်းလွန် ပင်လယ်၌ ပျောက်ဆုံးနေသော လေယာဉ်၏ အပျက်အစီးအပိုင်းအစများကို မောင်းသူမဲ့ ရေငုပ်သင်္ဘောတစ်စင်း အသုံးပြုရှာဖွေခဲ့သော်လည်း အောင်မြင်မှုမရခဲ့ပေ။

အမေရိကန်ရေတပ်မှ မောင်းသူမဲ့ရေငုပ်သင်္ဘောဖြင့် အိန္ဒိယသမုဒ္ဒရာအတွင်း ရက်သတ္တနှစ်ပတ်ကြာမျှ ပိုက်စိပ်တိုက်ရှာဖွေခဲ့သော်လည်း မည်သည့်အပျက်အစီး အပိုင်းအစကိုမျှ ရှာဖွေတွေ့ရှိခဲ့ခြင်းမရှိပေ။

မလေးရှားလေကြောင်းလိုင်းမှ ခရီးစဉ်အမှတ် အမ်အိတ်ချ် ၃၇၀ ပျံသန်းလာသော လေယာဉ်သည် မတ် ၈ရက်က ပျောက်ဆုံးသွားခဲ့သည်။

ဘလူးဖင်-၂၁ အမည်ရှိ မောင်းသူမဲ့ရေငုပ်သင်္ဘောသည် ဧပြီ ၂၅ ရက်တွင် ပင်လယ်ရေမျက်နှာပြင်အောက်၄ဒသမ၅ ကီလိုမီတာကျော် အနက်သို့ ၁၆ နာရီကြာမျှ ငုပ်လျှိုးကာ လေယာဉ်ပျက်ကို ပိုက်စိပ်တိုက်ရှာဖွေရန် စီစဉ်ထားသည်။ ဩစတြေးလျနိုင်ငံ ပါ့သ်မြို့ အနောက်မြောက်ဘက် ကီလိုမီတာ ၃၂၀၀ ခန့်အကွာ ပင်လယ်ရေအောက်ကြမ်းပြင်၏ ၁၀ စတုရန်းကီလိုမီတာ အကျယ်အဝန်းရှိ နယ်မြေအတွင်း မောင်းသူမဲ့ရေငုပ်သင်္ဘောက ပိုက်စိပ်တိုက်ရှာဖွေမည်ဖြစ်သည်။

ရိုက်တာ။

ပျောက်ဆုံးလေယာဉ်ကို မောင်းသူမဲ့ရေငုပ်သင်္ဘောဖြင့် ရှာဖွေရန် ပြင်ဆင်နေစဉ်။

ဗန်ကောက်ရှိ သတင်းစာတိုက်နှင့် တရားရုံးတို့အနီးလက်ပစ်ဗုံးများ ကျရောက်ပေါက်ကွဲ

ဗန်ကောက်   ဧပြီ   ၂၅

ထိုင်းနိုင်ငံ မြို့တော်ဗန်ကောက်ရှိ သတင်းစာတိုက်တစ်တိုက်၏ ရုံးချုပ်အဆောက်အအုံနှင့် တရားရုံးတစ်ရုံးတို့အနီး လက်ပစ်ဗုံးများ ကျရောက်ပေါက်ကွဲခဲ့ကြောင်း ရဲတပ်ဖွဲ့က ဧပြီ ၂၅ ရက်တွင် ပြောကြားသည်။

ဝန်ကြီးချုပ် ယင်လပ်ရှင်နာဝါထရာ၏ နိုင်ငံရေး ကံကြမ္မာနှင့် ပတ်သက်၍ တရားရုံးတစ်ရုံးက စီရင်ချက်တစ်ရပ်ချမှတ်ရန်ရှိနေပြီး နိုင်ငံရေးတင်းမာမှုမြင့်မားနေချိန်တွင် လက်ပစ်ဗုံး ပေါက်ကွဲမှုများဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

မြို့တော်ဗန်ကောက် မြောက်ဘက် လက်စီရပ်ကွက်ရှိ ဒေလီနယူးစ်အမည်ရှိ သတင်းစာတိုက်၏ရုံးချုပ်အဆောက်အအုံ အပြင်ဘက်၌ ဧပြီ ၂၄ ရက်ညက လက်ပစ်ဗုံးတစ်လုံး ကျရောက်ပေါက်ကွဲခဲ့ကြောင်း၊ ဗန်ကောက်မြို့မြောက်ဘက် ဆင်ခြေဖုံးဒေသရှိ တရားရုံးတစ်ရုံး၏ ဂိတ်ပေါက်အနီးတွင် ဒုတိယမြောက်လက်ပစ်ဗုံးတစ်လုံးကျရောက်ပေါက်ကွဲခဲ့ကြောင်း ရဲမှူးကြီးကမ်သွန်း အူချာရွန်းက ပြောကြားသည်။

မဆုံးဖြတ်နိုင်

အဆိုပါတရားရုံးအနီး၌ ဆန္ဒပြသူများ၏စခန်းတစ်ခုရှိနေသဖြင့် တရားရုံးကို ပစ်မှတ်ထားသည် သို့မဟုတ် ဆန္ဒပြသူများ၏ စခန်းကို ပစ်မှတ်ထားသည်ဟူ၍ အတိအကျ ဆုံးဖြတ်နိုင်ခြင်းမရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

တိုက်ခိုက်မှုနှစ်ရပ်တွင် အသုံးပြုသော ဗုံးအမျိုးအစားချင်းတူညီမှုရှိကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။ ဗုံးပေါက်ကွဲမှုများကြောင့် ထိခိုက်သူမရှိခဲ့ပေ။

ပီတီအိုင်။

အလက်ပိုမြို့ရှိ ဈေးတစ်ဈေးအား ဆီးရီးယားအစိုးရက လေကြောင်းမှ တိုက်

အလက်ပို   ဧပြီ   ၂၅

ဆီးရီးယားအစိုးရအား ဆန့်ကျင်တိုက်ခိုက်နေသည့် သူပုန်တပ်ဖွဲ့များက သိမ်းပိုက်ထားသော အလက်ပိုမြို့မှ ဈေးတစ်ဈေးကို ဧပြီ ၂၄ရက်တွင် ဆီးရီးယားအစိုးရက လေကြောင်းမှတိုက်ခိုက်ရာ လူ ၂၀ ကျော်သေဆုံးပြီး လူဒါဇင်များစွာ ထိခိုက်ဒဏ်ရာရခဲ့ကြောင်း သူပုန်အဖွဲ့က ပြောကြားသည်။

အလက်ပိုမြို့မြောက်ဘက် အတာရက်ဈေးကို ဆီးရီးယားအစိုးရက လေကြောင်းမှ တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ဆီးရီးယားနိုင်ငံတွင် ဖြစ်ပွားနေသည့် သုံးနှစ်ကြာ ပြည်တွင်းစစ်ပွဲတွင် ပြည်သူ ၁၅၀၀၀၀ခန့်သေဆုံးခဲ့ပြီးဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ထိန်းချုပ်ထားဆဲ

ဆီးရီးယားနိုင်ငံတွင် မကြာသေးမီတွင် အစိုးရတပ်ဖွဲ့များက စစ်ရေးအရ တိုက်ခိုက်မှုများပြုလုပ်ခဲ့သော်လည်း ယင်းနိုင်ငံ၏ ကြီးမားသော နယ်မြေအစိတ်အပိုင်းကို သူပုန်တပ်ဖွဲ့များက ထိန်းချုပ်ထားနိုင်ဆဲဖြစ်သည်။

အလက်ပိုမြို့မှ ဟင်းသီးဟင်းရွက်များ ရောင်းဝယ်ဖောက်ကားရာ ဈေးကို ဧပြီ ၂၄ ရက် နံနက်အစောပိုင်းက ဆီးရီးယားလေတပ်မှ တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း လန်ဒန်အခြေစိုက် ဆီးရီးယားလူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့က ပြောကြားသည်။ ဆီးရီးယားသူပုန်များနှင့် နီးစပ်မှုရှိသည့် ယင်းအဖွဲ့က သေဆုံးသူ ဦးရေမှာ ၂၇ ဦးဖြစ်ကြောင်း ပြောကြားသည်။

ဘီဘီစီ။

ဆီးရီးယားနိုင်ငံ အလက်ပိုမြို့ကို လေကြောင်းမှ တိုက်ခိုက်စဉ်။

ပြည်တွင်းရေးရာ

☆ **ရွှေဖုံးမှ**

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက က မြန်မာနိုင်ငံ၌ ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ဖြစ်ထွန်းလာရေး တည်ဆောက်အကောင်အထည်ဖော်နေမှု၊ ဒီမိုကရေစီစနစ်အရ လွှတ်တော်၊ အစိုးရအဖွဲ့နှင့် တရားရေးအဖွဲ့များ ဖွဲ့စည်းပေါ်ပေါက်လာမှု၊ နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးဖြစ်ထွန်းစေမည့် ဥပဒေများ ရေးဆွဲပြဋ္ဌာန်းနေမှု၊ ပြည်သူများ၏ ဆန္ဒအရ ပြည်သူ့ကိုယ်စားလှယ်များက ပြည်သူများ၏ လိုလားချက်များကို လွှတ်တော်အတွင်း ဆောင်ရွက်နေမှု၊ ပြည်ထောင်စုလွှတ်တော်၌ တည်ဆဲဥပဒေများကို လေ့လာသုံးသပ်ပြီး ပြင်ဆင်၊ ပယ်ဖျက်၊ အသစ်ပြဋ္ဌာန်းရန် စီစဉ်ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းမှာကြားသည်။

ထို့နောက် ကျိုက်ထိုမြို့နယ်၊ ဘီးလင်းမြို့နယ်၊ သထုံမြို့နယ်နှင့် ပေါင်မြို့နယ်တို့မှ လွှတ်တော်ကိုယ်စားလှယ်များ၊မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် မြို့မိမြို့ဖများဖြစ်ကြသော ဦးစံမြ၊ ဦးရွှေထွန်း၊ ဒေါ်အေးအေးမွန်၊ ဦးနိုင်ငွေအောင်၊ ဦးဝင်းနိုင်ဦး၊ ဦးအေးလွင်၊ ဦးဇော်နိုင်ဦး၊ ဦးချမ်းမြင့်၊ ဦးအောင်၊ ဒေါ်မိမိလှိုင်ချိုတို့က ဒေသဖွံ့ဖြိုးရေးနှင့် စပ်လျဉ်း၍ ကိစ္စရပ်များကို အကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က တင်ပြချက်များနှင့်စပ်လျဉ်း၍ ဖြည့်စွက်အကြံပြု ဆွေးနွေးတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုလွှတ်တော်နာယက က ပြန်လည်သုံးသပ်ဆွေးနွေးပြီး ပေါင်းစပ်ညှိနှိုင်းပေးကာ နိဂုံးချုပ် အမှာစကားပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုလွှတ်တော်နာယကသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် မော်လမြိုင်မြို့သို့ ရောက်ရှိကြသည်။

ပြည်ထောင်စုလွှတ်တော်နာယကသည် မွန်းလွဲပိုင်းတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ မွန်ပြည်နယ် မော်လမြိုင်ခရိုင်အတွင်းရှိ မြို့နယ်များမှ စီမံခန့်ခွဲရေးကော်မတီများ၊ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများ၊ စည်ပင်သာယာရေးကော်မတီများ၊ နိုင်ငံရေးပါတီများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံအမှာစကားပြောကြားသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက က မွန်ပြည်နယ် မော်လမြိုင်မြို့သို့ လာရောက်ရခြင်း ရည်ရွယ်ချက်၊ ပြည်ထောင်စုလွှတ်တော်၌ တည်ဆဲဥပဒေများ ပြင်ဆင်၊ ပယ်ဖျက်၊ ပြဋ္ဌာန်းမှုနှင့် အသစ်ရေးဆွဲရန် ဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံ၌ ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးလာနိုင်မှု၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာမှုအခြေအနေနှင့် ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းမှာကြားသည်။

ထို့နောက် မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကျင်ဖေက မွန်ပြည်နယ်၏ ဒေသဆိုင်ရာအချက်အလက်များနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မော်လမြိုင်မြို့နယ်၊ ချောင်းဆုံမြို့နယ်၊ ကျိုက်မရောမြို့နယ်၊ မုဒုံမြို့နယ်၊ သံဖြူဇရပ်မြို့နယ်နှင့် ရေးမြို့နယ်တို့မှ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် မြို့မိမြို့ဖများဖြစ်ကြသော ဦးနိုင်တင့်ခိုင်၊ ဒေါ်မိအေးစံ၊ ဦးနိုင်စံလွင်၊ ဦးစံသောင်း၊ ဦးဇော်ထွန်းတို့က ဒေသဖွံ့ဖြိုးရေးနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို အကြံပြုဆွေးနွေး တင်ပြကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က တင်ပြချက်များနှင့် စပ်လျဉ်း၍ ဖြည့်စွက်အကြံပြု ဆွေးနွေးတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုလွှတ်တော်နာယက က ပြန်လည်သုံးသပ်ဆွေးနွေးပြီး ပေါင်းစပ်ညှိနှိုင်းပေးကာ နိဂုံးချုပ်အမှာစကားပြောကြားသည်။

ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း သထုံခရိုင်အတွင်းရှိ မြို့နယ်များမှ စီမံခန့်ခွဲရေးကော်မတီများ၊ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီများ၊ စည်ပင်သာယာရေးကော်မတီများ၊ နိုင်ငံရေးပါတီများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။(သတင်းစဉ်)

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုလွှတ်တော်နာယကသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ယနေ့ ခရီးစဉ်အတွင်း သထုံမြို့နှင့် မော်လမြိုင်မြို့တို့၌ကျင်းပသည့် တွေ့ဆုံပွဲများတွင် ပြည်ထောင်စုလွှတ်တော်နာယက က ယခုအခါ မိမိတို့နိုင်ငံကို ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးပြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံဖြစ်ပေါ်လာအောင် ကြိုးပမ်းတည်ဆောက်လျက်ရှိပါကြောင်း၊ တစ်နည်းအားဖြင့် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးကို ဆောင်ရွက်နေသည့် အချိန်ကာလပင် ဖြစ်ကြောင်း။

မိမိတို့လွှတ်တော်များသည် ပြည်သူများလိုက်နာဆောင်ရွက်ရမည့် ဥပဒေများ ပြဋ္ဌာန်းပေးလျက်ရှိပါကြောင်း၊ ပြဋ္ဌာန်းလိုက်သည့်ဥပဒေများကို အုပ်ချုပ်ရေးအဖွဲ့အစည်းအပါအဝင် ပြည်သူများ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယင်းသို့ မဆောင်ရွက်နိုင်လျှင် ပြုပြင်ပြောင်းလဲမှု လုပ်နိုင်မည်မဟုတ်ပါကြောင်း၊ ယနေ့ခေတ်၊ ယနေ့ အခြေအနေနှင့် လိုက်လျောညီထွေဖြစ်ရန် ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ရခြင်းဖြစ်ကြောင်း။

လွှတ်တော်၏ ဆောင်ပုဒ်နှင့်အညီ ပြည်သူ့လိုအပ်ချက်များကို လွှတ်တော်အတွင်း၌ မေးခွန်းများ မေးမြန်းခြင်း၊အဆိုများ တင်သွင်းခြင်း၊ ဥပဒေကြမ်းတင်သွင်းခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုကဲ့သို့ လွှတ်တော်များရပ်နားထားချိန်တွင် လွှတ်တော်ဥက္ကဋ္ဌတစ်ဦးအနေဖြင့် နယ်မြေဒေသများသို့ ကွင်းဆင်းပြီး ပြည်သူများနှင့် တွေ့ဆုံဆွေးနွေးခြင်းဖြင့် အခြေအနေမှန်ကို ကြားသိနိုင်မည်ဖြစ်ကြောင်း။

လွှတ်တော်အတွင်း မေးခွန်းများမေးမြန်းခြင်းသည် ပြည့်စုံကောင်းမွန်မှသာ ပြည့်စုံမည် ဖြစ်ပါကြောင်း၊ မေးခွန်းများ မေးမြန်းရာတွင် အချိန်အကန့်အသတ်ရှိသကဲ့သို့ ပြည်သူများ၏ဆန္ဒအမှန်ဖြစ်မည်ဟု တစ်ထစ်ချမယူဆနိုင်ပါကြောင်း၊ ယခုကဲ့သို့ ပြည်သူများနှင့် တွေ့ဆုံမှုများသည်သာ လွှတ်တော်၌ မတင်ပြနိုင်သည်များကို ကြားသိနိုင်မည်ဖြစ်ကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များမတင်ပြနိုင်သည့် အချက်များကို ထိုက်သင့်သည့်အခြေအနေ၌ ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊လွှတ်တော်များရပ်နားစဉ်ကာလ၌ ပြည်သူများထံသွားရောက်၍ ပြည်သူ့ဆန္ဒများနှင့်အညီ ဆောင်ရွက်ပေးနိုင်ရန် လာရောက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်းဖြင့် ဒေသအကျိုး၊ တိုင်းပြည်အကျိုးအတွက် တင်ပြပေးရန် ဖိတ်ခေါ်ပါကြောင်းဖြင့် ပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲများသို့ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကျင်ဖေ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

အသိပေးနှိုးဆော်ချက်

ရန်ကုန်မြို့တော်အတွင်း၌ လူရှင်းသည့်ညပိုင်းအချိန်များတွင် မော်တော်ယာဉ်များအနေဖြင့် စည်းကမ်းမဲ့ပြိုင်မောင်းခြင်း၊ လုမောင်းခြင်း၊ အရှိန်ပြင်းစွာ မောင်းနှင်ခြင်း၊ အခြားယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်ခြင်းများကြောင့် ယာဉ်မတော်တဆမှုများ ပိုမိုဖြစ်ပွားလာကြောင်း တွေ့ရှိရပါသည်။

ထို့အပြင် ညပိုင်းတွင်ပါဝါအိပ်ဇောများဖြင့် ဆူညံစွာမောင်းနှင်ခြင်းကြောင့် မြို့တော်နေပြည်သူများအနေဖြင့်လည်း စိတ်အနှောင့်အယှက်ဖြစ်ကြရပါသည်။ ၁၉၈၉ ခုနှစ် မော်တော်ယာဉ်နည်းဥပဒေ ၁၄၃(က)တွင် မြို့တွင်း တစ်နာရီ (၄၈ ကီလိုမီတာ) ၃၀ မိုင်နှုန်းထက်ပို၍ မောင်းနှင်ခြင်းမပြုရန် ပြဋ္ဌာန်းထားပြီးလည်းဖြစ်ပါသည်။

သို့ပါ၍ မော်တော်ယာဉ်မောင်းနှင်သူများအနေဖြင့် သတ်မှတ်စည်းကမ်းနှင့်အညီ မောင်းနှင်ကြပါရန်နှင့် လိုက်နာခြင်းမရှိပါက ၁၉၆၄ ခုနှစ် မော်တော်ယာဉ် ယာဉ်ဥပဒေဖြင့် ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

မိုးရေချိန်စံချိန်သစ်

နေပြည်တော် ဧပြီ ၂၅

၂၀၁၄ ခုနှစ် ဧပြီ ၂၅ ရက်တွင် ပြင်ဦးလွင်မြို့၌ ရွာသွန်းခဲ့သော မိုးရေချိန် ၂ ဒသမ ၅၅ လက်မ(၆၅ မီလီမီတာ)သည် လွန်ခဲ့သော နှစ်ပေါင်း ၂၃ နှစ်အတွင်း ရွာသွန်းခဲ့သော ပြင်ဦးလွင်မြို့၏ မိုးရေချိန်စံချိန်သစ်ဖြစ်သည်။ ယခင် စံချိန်ဟောင်းမှာ ၂ ဒသမ ၅၂ လက်မဖြစ်သည်။ **(ကြေးမုံ)**

ဥတုရာသီ
တောကိုမှီ၏

စီထွာ ခစ်ရျစ်တာယ်ကတ္တား ရုံးချုပ်နေရာပြောင်းရွှေ့ဖွင့်လှစ်မည်ဖြစ်ကြောင်း အသိပေးခြင်း

ရုံးသစ်လိပ်စာ-အမှတ်(၂၉)၊ ရွှေပိတောက်ရိပ်မွန်အိမ်ရာ ရေကြောင်းသိပ္ပံကျောင်းရှေ့၊ ဘုရင့်နောင်လမ်းမကြီး ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

မိတ်ဟောင်း၊ မိတ်သစ်များ အားအသိပေးကြေညာအပ်ပါသည်။

Ph: 09 73135270, 09 73145270, 09 73242475, 09 73242476
09 73016730, 09 73901925

လူရည်ချွန်စီမံကိန်း

ဒေါက်တာသန်းဝင်း

၁၉၆၆ သတ္တမတန်းကျောင်းသားတစ်ဦးနှင့်လူရည်ချွန်အဖွဲ့

ဘက်စုံပညာထူးချွန်လူငယ်စီမံကိန်း ၂၀၁၄ ကို ကြိုဆိုလျက် တစ်ချိန်က လူရည်ချွန်စီမံကိန်းအမှတ်တရ ရေးသားလိုက်ပါသည်။ ပညာရေးဌာနသည် လူရည်ချွန်စီမံကိန်းကို ၁၉၆၄ ခုနှစ်တွင်စတင်ခဲ့ပြီး (၂၅)ကြိမ်မြောက်ဖြစ်သော ၁၉၈၈ တွင် နောက်ဆုံးဆောင်ရွက်ခဲ့ရာ ၂၀၁၄ ခုနှစ်တွင် လူရည်ချွန်စီမံကိန်း စတင်မွေးဖွားခြင်း ရွှေရတု နှစ်(၅၀)ပြည့်ပြီဖြစ်ပါသည်။ လူရည်ချွန်စုစုပေါင်း ၇၉၀၈ ဦး ရွေးချယ်ခဲ့ပြီး တစ်ကြိမ်မက အရွေးခံရသူများ စိစစ်ရေတွက်ပြီးနောက် လူရည်ချွန်အရေအတွက်မှာ ၅၁၅၈ ဦးဖြစ်သည်။ လွန်ခဲ့သောနှစ် လေးငါး ဆယ်အချိန်က လူရည်ချွန်ဖြစ်ခဲ့သော ကျောင်းသားလူငယ်များအပေါ် လူရည် ချွန်စီမံကိန်းသည် များစွာအကျိုးသက်ရောက်လွှမ်းမိုးခဲ့ပါသည်။ အစောပိုင်း လူရည်ချွန်များသည် နိုင်ငံ့တာဝန်မှသက်ပြည့်အငြိမ်းစားယူပြီးဖြစ်ကြကာ အငယ်ဆုံးများပင် အသက် (၄၀)ကျော်ကြပါပြီ။

လူရည်ချွန် ၁၉၆၄-၈၈ အဖွဲ့ကို အဖွဲ့ဝင် ၇၀၀ ကျော်ဖြင့် ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၅ ရက်နေ့ ရွှေရတုအကြိုတွေ့ဆုံပွဲတွင် အမှုဆောင်များအား အများဆန္ဒမဲဖြင့် ရွေးချယ်ကာဖွဲ့စည်းနိုင်ခဲ့ပါပြီ။

လူရည်ချွန်စီမံကိန်း၏ ရည်ရွယ်ချက်များမှာ ကျောင်းသား ကျောင်းသူများထဲမှ ပညာထူးချွန်သူများပေါ်ထွက်စေရန်၊ ပညာရေးလက်တွေ့ဖွံ့ဖြိုးမှု လုပ်ငန်းများတွင် တက်ကြွစွာပါဝင်စေရန်၊ ဗဟုသုတရှာဖွေသော အလေ့ အကျင့် ထွန်းကားစေရန်၊ အားကစားနှင့် ကိုယ်လက်ကြံ့ခိုင်ရေး ကျယ်ပြန့်စွာ လှုပ်ရှားစေရန်နှင့် စံနမူနာပြကျောင်းသားများဖြစ်စေရန် ဖြစ်ပါသည်။

လူရည်ချွန်စီမံကိန်းကို ပညာရေးဌာနက အကောင်အထည်ဖော်ဆောင် ရွက်ခဲ့ရာ ၁၉၆၄ တွင် ခရိုင်အလိုက် ၇၊ ၈၊ ၉၊ ၁၀ တန်းများမှ တစ်ဦးစီ ရွေးချယ်ပြီး ၁၉၆၅ မှစ၍ တက္ကသိုလ်၊ ကောလိပ်သိပ္ပံများမှပါရွေးချယ်ခဲ့ပါ သည်။ အထက်တန်းကျောင်းများမှ လူရည်ချွန်ရွေးချယ်ရာတွင် အတန်း တစ်တန်းမှ တစ်ဦးစီကို စာမေးပွဲရမှတ်အပြင် ကျောင်းကောင်စီ၊ အားကစား၊ ပညာရေး လက်တွေ့ဖွံ့ဖြိုးမှုလုပ်ငန်း၊ အသင်းအဖွဲ့များတွင် ပါဝင်မှုများကို အမှတ်ပေးပြီး ရွေးချယ်ကာ မြို့နယ်အဆင့်တွင် ယှဉ်ပြိုင်ရပါသည်။ မြန်မာစာ၊ သင်္ချာနှင့် အထွေထွေဗဟုသုတတို့ကို ရေးဖြေစစ်ဆေးကာ ၁၉၆၉ မှစ၍ ကြံ့ခိုင်စွမ်းရည်အတွက် တာတို၊ တာလတ် အပြေး၊ သံလုံးပစ်၊ အလျားခုန် အိပ်ထမတင် စသည်ကို သတ်မှတ်စံမီ၊ မမီ လက်တွေ့စစ်ပါသည်။ ကိုယ်ရည်ကိုယ်သွေး၊ သွက်လက်မှု၊ မိမိကိုယ်ကိုယုံကြည်မှု၊ အထွေထွေ ဗဟုသုတစသည်တို့ လူတွေ့နှုတ်ဖြေဖြင့် အကဲဖြတ်ပါသည်။ မြို့နယ်မှ ရွေးချယ်လိုက်သူများသည် ခရိုင်အဆင့်တွင် အလားတူ ဆက်လက်ယှဉ်ပြိုင်ရပြီး ခရိုင်အလိုက် အတန်းတစ်တန်းအတွက် တစ်ဦးကိုသာ လူရည်ချွန်အဖြစ် ရွေးချယ်ပါသည်။

၁၉၆၆ သတ္တမတန်း လူရည်ချွန်

တတိယအကြိမ် လူရည်ချွန်စီမံကိန်း ၁၉၆၆ ခုနှစ်တွင် မန္တလေးခရိုင် သတ္တမတန်း လူရည်ချွန်အဖြစ် စတင်ရွေးချယ်ခံရပြီး အင်းလေးခေါင်တိုင် စခန်းနှင့် ရန်ကုန်စုပေါင်းစခန်းတို့တွင် ဧပြီတစ်လလုံးလိုက်ပါသွားရောက် ခွင့်ရခဲ့သည်။ မြန်မာပြည်အထက်ပိုင်းမှ လူရည်ချွန်များ မိတ္ထီလာအထက-၃ စုရပ်စခန်းတွင် သတင်းပို့ကြရပြီး ကိုယ်တိုင်းနှင့် ချုပ်ထားသော တူညီဝတ်စုံ နှစ်စုံ၊ ဦးထုပ်၊ လည်စည်း၊ ဖိနပ်၊ အားကစားအနွေးထည်ဝတ်စုံများ ထုတ်ယူကြ ရသည်။ ရန်ကုန်မှ မီးရထားနှင့်လာကြသော မြန်မာပြည်အောက်ပိုင်းမှ လူရည်ချွန်များနှင့် သာစည်တွင်ပေါင်းဆုံပြီး ရွှေညောင်အထိ မီးရထားခရီး ဆက်ကာ ရွှေညောင်မှတစ်ဆင့် ကုန်းလမ်းပို့ဆောင်ရေးမှ ဟီးနိုးထရပ်ကားများ ဖြင့် အင်းလေးကန်အနောက်ဘက်ကမ်း ခေါင်တိုင်လူရည်ချွန်စခန်းသို့ ရောက်ရှိကြသည်။

ကြီးကြပ်ဆရာ ဆရာမများက လူရည်ချွန်များကို အများရှေ့တွင် ပြောရဲ ဆိုရဲရှိရန်၊ အချင်းချင်းမောင်နှမများကဲ့သို့ သဘောထားနေထိုင်တတ်စေရန် ခရီးစဉ်အစကတည်းက လမ်းညွှန်သင်ကြားပေးကြသည်။ လူရည်ချွန်စခန်းတွင် တပ်စိတ်တပ်စု တပ်ခွဲပုံစံဖွဲ့စည်းပေးပြီး အဖွဲ့စိတ်မှူး၊ စုမှူး၊ ခွဲမှူး၊ တာဝန် ယူကြရသည်။ ကာယလေ့ကျင့်ခန်းနှင့် စစ်ရေးပြကို နေ့စဉ်သင်ကြားလေ့ကျင့် ပေးပြီး အဖွဲ့လိုက် စည်းစနစ်တကျ သွားလာလှုပ်ရှားလုပ်ကိုင်တတ်စေသည်။ လေ့လာရေးခရီးအဖြစ် အင်းထဲသို့ မော်တော်များနှင့်သွားရသလို ဗထူးတပ်မြို့၊ ပင်းတယ၊ တောင်ကြီး၊ လွိုင်ကော်စသည့် မြို့များသို့ ဟီးနိုးထရပ်ကားများဖြင့် သွားကြရသည်။ သတ်မှတ်ချိန်အတိုင်း လိုက်နာလုပ်ကိုင်တတ်ခြင်း၊ အဖွဲ့လိုက် ခရီးသွားရာတွင် တန်းစီလူစစ်သည်မှအစ တာဝန်ယူတတ်ခြင်း၊ အများနှင့် စုပေါင်းပြီး အိပ်ရာလိပ်သေတ္တာ၊ ကျောပိုးအိတ်များစုပေါင်းလက်ဆင့်ကမ်း သယ်ယူခြင်း၊ စားသောက်ဆောင်တွင် ထမင်း၊ ဟင်းအလှည့်ကျ ခူးခပ်ပေးဝေ ရခြင်း စသော စုပေါင်းနေထိုင်လုပ်ကိုင်တတ်သော အလေ့အကျင့်များရခဲ့သည်။

လူရည်ချွန်စခန်း အစီအစဉ်များတွင် ဟောပြောဆွေးနွေးပွဲများ၊ ဒေသ ဝန်းကျင် ဘုရားပုထိုးများ၊ ရပ်ရွာဓလေ့နှင့်လုပ်ငန်း၊ စက်ရုံအလုပ်ရုံ၊ ဆည် မြောင်း ရေကာတာစသည့်လေ့လာရေးခရီးများ၊ လူငယ်သီချင်းများ သင်ကြား လေ့ကျင့်စုပေါင်းသီဆိုခြင်း၊ တိုင်းရင်းသားနှင့်ဒေသဆိုင်ရာ အဆိုအကများ စခန်းပဒေသာကပွဲတို့တွင် တင်ဆက်ခြင်း၊ ရုပ်ရှင်ဇာတ်ကားပြသပြီး နောက်နေ့ တွင် ဝေဖန်ဆွေးနွေးရခြင်း၊ အားကစားပြိုင်ပွဲများ စသည်တို့ ပါဝင်ပါ သည်။

ဝိဇ္ဇာ/သိပ္ပံဘာသာရပ်တို့၏အခြေခံ သဘောတရားများလက်တွေ့ဘဝနှင့် ဆက်စပ်မှုများကို တက္ကသိုလ်မှ ပါမောက္ခများ၊ စာရေးဆရာကြီးများက ပို့ချ ဟောပြောကာ ပညာရပ်များကို မိတ်ဆက်ပေးပါသည်။ လွတ်လပ်ရေး ကြိုးပမ်းမှု သမိုင်းကဲ့သို့သော အကြောင်းအရာများကို ကိုယ်တိုင်ပါဝင်ခဲ့သူ ပုဂ္ဂိုလ်များက လာရောက်ဟောပြောပါသည်။ လူငယ်များအနေဖြင့် ပညာရပ်တို့၏ အခြေခံ သဘောတရား၊ လက်တွေ့တွင် အသုံးချမှုတို့ကို မိတ်ဆက်သိမြင်ရပါသည်။

မြန်မာ့လက်ရွေးစင်အားကစားသမားများ၊ ဘောလုံးလက်ရွေးစင်များ၊ နိုင်ငံကျော် ရုပ်ရှင်ဂီတအနုပညာရှင်များနှင့်လည်း ရန်ကုန်စုပေါင်းစခန်း၌ တွေ့ဆုံကြရပါသည်။ နိုင်ငံ့အကြီးအကဲ၊ ပညာရေးဌာနတာဝန်ခံ (ဝန်ကြီး)၊ ယဉ်ကျေးမှုဌာနတာဝန်ခံတို့က ညစာစားပွဲတို့ဖြင့် ဂုဏ်ပြုပါသည်။ အရေး ပါသော ပုဂ္ဂိုလ်များ၊ နိုင်ငံကျော်သူများနှင့်တွေ့ဆုံရသဖြင့် မိမိကိုယ်ကိုယုံကြည် မှုရှိလာခြင်း၊ ပြောရဲဆိုရဲလူတောတိုးရဲလာခြင်း၊ အားကျကာကြိုးစားလိုစိတ်များ တိုးပွားလာခြင်းစသော အကျိုးကျေးဇူးများရရှိခဲ့ပါသည်။

လေ့လာရေးအစီအစဉ်များတွင် အင်းလေးတစ်ခွင် ဖောင်တော်ဦးဘုရားနှင့် ဘုန်းတော်ကြီးကျောင်းများ၊ ရိုးရာယဉ်ကျေးမှုများ၊ ဒေသထွက်ကုန်လုပ်ငန်းများ၊ ဗထူးမြို့နှင့် တပ်မတော်သင်တန်းကျောင်းများ၊ ပင်းတယ၊ တောင်ကြီး၊ ဘော်ဆိုင်း၊ နမ္မတူ သတ္တုတွင်း၊ ငွေတောင်ဆည်၊ လောပိတ၊ လွိုင်ကော်စသည့် နေရာအစုံ ရောက်ရှိခဲ့ပါသည်။ ရန်ကုန်စခန်းအစီအစဉ်တွင်လည်း ရွှေတိဂုံဘုရား၊ အာဇာနည်ဗိမာန်၊ ပြတိုက်များ၊ မြန်မာ့အသံ၊ ဆိပ်ကြီးရေတပ်နှင့် လေ့ကျင့် ရေးကျောင်း၊ သံလျင်ရေနံချက်စက်ရုံ၊မြန်မာ့ဆေးဝါးစက်ရုံ စသည့်နေရာများ သို့ လေ့လာခွင့်ရခဲ့သည်။ အဆိုပါ အစီအစဉ်များကြောင့် စာတွေ့ဗဟုသုတ ကြားဖူးသိဖူးခဲ့သည်များ၊ အသစ်အဆန်းများ၊ အားကျဖွယ်များကို ကိုယ်တိုင် တွေ့မြင်သိရှိခဲ့ရသည်။

လူရည်ချွန်စခန်းတွင် ဒေသစုံ၊ ကျောင်းပေါင်းစုံ၊ တိုင်းရင်းသားလူမျိုးစုံတို့ စုပေါင်းကာ အတူသွားလာနေထိုင် လှုပ်ရှားခဲ့ကြရာ မောင်နှမရင်းချာများပမာ ရင်းနှီးချစ်ခင်မှုများရရှိခဲ့ကြသည်။ မိမိတို့ဒေသများသို့ ပြန်ရောက်ကြပြီးနောက် လည်း စာဖြင့်ဆက်သွယ်ကာ အကြီးများကအငယ်များကို စာပေလေ့လာသင်ယူမှု တွင် ကူညီအကြံပေးစောင့်ရှောက်ကြသည်။ အများနှင့်အသင်းအဖွဲ့တွင် ပါ ဝင်လုပ်ကိုင်လှုပ်ရှားသောအလေ့အကျင့်၊ အများအကျိုးဆောင် ကိုယ့်အကျိုး အောင်၊ လုပ်အားတန်ဖိုး ချစ်မြတ်နိုး စသောခံယူချက်၊ ပတ်ဝန်းကျင်နှင့်အရာရာကို သတိအမှတ်ပြုကာ စူးစမ်းလေ့လာလိုစိတ်၊ နိုင်ငံ၏အရေးကိစ္စများကို စိတ်ဝင် စားမှု စသော ကိုယ်ရည်ကိုယ်သွေးများရှိခဲ့ကြသည်။ နောက်နှစ်များတွင်လည်း လူရည်ချွန်အရွေးခံရရန် ကြိုးစားအားထုတ်ကြသည်။ အသက်(၁၂)နှစ်အရွယ် ကလေးဘဝမှ လူငယ်ဘဝသို့အကူးအပြောင်း သတ္တမတန်း လူရည်ချွန် ကျောင်းသားတစ်ဦးအဖို့ စုစုပေါင်းငါးကြိမ် လူရည်ချွန်ဖြစ်ရန် စိတ်ဆန္ဒ တွန်းအားများရရှိသည်သာမက အဆင့်ဆင့်ဖြတ်သန်းခဲ့သော ဘွဲ့ကြိုဘွဲ့လွန် ပညာရေးခရီး၊ လုပ်ငန်းခွင်ခရီး၊ လူမှုရေးခရီးတို့အတွက် အပေါင်းလက္ခဏာ ဆောင်သော လွှမ်းမိုးမှုများရခဲ့ပါသည်။

လူရည်ချွန် (၁၉၆၄-၈၈)အဖွဲ့

လူရည်ချွန် (၁၉၆၄-၈၈)အဖွဲ့သည် လူရည်ချွန်သူငယ်ချင်းနှစ်ဦးက ၂၀၀၉ ခုနှစ်တွင် အင်တာနက်ပေါ်တွင် လူမှုကွန်ရက် facebook group ဖွဲ့ကာ ဆက်သွယ်ပါဝင်လာသော လူရည်ချွန်များက ငယ်စဉ်လူရည်ချွန်စခန်းတို့ မှ အမှတ်တရဓာတ်ပုံများအတွေ့အကြုံများဖလှယ်ကြရာမှ စတင်ခဲ့သည်။ လူရည်ချွန်အရွေးခံရသော နှစ်၊ အသက်အရွယ်၊ အတန်း၊ အလုပ်အကိုင်၊ ဒေသအစုံမှ လူရည်ချွန်တို့ online ပေါ်တွင် ပြန်လည်ဆုံစည်းကြပါသည်။ နှစ်အလိုက် လူရည်ချွန်စာရင်း မှုရင်းမှတ်တမ်းများကို အချင်းချင်းဆက်သွယ် စုံစမ်းမှု၊ လူကိုယ်တိုင်အားထုတ်မှုဖြင့် ပညာတန်ဆောင် စာကြည့်တိုက်မှရရှိကာ အင်တာနက်ပေါ်လွှင့်တင်ပြီး အဆက်အသွယ်များပိုမိုရရှိခဲ့ကြသည်။ စာရင်း များကို ကွန်ပျူတာပုံစံဖြည့်သွင်းခြင်း၊ အက္ခရာစဉ်၊ နှစ်အစဉ် စသည့် စိတ်ဖြာ ခွဲခြားခြင်း အလုပ်များကို အင်တာနက်ပေါ်တွင် ဝိုင်းဝန်းလုပ်ဆောင်ကြ သည်။ ၂၀၁၃ ခု ဇူလိုင်တွင် online မိတ်ဆွေလူရည်ချွန် ၁၄ ဦးတို့ ပြင်ပတွင် တွေ့ဆုံဖြစ်ကြပြီးနောက် လစဉ်ပထမအပတ် တနင်္ဂနွေနေ့တိုင်း လူရည်ချွန် တွေ့ဆုံပွဲများဖြစ်ပေါ်လာခဲ့သည်။ လစဉ်တွေ့ဆုံပွဲများတွင် တက်ရောက်သူများ ရာဂဏန်းကျော်လာကာ အချိန်ပေးနိုင်၊ အားစိုက်နိုင်သူတို့ဖြင့် ယာယီလုပ်ငန်း ကော်မတီ ဖွဲ့ခဲ့သည်။ လူရည်ချွန်တစ်ဦးချင်း၏ လက်ရှိအချက်အလက်များကို စုစည်းခဲ့ရာ ၇၀၀ ကျော် ဆက်သွယ်ရရှိပြီးဖြစ်သည်။ လူရည်ချွန်စီမံကိန်း စတင်ခြင်း နှစ် ၅၀ အထိမ်းအမှတ်ကျင်းပရန် ဦးတည်ချက်ထားခဲ့ပြီး ယာယီ

> လူရည်ချွန်စီမံကိန်း၏ ရည်ရွယ်ချက်များမှာ ကျောင်းသား ကျောင်းသူများထဲမှ ပညာထူးချွန်သူများ ပေါ်ထွက်စေရန်၊ ပညာရေးလက်တွေ့ ဖွံ့ဖြိုးမှုလုပ်ငန်း များတွင် တက်ကြွစွာပါဝင်စေရန်၊ ဗဟုသုတရှာဖွေသော အလေ့အကျင့် ထွန်းကားစေရန်၊ အားကစားနှင့် ကိုယ်လက်ကြံ့ခိုင်ရေး ကျယ်ပြန့်စွာ လှုပ်ရှားစေရန်နှင့် စံနမူနာပြကျောင်းသားများဖြစ်စေရန် ဖြစ်ပါသည်။

လုပ်ငန်းကော်မတီအနေဖြင့် လူရည်ချွန်များထံမှ ရန်ပုံငွေစတင်စုဆောင်းခြင်း၊ သတင်းပုံနှိပ်နှင့် အင်တာနက်မီဒီယာတို့မှ ကြေညာစည်းရုံးခြင်း၊ လူရည်ချွန် များစုစည်းထားသော အဖွဲ့အစည်းတစ်ခုအဖြစ် ဖွဲ့စည်းရန်နှင့် ရှေ့လုပ်ငန်းစဉ် များ လျာထားဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။ ရွှေရတုအကြို လူရည်ချွန်တွေ့ဆုံပွဲနှင့် ညစာစားပွဲကိုတက်ရောက်သူ ၅၀၀ ကျော်ဖြင့် ရန်ကုန်စုပေါင်းလူရည်ချွန်စခန်း အစိတ်အပိုင်းဖြစ်ခဲ့သော ဆေးတက္ကသိုလ် (၁) ပြည်လမ်းတွင် အောင်မြင်ပျော်ရွှင်စွာကျင်းပနိုင်ခဲ့ပါသည်။

လွန်ခဲ့သော နှစ်လေးငါးဆယ်က လူရည်ချွန်ကျောင်းသားကျောင်းသူ များသည် ယခုအချိန်တွင် ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ စက်မှု၊ စိုက်ပျိုးရေး၊ ရေကြောင်း၊ လေကြောင်း၊ တပ်မတော် စသည်တွင် တာဝန်ထမ်း ဆောင်သူများ၊ သံဃာတော်များ၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ များ၊ စာပေပညာရှင်များ၊ စာပေနှင့်သတင်းမီဒီယာလုပ်ငန်းရှင်များ စသည် ဖြင့် နေရာအစုံထောင့်အစုံတွင် ရောက်ရှိနေကြပါပြီ။ နိုင်ငံရေးနယ်ပယ်တွင် ယုံကြည်ရာ ပါတီပေါင်းစုံတွင် ဦးဆောင်လှုပ်ရှားနေသူများ၊ ပြည်ထောင်စု အဆင့်နှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့် အာဏာပိုင်အဖွဲ့ဝင်များရှိသလို နိုင်ငံရေးလှုပ်ရှားမှုများတွင် တက်ကြွပါဝင်သူများလည်းရှိပါသည်။ မည်သည့် နေရာ၊ မည်သည့်အဆင့်တွင်ရောက်နေသည် ဖြစ်စေ၊ လူရည်ချွန်မောင်ရင်းနှမ မိသားစု စိတ်ဓာတ်ကြောင့်နှစ်ပေါင်းများစွာ ပြန့်ကျဲနေသော လူရည်ချွန်များ လပိုင်းအတွင်း ပြန်လည်စုစည်းနိုင်ကြပါသည်။ ကျောင်းသားဘဝက မိမိတို့ကို ချီးမြှောက်ခဲ့သော အမိမြန်မာနိုင်ငံအတွက် လူရည်ချွန်သားသမီးများက စုပေါင်းအင်အားဖြင့် အလုပ်အကျွေးပြုရန်ကြိုးပမ်းကြပါမည်။ ။

(WISDOM VILLAGE)
* SAT/IELTS/TOEFL *Writing/Speaking
* Foundation (IELTS/TOEFL)

ပြည်တွင်းရေးရာ

မိမိတို့နိုင်ငံသည် ပြုပြင်ပြောင်းလဲမှုများကို ဆက်လက်တိုးတက်စေရန် စနစ်တကျဆောင်ရွက်မှာဖြစ်

နေပြည်တော် မေ ၂၅

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် 3rd Workshop on ASEAN Defence Industry Collaboration (ADIC) အစည်းအဝေးတက်ရောက်ခဲ့သော အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များအား လက်ခံတွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ တက်ရောက်ကြပြီး 3rd Workshop on ASEAN Defence Industry Collaboration (ADIC) အစည်းအဝေးသို့ တက်ရောက်ခဲ့သော အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ Ms. Retmo Astrini၊ ဘရူနိုင်းနိုင်ငံမှ Lt. Col (Rtd) Pg Md Sazali Bin Pg Hj Yakob၊ ကမ္ဘောဒီးယားနိုင်ငံမှ Brig. Gen. Pen RATANA၊ အင်ဒိုနီးရှားနိုင်ငံမှ Col. Helda Risman၊ လာအိုနိုင်ငံမှ Lt. Col. Chanatha THAMMATHEVA၊ မလေးရှားနိုင်ငံမှ Mr. Mohamed Akmal Bin Dahalan၊ ဖိလစ်ပိုင်နိုင်ငံမှ Mr. ALEXANDER T GONZALES၊ စင်ကာပူနိုင်ငံမှ Mr. Teo Koon Kiat Danny၊ ထိုင်းနိုင်ငံမှ Maj. Gen CHAAWBOON KONG-POOLSLIPA နှင့် ဗီယက်နမ်နိုင်ငံမှ Col. Ton Cong Hung တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က 3rd Workshop on ASEAN Defence Industry Collaboration (ADIC) အစည်းအဝေးတက်ရောက်လာကြသည့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့များအား လှိုက်လှဲစွာ ကြိုဆိုပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ADIC အစည်းအဝေးကို ပထမဦးဆုံးအကြိမ် အိမ်ရှင်နိုင်ငံအဖြစ် အောင်မြင်စွာ လက်ခံကျင်းပနိုင်ခြင်းအတွက် များစွာ ဝမ်းမြောက်ပါကြောင်း၊ အာဆီယံနိုင်ငံများအနေဖြင့် အာဆီယံအသိုက်အဝန်းကြီးတစ်ခုလုံး၏ တည်ငြိမ်အေးချမ်းမှု၊ စည်းလုံးညီညွတ်မှုရရှိရေးအတွက် ဝိုင်းဝန်းဆောင်ရွက်နေကြောင်း၊ နိုင်ငံတိုင်းသည် နိုင်ငံတော်ကို ကာကွယ်နိုင်ရန် စွမ်းပကားများရှိရန်လိုကြောင်း၊ နိုင်ငံအလိုက်လည်း ထိုက်သင့်သည့် ကာကွယ်ရေးပစ္စည်းများ ထုတ်လုပ်မှုများရှိပါကြောင်း၊ လက်ရှိအာဆီယံနိုင်ငံများ၏ ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုတွင်လည်း အပိုင်းနှစ်ပိုင်းရှိကြောင်း၊ တစ်ပိုင်းမှာ အာဆီယံလုံခြုံမှု အသိုက်အဝန်းနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်မှုဖြစ်ပြီး ကျန်တစ်ပိုင်းမှာ သက်ဆိုင်ရာနိုင်ငံ၏ အကျိုးစီးပွားနှင့် ပတ်သက်၍ အာဆီယံ၏ သဘောထားနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အစည်းအဝေးသို့ တက်ရောက်လာသည့် ကိုယ်စားလှယ်များအနေဖြင့် နိုင်ငံအလိုက် သဘောထားအမြင်များ၊ အကြံပြုချက်များ လွတ်လပ်စွာ ပြောဆိုဆွေးနွေးနိုင်ပါကြောင်း၊ မိမိတို့နိုင်ငံသည် ပြုပြင်ပြောင်းလဲမှုများကို ၂၀၁၁ ခုနှစ်မှစ၍ ဆောင်ရွက်ခဲ့ကြောင်း၊ တစ်ဆင့်ပြီး တစ်ဆင့် ဆက်လက်တိုးတက်စေရန် စနစ်တကျ ဆောင်ရွက်မှာဖြစ်ပြီး မိမိတို့လျှောက်လှမ်းနေသည့် လမ်းကြောင်းမှ သွေဖည်ရန် အကြောင်းမရှိပါကြောင်း ပြောကြားခဲ့ပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများကလည်း ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(မြဝတီ)

■

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့များနှင့်အတူအမှတ်တရ စုပေါင်းဓာတ်ပုံရိုက်စဉ်။ (မြဝတီ)

✪ ထူးချွန်ကြက်ခြေနီမှ

အဆိုပါ ထူးချွန်ကြက်ခြေနီ လူငယ်များကို ရွေးချယ်ရာတွင်ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးရှိ တက္ကသိုလ်၊ ကောလိပ် ၅၆ ခုမှ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးအဆင့် အဆင့်ဆင့် ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ပြီးမှ ထူးချွန်ကြက်ခြေနီလူငယ်များအဖြစ် ၁၄၆ ဦးကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ထူးချွန်ကြက်ခြေနီလူငယ်စခန်းဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာသာလှရွှေက “ဒီလိုထူးချွန်ကြက်ခြေနီလူငယ်စခန်းဖွင့်တာ အလွန်ကောင်းပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တိုင်းပြည်ကို ဦးဆောင်ရမယ့်

ကရင်ပြည်နယ် မြဝတီမြို့တွင် ရေကြီးမှုဖြစ်ပွားစဉ် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးစဉ်။

လူငယ်တွေပဲလေ။ အဲဒီလူငယ်တွေရဲ့ အရည်အသွေး၊ လူငယ်တွေရဲ့ ခံယူချက်၊ လူငယ်တွေရဲ့ အတွေးအခေါ်ဒါတွေကို အကုန်လုံး မှန်ကန်လာအောင် တိုင်းပြည်အပေါ် သစ္စာရှိဖို့၊ တိုင်းပြည်ကိုချစ်အောင် စတဲ့ မျိုးချစ်စိတ်ပေါက်ပွားလာအောင် ဒီလိုလုပ်ပေးနိုင်ဖို့အတွက် ထိရောက်တယ်လို့ ထင်ပါတယ်”ဟု ပြောသည်။

သင်တန်းပို့ချသူ မြန်မာနိုင်ငံကြက်ခြေနီအသင်း အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဌာနမှ ဒေါ်ခင်မျိုးမြတ်သိန်းက “ဒီစခန်းက ကလေးတွေအကုန်လုံးက ရှေးဦးပြုစုခြင်း သင်တန်းတက်ပြီးသားတွေ၊ သင်တန်းတွေမှာ ကျွမ်းကျင်မှုတွေနဲ့ ပထမ၊ ဒုတိယရတဲ့ကလေးတွေ၊ သွေးလှူဒါန်းပွဲတွေမှာလည်း ပုံမှန်သွေးလှူဒါန်းနေတဲ့ကလေးတွေ၊ နောက်အားလုံးက တက္ကသိုလ်၊ ကောလိပ်က ကလေးတွေပါ။ ရှေးဦးပြုစုခြင်းနဲ့ ပတ်သက်ပြီး တတ်သိပြီးသားပါ။ အဲဒီအပေါ်မှာ ထပ်ပြီး ပြန်လည် ညှိသစ်လောင်းပေးတာပါ။ ရှေးဦးပြုစုခြင်းနဲ့ ပတ်သက် ပြီး တစ်ချိန်ကရှိခဲ့တဲ့ဟာနဲ့ အခု နောက်ပိုင်း ပြောင်းလာတာတွေ ရှိတယ်။ ကျွမ်းကျင်မှုအပေါ်မှာထပ်ပြီး ပို့ချပေးတာပေါ့။ ခေါင်းဆောင်မှု အပိုင်းတွေပို့ချပေးတယ်။ လူငယ်တွေဟာ အနာဂတ်အတွက်၊ မြန်မာနိုင်ငံ ကြက်ခြေနီအတွက် ဘယ်လောက် အရေးပါတယ်။ အဲဒီလိုမျိုးတွေသိလာအောင်လုပ်ပေးတယ်။ နောက်အသင်း အဖွဲ့တွေက ဘယ်လိုဖွဲ့စည်းထားလဲ၊ နောက်ပြီး စည်းစနစ်ကောင်းနဲ့ ဘယ်လိုမျိုး ပြုစုပျိုးထောင်ပြီး နေထိုင်ရမယ်။ လူထုအတွက် လူမှုရေး အလုပ်တွေ ဘယ်လိုလုပ်ဆောင်ပေးရမလဲဆိုတာ ဒီသင်တန်းတွေက ပို့ချပေးပါတယ်”ဟု ပြောသည်။

ပဲခူးတိုင်းဒေသကြီး ပြည်တက္ကသိုလ်တွင် မြန်မာစာနောက်ဆုံးနှစ်ဖြင့် အဝေးသင်တက်ရောက်နေသော မနီလာဝင်းကလည်း “ကျွန်မက ရှေးဦးပြုစုခြင်း အခြေခံသင်တန်း၊ သာမန်သင်တန်း၊ နည်းပြသင်တန်းနဲ့ Leader Ship သင်တန်းတွေ တက်ရောက်ပြီးပါပြီ။ အခု ထူးချွန်ကြက်ခြေနီ သင်တန်းတက်တာပါ။ နောက်ပြီး ကင်းထောက်သင်တန်းမှာလည်း ကြက်ခြေနီဘာသာရပ်ကို သင်ကြားပေးရတဲ့ နည်းပြလည်း လုပ်ပါတယ်။ ဒီလိုနိုင်ငံတော်ကနေ အားပေးလာတဲ့အပေါ်မှာ အရမ်းလည်းဝမ်းသာပါတယ်” ဟုပြောသည်။

ဇင်းကဆက်လက်၍ “ကြက်ခြေနီသင်တန်းတက်ပြီးတဲ့သူနဲ့ သင်တန်းမတက်ရတဲ့သူက ကွာခြားမှုရှိပါတယ်။ ရှေးဦးသူနာပြုစုခြင်း သင်တန်းတက်ထားတော့ ဥပမာ လမ်းမှာပဲဖြစ်ဖြစ်၊ ဘယ်နေရာပဲဖြစ်ဖြစ် မတော်တဆ ထိခိုက်ဒဏ်ရာရတာတို့၊ ရုတ်တရက် အရေးပေါ်ကိစ္စဖြစ်လာတာတို့ ကိုယ့်နားမှာဖြစ်လာရင် ဆေးရုံဆေးခန်း မရောက်ခင်စပ်ကြားမှာ ပြုစုပေးလို့ရတယ်။ နောက်ပြီး ရုတ်တရက် မတော်တဆမှုဖြစ်တာတို့ ကြုံလာရင်လည်း ကြက်ခြေနီသင်တန်းတက်ထားတဲ့သူက ဘယ်လိုလုပ်ရမယ်ဆိုတာ သိတယ်လေ။ ပြည်သူကို ကူညီနိုင်တာပေါ့။ ဒါကြောင့် လူငယ်လူရွယ်တွေအနေနဲ့ကြက်ခြေနီသင်တန်းတွေတက်သင့်ပါတယ်လို့ ပြောချင်ပါတယ်” ဟု ဆိုသည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အနေဖြင့် ရန်ကုန်-နေပြည်တော်-မန္တလေးအမြန်လမ်းခရီးစဉ်အတွင်း အရေးပေါ်ကိစ္စရပ်များကြုံတွေ့လာပါကလည်း ကူညီကယ်ဆယ်ပေးလျက်ရှိကြောင်းကို “မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေနဲ့ ၂၀၁၃ ခုနှစ် မတ်လထဲက အမြန်လမ်းမတစ်လျှောက် ကယ်ဆယ်ရေးလုပ်ငန်းတွေကို စင်ကာပူက လှူဒါန်းထားတဲ့လူနာတင်ကားတွေနဲ့ ကူညီဆောင်ရွက်ပေးနေပါတယ်။ နေပြည်တော်ကောင်စီနယ်မြေအတွင်းမှာ ဆိုင်ကယ်တိုက်မှုတွေက မကြာခဏဖြစ်တယ်။ မကြာသေးခင်က ၁၁၆ မိုင်မှာဖြစ်သွားတဲ့ကိစ္စမျိုးတွေ၊ ယာဉ်မှောက်လို့ သွေးထွက်သံယိုဖြစ်တဲ့ ကိစ္စတွေမှာ လူနာတင်ယာဉ်တွေနဲ့ ချက်ချင်းသွားတယ်။ သွေးလိုအပ်ရင်လည်း သွေးပါလှူတယ်။ ဖြစ်စဉ်တွေအကုန်လုံးမှာ ရှေးဦးပြုစုခြင်းတွေနဲ့ အချိန်မီ ကယ်ဆယ်နိုင်အောင်လုပ်ခဲ့ကြတယ်။ ဒဏ်ရာရတဲ့နေရာမှာ ချက်ချင်းပြုစုပေးပြီး ခုတင် ၁၀၀၀ ဆေးရုံကို ချက်ချင်းပို့ပေးပါတယ်”ဟု မြန်မာနိုင်ငံ ကြက်ခြေနီအသင်း လူနာတင်ယာဉ် ဝန်ဆောင်မှုမှ မန်နေဂျာ ဒေါ်နီနီမိုးက ပြောသည်။

ထို့ပြင် မေ ၃ ရက်တွင် နေပြည်တော်တွင် ဘက်စုံပညာထူးချွန်၊ ထူးချွန်ကြက်ခြေနီနှင့် ကင်းထောက်လူငယ်မောင်မယ်များ တွေ့ဆုံဂုဏ်ပြုပွဲကိုလည်း နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲအခမ်းအနားနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားတို့အတူ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

သို့ပါ၍ လူငယ်များသည် မျက်မှောက်ကာလတွင် နိုင်ငံ့စွမ်းဆောင်ရည်ဆုရရှိသူများကို စံပြအတုယူပြီး အနာဂတ် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့တန်းမှ ဦးဆောင်သည့်ခေါင်းဆောင်များဖြစ်အောင် မိမိကိုယ်မိမိမျှော်မှန်းပျိုးထောင်ပြီး ပညာရေးသာမက ကျန်းမာရေးနှင့် လူမှုရေးကိစ္စရပ်များတွင်ပါ နားလည်တတ်ကျွမ်းရန် ကျိုးစားသင့်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

oori;

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညာဏ်ဝင်း စခန်းဝင်မည့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံ

ရန်ကုန် မေ ၂၅

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညာဏ်ဝင်းသည် မေ ၂၃ ရက်တွင် ပဲခူးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း သီရိပညာခန်းမ၌ ၂၀၁၄ ခုနှစ် ဘက်စုံပညာထူးချွန်လူငယ်တွေ့ဆုံပွဲသို့ စခန်းဝင်မည့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံ၍ အနာဂတ်နိုင်ငံတော်အတွက် ခေါင်းဆောင်ကောင်းများ ဖြစ်လာကြမည့် လူငယ်များအနေဖြင့် ကျောင်းသင်ခန်းစာများအပြင် ပြင်ပစာပေဗဟုသုတများကို မှတ်သားလေ့လာကြရန်လိုကြောင်း၊ စခန်းတွင် မိမိတို့ကဲ့သို့ ထူးချွန်ထက်မြက်သော ကျောင်းသား ကျောင်းသူများ၏ ရိုးရာယဉ်ကျေးမှုဓလေ့များကို လေ့လာသွားကြရန်လိုကြောင်း၊ အကျင့်စာရိတ္တကောင်းမွန်ပြီး တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကူညီသွားကြရန် လိုအပ်ကြောင်းတို့ကို မှာကြားပြီး ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

စခန်းဝင်မည့် ကျောင်းသား ကျောင်းသူများမှာ နှစ်ထပ်ကွမ်း လူရည်ချွန် ၁၂ ဦး၊ လူရည်ချွန် ၃၆ ဦးနှင့် ကင်းထောက်မောင်မယ် ခြောက်ဦးတို့ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

Eiiawmorw\ ynmoiqa&;cs ,a&;aumrw(yxr)tBur tpn;ta0;usi;y

ရန်ကုန် မေ ၂၅

နိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သောပညာရပ်များကို နိုင်ငံတကာတက္ကသိုလ်များတွင် တက်ရောက်သင်ယူနိုင်စွမ်းရှိပြီး ထူးချွန်သည့်မြန်မာနိုင်ငံသား လူငယ်များအတွက် ရေရှည်အကျိုးရှိစေ၍ လက်တွေ့ကျသည့်ပညာရေးအခွင့်အလမ်းများပိုမိုရရှိစေရန်နှင့် နိုင်ငံတော်တည်ဆောက်ရေးတွင် ကဏ္ဍစုံမှပူးပေါင်း ပါဝင်ဆောင်ရွက်နိုင်မည့်အရည်အချင်းရှိသည့်လူငယ်မျိုးဆက်သစ်ခေါင်းဆောင်များ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ နိုင်ငံတော်သမ္မတ၏ ပညာသင်ဆုရွေးချယ်ရေးကော်မတီ(ပထမ)အကြိမ် အစည်းအဝေးကို ယနေ့ ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ တက္ကသိုလ်စိန်ရတုအစည်းအဝေးခန်းမ၌ ကျင်းပရာ ပညာသင်ဆုရွေးချယ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့် အဖွဲ့ဝင်များက ရှေ့ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့် ရွေးချယ်ရေးဆိုင်ရာမူဝါဒများကို ဆွေးနွေးကြသည်။ ထိုသို့ဆွေးနွေးရာတွင် အဖွဲ့ဝင်များဖြစ်ကြသော ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးစိုးသိန်းနှင့်ဦးတင်နိုင်သိန်းတို့က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးကြကြောင်း သိရသည်။

ယခု ပညာသင်ဆုရွေးချယ်ချီးမြှင့်နိုင်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မကြာမီ အစည်းအဝေးများ ဆက်လက်ခေါ်ယူကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမေရိကန်ပြည်ထောင်စု၏ကုန်သွယ်မှုဆိုင်ရာ GSP အခွင့်အရေးပြန်လည်ရရှိတော့မည် အမေရိကန်ဈေးကွက်သို့ထိုးဖောက်ရေး စတင်လုပ်ဆောင်နေပြီဖြစ်

နေပြည်တော် မေ ၂၅

အစိုးရသစ်ကာလတွင် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ ပေါင်းစပ်ဆောင်ရွက်ပေးမှုများ၊ အသင်းအဖွဲ့အသီးသီး၏ ပူးပေါင်းကူညီဆောင်ရွက်မှုများနှင့်အတူ ဝန်ကြီးဌာနရှိ ဝန်ထမ်းအားလုံး၏ တာဝန်ကျေပွန်မှု၊ လုပ်ငန်းကျွမ်းကျင်မှုနှင့် စေတနာထားဆောင်ရွက်မှုများကြောင့် ကုန်သွယ်မှုကဏ္ဍ သိသိသာသာ ပြောင်းလဲဖွံ့ဖြိုးတိုးတက်လာပါကြောင်းဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ဝန်ထမ်းများနှင့်တွေ့ဆုံစဉ် ပြောကြားသည်။**(အပေါ်ပုံ)**

ယနေ့နံနက်ပိုင်းက ပြည်ထောင်စုဝန်ကြီးရုံး စုပေါင်းခန်းမ၌ကျင်းပသည့် ဝန်ထမ်းများနှင့် တွေ့ဆုံပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် အောင်မြင်မှုများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့အပြင် ပြည်ထောင်စုဝန်ကြီးက မကြာမီတွင် မြန်မာပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့အစည်း (MYANTRADE)ကို ဖွဲ့စည်းတည်ထောင်သွားမည်ဖြစ်ကြောင်း၊ ပို့ကုန်များ၏အရေအတွက်နှင့် အရည်အသွေးပါတိုးတက်လာရေးအတွက် အမျိုးသားပို့ကုန်မဟာဗျူဟာကို International Trade Centre (ITC)နှင့် ရေးဆွဲနေကြောင်း၊ ပို့ကုန်ဖွံ့ဖြိုးရေး၊ ပို့ကုန်မြှင့်တင်ရေး၊ ပို့ကုန်ထွန်းကားလာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများဖော်ဆောင်နိုင်ရေးတို့အတွက် ပို့ကုန်ဥပဒေကိုလည်းကောင်း၊ ပြည်တွင်းလုပ်ငန်းများအတွက် မျှတသည့်ကာကွယ်မှုများပေးနိုင်ရန် Anti Dumping Law နှင့် Safe-Guard Law များကိုလည်းကောင်း ရေးဆွဲနေပြီဖြစ်ပါကြောင်း။

အမေရိကန်ပြည်ထောင်စု၏ ကုန်သွယ်မှုဆိုင်ရာ GSP အခွင့်အရေး ပြန်လည်ရရှိရန် ဖြေဆိုရမည့် အချက်အလက်များကို ဖြေဆိုခဲ့ပြီးဖြစ်သည့်အတွက် မကြာမီ GSP အခွင့်အရေး ပြန်လည်ရရှိလာတော့မည်ဖြစ်၍ အမေရိကန်ဈေးကွက်သို့ ထိုးဖောက်ရေးကို ယခုအချိန်မှ စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း၊ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) နှင့် ပြုလုပ်သည့် Trade Policy Review (TPR) ကိုလည်း ပထမဆုံးအကြိမ်အဖြစ် ဂျီနီဗာမြို့တွင် ကျင်းပခဲ့ပြီးဖြစ်သည့်အတွက် Aid for Trade ၏ အကူအညီများ ပိုမိုရရှိအောင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

အဆိုပါ အခမ်းအနားတွင် ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များကလည်း ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဝန်ကြီးဌာနအနေဖြင့် အစိုးရသစ်လက်ထက်တွင် ကုန်သွယ်မှုဆိုင်ရာ ဖြေလျှော့မှုများ၊ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် ကုန်သွယ်မှုပညာပြန့်ပွားရေးတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ခဲ့သည်။ နယ်စပ်ကုန်သွယ်ရေးကို အရှိန်အဟုန်ဖြင့်မြှင့်တင်နိုင်စေရန် နယ်စပ်ကုန်သွယ်ရေးစခန်းများကို တိုးချဲ့ဖွင့်လှစ်ပေးခဲ့ပြီး ဆက်လက်တိုးချဲ့ဖွင့်လှစ်သွားရန်လည်း ဆောင်ရွက်လျက်ရှိသည်။ တစ်ဖက်တွင်လည်း တရားမဝင်ကုန်သွယ်ရေးမှ တရားဝင်ကုန်သွယ်မှုလမ်းကြောင်းပေါ်သို့ ရောက်ရှိစေရန်အတွက် Mobile Team များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

ကုန်သွယ်မှုပညာပြန့်ပွားရေးအတွက် ကုန်သွယ်မှုသင်တန်းကျောင်း (Trade Training Institute) ကို ရန်ကုန်မြို့တွင် ၂၀၁၂ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ပြီး ကုန်သွယ်မှုဆိုင်ရာ သင်တန်းများကို ဖွင့်လှစ်ပို့ချပေးလျက်ရှိသည်။ အရည်အချင်းပြည့်စုံပြီး စီးပွားရေးကျင့်ဝတ်နှင့်ပြည့်စုံသည့် ကုန်သည်ကြီးများ တိုးပွားလာရေးအတွက် ယင်းသင်တန်းကျောင်းကို Trade Institute အဖြစ် တိုးမြှင့်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းသိရသည်။

(သတင်းစဉ်)

လုံခြုံရေးဆိုင်ရာပစ္စည်းများနှင့်အီလက်ထရွန်နစ်ပစ္စည်းများပြပွဲဖွင့်ပွဲ ကျင်းပ

ရန်ကုန် မေ ၂၅

Myanmar Promotional Services(MPS)Co.,Ltd.က ကြီးမှူးကျင်းပသော International Security & Modern Electronics Expo 2014 ကမ္ဘာ့နောက်ဆုံးပေါ် လုံခြုံရေးဆိုင်ရာ ပစ္စည်းများနှင့် အီလက်ထရွန်နစ်ပစ္စည်းများပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပသည်။

ပြပွဲတွင် ကမ္ဘာ့ကျော် Brand များဖြစ်သော Naung Yoe Technologies Co.,Ltd. (Bosch),TT Engineering Co.,Ltd. (Panasonic), Alpha Solutions & Services Co.,Ltd. (Samsung), TMW Co.,Ltd. (Sony),Opple(Home Pro 1), Myanmar Secom, Nikon, Sound Tech , Gandamar, Canon , Hitachi အစရှိသည့် ကုမ္ပဏီများက လုံခြုံရေးဆိုင်ရာ ပစ္စည်းများ၊ နည်းစနစ်များနှင့် အီလက်ထရွန်နစ် ပစ္စည်းမျိုးစုံတို့ ပြသထားသည်။ ကုမ္ပဏီ ၅၀ ကျော်က ပြခန်း ၁၀၀ ကျော်ဖြင့် ပါဝင်ခင်းကျင်းပြသကြပြီး မေ ၂၅ ရက်မှ ၂၇ ရက်နေ့အထိ သုံးရက်ကြာ ဖွင့်လှစ်ပြသသွားမည် ဖြစ်ကြောင်း သိရသည်။

ပြပွဲကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်တာဝန်ရှိသူများက ဖွင့်လှစ်ပေးခဲ့ကြသည်။

(သတင်းစဉ်)

အမျိုးသမီးများအဆုတ်ကင်ဆာဖြင့်သေဆုံးမှုပိုများလာ

ဘာသာပြန် - မာမာ

အမျိုးသမီးများ အဆုတ်ကင်ဆာဖြင့် သေဆုံးမှုပမာဏမှာ အများဆုံးဖြစ်လာလိမ့်မည်ဖြစ်ပြီး ရင်သားကင်ဆာဖြင့် သေဆုံးမှုထက် ကျော်လွန်သွားနိုင်ကြောင်းသိရသည်။ ယင်းသို့ဖြစ်ပွားရခြင်းမှာ လွန်ခဲ့သည့် နှစ် ၅၀ အတွင်း အမျိုးသမီးများ၏ ဆေးလိပ်သောက်သုံးမှု များပြားခဲ့ခြင်းကြောင့်ဖြစ်သည်။

ဥရောပသမဂ္ဂအဖွဲ့ဝင် ၂၇ နိုင်ငံတွင် ၂၀၁၄ ခုနှစ်၌ အမျိုးသမီးများ အဆုတ်ကင်ဆာဖြစ်ပွားမှုပမာဏ ၈ ရာခိုင်နှုန်း တိုးလာလိမ့်မည်ဖြစ်ကြောင်း လေ့လာချက်အသစ်တစ်ရပ်အရသိရသည်။

အမျိုးသမီးများတွင် အဆုတ်ကင်ဆာဖြင့် သေဆုံးမှုမှာ တိုးမြင့်လာနိုင်သည်။ ထို့အတူ ပန်ကရိယကင်ဆာဖြင့် အမျိုးသားနှင့် အမျိုးသမီးများ သေဆုံးမှုမှာလည်း တိုးမြင့်လာနိုင်ကြောင်း မီလန်တက္ကသိုလ်မှသုတေသနပညာရှင်များက ထုတ်ဖော်ပြောကြားခဲ့ကြသည်။

၁၉၆၀ နှင့် ၁၉၇၀ ခုနှစ်များအတွင်း အမျိုးသမီးဆေးလိပ်သောက်သုံးမှုများပြားခဲ့ခြင်းကြောင့် ယခု ဆယ်စုနှစ်တစ်ခုအဆုံးတွင် အမျိုးသားများထက် အမျိုးသမီးများတွင် အဆုတ်ကင်ဆာဖြင့် သေဆုံးမှုပမာဏ အများဆုံးဖြစ်လာလိမ့်မည်ဟု ကြိုတင်ခန့်မှန်းခဲ့ကြသည်။ ယခုနှစ်တွင် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ ၌ ပန်ကရိယကင်ဆာဖြင့် လူဦးရေ ၈၂၃၀၀ ခန့် သေဆုံးနိုင်ဖွယ်ရှိကြောင်း ခန့်မှန်းပြောကြားခဲ့သည်။

၂၀၁၄ ခုနှစ်၏ ကြိုတင်ခန့်မှန်းချက်များအရ ပန်ကရိယကင်ဆာဖြင့် သေဆုံးမှုပမာဏသည် အခြားသော ကင်ဆာရောဂါများအားလုံးထက် ပိုမိုများပြားလာနိုင်ကြောင်း မီလန်တက္ကသိုလ်မှ သိပ္ပံပညာရှင် ပါမောက္ခ ကာလိုလာဗီချီရာက အတည်ပြုပြောကြားသည်။

ယခုနှစ်တွင် ပန်ကရိယကင်ဆာဖြင့် အမျိုးသား ၄၁၃၀၀ဦးနှင့် အမျိုးသမီး ၄၁၀၀၀ ဦး သေဆုံးဖွယ်ရှိကြောင်း ခန့်မှန်းခဲ့သည်။ လူဦးရေ ၁၀၀၀၀၀ တွင် ၎င်းတို့သတ်မှတ်ထားသည့် အသက် အပိုင်းအခြား ပမာဏတွင် အမျိုးသား ၈ ရာခိုင်နှုန်းနှင့် ၅ ဒသမ ၆ ရာခိုင်နှုန်းအသီးသီး သေဆုံးဖွယ်ရှိကြောင်း သိရသည်။

ယင်းကင်ဆာရောဂါ ဖြစ်ပွားမှုအစတွင် သေဆုံးမှုပမာဏ နည်းပါးသော်လည်း တဖြည်းဖြည်းတိုးမြင့်လာခဲ့သည်။ ၂၀၀၀-၂၀၀၄ ခုနှစ်များတွင် သေဆုံးမှုပမာဏမှာ အမျိုးသားဦးရေ ၁၀၀၀၀၀ တွင် ၇ ဒသမ ၆ ရာခိုင်နှုန်း၊ အမျိုးသမီးဦးရေ ၁၀၀၀၀၀ တွင် ၅ ရာခိုင်နှုန်း သေဆုံးခဲ့ကြောင်းသိရသည်။

ဒေးလီးမေးလ်။

အင်အားအနည်းငယ်ရှိ ငလျင်လှုပ်

နေပြည်တော် မေ ၂၅

ယနေ့နံနက် ၅ နာရီ ၁၉ မိနစ် ၄၆ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ မြောက်ဘက် ၇၅ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (သပိတ်ကျင်းမြို့၏ အရှေ့မြောက်ဘက် ၁၈ မိုင်ခန့် အကွာကို ဗဟိုပြု၍ အင်အားရစ်(ခ်ျ)တာစကေး ၄ ဒသမ ၃ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ တိုင်းရင်းသားများ၏ရိုးရာယဉ်ကျေးမှုပဒေသာကပွဲ ကျင်းပ

နေပြည်တော် မေ ၂၅

နေပြည်တော်သို့ လေ့လာရေးခရီးစဉ်အဖြစ် ရောက်ရှိနေသော ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များ၏ ပဒေသာကပွဲကို ယနေ့ည ၇ နာရီက နေပြည်တော်ရှိ ဟိုတယ် Royal ACE တွင် ကပြဖျော်ဖြေတင်ဆက်သည်။

ကပွဲအခမ်းအနားတွင် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ “ဦးရွှေရိုး-ဒေါ်မိုးကျေးလက်ရိုးရာအက”၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များဖြစ်ကြသည့် ရှမ်းရိုးရာယဉ်ကျေးမှု အဖွဲ့က “တောင်ပေါ်မြေရဲ့ ချစ်စရာအလှမောတို့ကိန္နရီအက၊ တအာင်း(ပလောင်)ရိုးရာယဉ်ကျေးမှုအဖွဲ့က “တအာင်း (ပလောင်) ရိုးရာ မင်္ဂလာပွဲတော်အက”၊ “ဝ”ရိုးရာယဉ်ကျေးမှုအဖွဲ့က “ယဉ်ကျေးမှုသမိုင်းအစအက”၊ ကချင်ရိုးရာယဉ်ကျေးမှုအဖွဲ့က “ကချင်ဓလေ့ရိုးရာအက”၊ ကိုးကန့်ရိုးရာယဉ်ကျေးမှုအဖွဲ့က “ကိုးကန့်ဒေသမှ နွေးထွေးစွာကြိုဆိုပါသည်” အက၊ မြောင်ဇီ(ခ) မှန်ရိုးရာ ယဉ်ကျေးမှုအဖွဲ့က “တို့မြောင်ဇီ တို့ဓလေ့အက”၊ လားဟူရိုးရာ ယဉ်ကျေးမှုအဖွဲ့က “ပြည်ထောင်စုတိုင်းရင်းသားများအက”၊ လီဆူးရိုးရာယဉ်ကျေးမှုအဖွဲ့က “လီဆူးတိုင်းရင်းသားကွာချဲအက”တို့ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ကပွဲအပြီးတွင် တိုင်းရင်းသားရိုးရာအကအဖွဲ့များအား ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူနှင့် ဇနီးတို့က ဂုဏ်ပြုလက်ဆောင်ပန်းခြင်း ပေးအပ်သည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ဦးလွင်နှင့်ဇနီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဆွေနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရှိရသည်။**(သတင်းစဉ်)**

နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဉာဏ ပျံလွန်တော်မူ

နေပြည်တော် မေ ၂၅

နိုင်ငံတော်သြဝါဒါစရိယ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် မိုးထိတိုက်စည်သာကျောင်း ဦးစီးပဓာနနာယက ဆရာတော် သက်တော်(၉၅)နှစ်၊ သိက္ခာတော်(၇၅)ဝါရှိ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဉာဏ မဟာထေရ်မြတ်သည် ၁၃၇၆ခုနှစ် တန်ခူးလပြည့်ကျော် ၁၀ ရက် (မေ ၂၄ ရက်) ကြာသပတေးနေ့ နံနက် ၃ နာရီ ၁၅ မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်သြဝါဒါစရိယအဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဉာဏ၏ထေရုပ္ပတ္တိအကျဉ်း



ဖွားမြင်တော်မူခြင်း။ ။ဆရာတော်လောင်းလျာသည် မန္တလေးတိုင်းဒေသကြီး၊ မြောက်ပြင်ဥပုသ်တော်ရပ်၊ အောင်မြေသာစံမြို့နယ်၊ ခမည်းတော် ဦးရ-မယ်တော်ဒေါ်ရီ တို့မှ ၁၂၈၂ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်သည်။

ရှင်ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခြင်း။ ။ ဆရာတော်လောင်းလျာသည် ၁၂၉၄ ခုနှစ်၊ ဆရာတော် ဘဒ္ဒန္တဇာဂရကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်+မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။ ၁၃၀၂ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီး၊ မစိုးရိမ်တိုက်၊ သစ်ဆိမ့်တိုက်ခဏ္ဍသိမ်တော်၌ ဆရာတော် ဘဒ္ဒန္တဇာဂရကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ရောက်ရှိတော်မူခဲ့သည်။

ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း။ ။ ဆရာတော်လောင်းလျာသည် မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ် တောဝေးကန်အရှေ့ကျောင်း ဆရာတော် ဘဒ္ဒန္တအာဒိစ္စ၊ မန္တလေးမြို့ မဟာအောင်မြေမြို့နယ်၊ မစိုးရိမ်တိုက် ဆရာတော်ဘဒ္ဒန္တသူရိယာဘိဝံသ၊ ချမ်းအေးသာစံမြို့နယ်၊ စကုတိုက် ဆရာတော် ဘဒ္ဒန္တဝိသာရဒ၊ ရန်ကုန်မြို့၊ ဗားကရာတိုက်၊ မင်္ဂလာမှန်ကျောင်းဆရာတော်ဘဒ္ဒန္တ သာသနတို့ထံတွင် ပရိယတ္တိစာပေများ သင်ကြားဆည်းပူးတော်မူကာ သာသနဓဇသီရိပဝရဓမ္မာစရိယ၊ ဝိနယပါဠိပါရဂူတို့ကို အောင်မြင်ခဲ့သည်။

သာသနာရေးအားပေးဆောင်ရွက်ပေးတော်မူခြင်း။ ။ ဆရာတော်သည် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင်နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်အဖြစ် ဆောင်ရွက်တော်မူခြင်း၊ မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်၊ စည်သာကျောင်း၊ မိုးထိကျောင်းတိုက်တွင် သံဃာတော်များအား ပရိယတ္တိစာပေများသင်ကြားပို့ချပေးလျက်ရှိခြင်း၊ ခရစ်ယာန်ဘာသာဝင် အိမ်ထောင်စု ခုနစ်စုနှင့်၊ ဟိန္ဒူဘာသာဝင် အိမ်ထောင်စု ၂၁ စုတို့အား ဗုဒ္ဓဘာသာသို့သက်ဝင်ယုံကြည်လာအောင် စည်းရုံးဆောင်ရွက်နိုင်ခြင်း၊ တရားဓမ္မများဟောကြားပြသခြင်း၊ လောကီ လောကုတ္တရာကြီးပွားကြောင်း မင်္ဂလာတရားတော်စာအုပ်၊ ကြောင်းကျိုးနှစ်ဖြာနိယာမတရားစာအုပ်၊ ၃၈ ဖြာ မင်္ဂလာတရားတော်စာအုပ်များရေးသားခြင်း၊ ၁၉၈၃ ခုနှစ်မှစ၍ ယဉ်ကျေးမှုသင်တန်းများဖွင့်လှစ်ကာ နှစ်စဉ်သင်တန်းသား ၇၀ ကျော်တို့အား ဗုဒ္ဓယဉ်ကျေးမှုစာပေများ သင်ကြားပို့ချပေးခြင်းစသော သာသနာပြုတာဝန်များကို ဆောင်ရွက်လျက်ရှိသည်။

ဘွဲ့တံဆိပ်အလှူခံရရှိတော်မူခြင်း။ ။ဤသို့လျှင် ဗုဒ္ဓသာသနာတော်တိုးတက်ပြန့်ပွားရေးကို အထူးဆောင်ရွက်တော်မူခြင်း၊ ဝိသိဋ္ဌဗုဒ္ဓသာသနမိုက္ခရဂုဏ်၊ ဗုဒ္ဓသာသနာတော်အကျိုးစီးပွားကို အထူးဆောင်ရွက်နိုင်ခြင်း၊ ဝိသိဋ္ဌဗုဒ္ဓသာသန ဟိတစရဂုဏ်၊ ဗုဒ္ဓသာသနာတော်ကို အထူးစောင့်ရှောက်တော်မူခြင်း၊ ဝိသိဋ္ဌဗုဒ္ဓသာသနာနုရက္ခိတဂုဏ်စသည့် သီလသမာဓိပညာဂုဏ်တို့နှင့် ပြည့်စုံတော်မူသောကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်းသော “အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက” ဘွဲ့တံဆိပ်တော်မြတ်ကို ၁၃၇၄ ခုနှစ်တွင် အလှူခံရရှိတော်မူသည်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း။ ။ဆရာတော်ကြီးသည် သာသနာတော်အကျိုးသယ်ပိုးဆောင်ရွက်တော်မူရင်းသက်တော်(၉၅)နှစ်၊ သိက္ခာတော် (၇၅) ဝါ အရ ၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်၊ မေ ၂၄ ရက်၊ ကြာသပတေးနေ့ နံနက် ၃ နာရီ ၁၅ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

○ **သီလဝါမှ**

“သီလဝါအစုရှယ်ယာဝယ်ယူဖို့ အဆိုပြုသူ တစ်သောင်းခုနစ်ထောင်ကျော်ရှိတယ်။ အနည်းငယ်ဝယ်တဲ့သူကနေပြီး စပြီးတန်းစီတဲ့ အချိန်မှာ အစုငါးရာနဲ့ငါးရာအောက်ဝယ်ယူလိုသူက လူဦးရေ ကိုးဆယ်ရာခိုင်နှုန်းရှိတယ်။ စုစုပေါင်းရောင်းချမယ့် ရှယ်ယာအရေအတွက်ရဲ့ ၅၆ ရာခိုင်နှုန်းကတော့ သူတို့လိုချင်တဲ့ ရှယ်ယာအတိုင်းအကုန်ဝယ်ခွင့်ရတယ်။ သိန်းငါးဆယ်ဖိုးနဲ့အထက် ဝယ်ယူတဲ့လူ ၁၇၀၀ ကျော်ကတော့ ကျန်တဲ့ ၄၄ ရာခိုင်နှုန်းဝယ်ယူခွင့်ရမယ်”ဟု ကိုထွန်းထွန်းက ဆိုသည်။

သတ်မှတ်အဆိုပြုချက်အတိုင်း ဝယ်ယူခွင့်မရရှိသူ ၁၇၀၀ ကျော်မှ ကုမ္ပဏီသို့အဆိုပြုငွေ ပေးသွင်းထားသည့် ဝယ်ယူခွင့်မရရှိသော ရှယ်ယာများအတွက် ပြန်အမ်းငွေကို မေ ၂၈ ရက်နေ့မှစတင်၍ အမြန်ဆုံးပြန်လည်ပေးအပ်သွားမည်ဖြစ်သည်။ ပြန်အမ်းရမည့်ငွေအတွက် ဘဏ်စရိတ်ကို မြန်မာအများပိုင်ကုမ္ပဏီမှ ကျခံပေးသွားမည်ဖြစ်ပြီး ရှယ်ယာဝယ်ယူထားသည့် ဘဏ်ခွဲတွေကသာ ပြန်လည်ထုတ်ယူခွင့်ရရှိမည်ဟု ယင်းကုမ္ပဏီဥက္ကဋ္ဌ ဦးဝင်းအောင်က ပြောသည်။

သီလဝါအထူးစီးပွားရေးဇုန် (ပထမအဆင့်စီမံကိန်း)အတွက် အစုရှယ်ယာတစ်ရာ ဝယ်ယူခဲ့သူ ဦးတင်အေးက “ရှယ်ယာဆယ်သိန်းဖိုး ဝယ်ထားတယ်၊ ဒီစီမံကိန်းက နိုင်ငံတကာနဲ့ပူးပေါင်းဆောင်ရွက်မှာဆိုတော့ အမြတ်အစွန်းတွေရနိုင်တယ်။ အကျိုးအမြတ်ကတော့ ဦးတို့သားသမီးတွေ၊ မြေးတွေ လက်ထက်မှာခံစားဖို့ဝယ်တာ။ ဦးသက်တမ်းမှာ အကျိုးအမြတ်ခံစားချင်မှ ခံစားရမှာပေါ့။ အစိုးရက အာမခံပေးထားတော့ ခိုင်မာတယ်လို့တော့ထင်တယ်။ အစိုးရက အာမခံပေးတော့ ဦးတို့ရှယ်ယာရှင်တွေ အားတက်ရတာပေါ့”ဟု ပြောသည်။

သီလဝါအထူးစီးပွားရေးဇုန် ပထမအဆင့်ကို မြန်မာ-ဂျပန်ပုဂ္ဂလိကနှင့် အစိုးရအဖွဲ့အစည်းတို့ ပူးပေါင်းဖွဲ့စည်းထားသည့် Myanmar Japan Thilawa Development Limited မှ ရင်းနှီးတည်ဆောက်ခြင်းဖြစ်သည်။ မြန်မာဘက်တွင် မြန်မာအစိုးရက ၁၀ ရာခိုင်နှုန်းနှင့် မြန်မာအများပိုင်ကုမ္ပဏီက ၄၁ ရာခိုင်နှုန်းပိုင်ဆိုင်သည်။ မြန်မာအများပိုင် ကုမ္ပဏီမှ ပိုင်ဆိုင်သည့်ရှယ်ယာ စုစုပေါင်း၏ ၅၅ ရာခိုင်နှုန်းအား အများပြည်သူထံသို့ ပထမဆုံးအကြိမ်ရောင်းချရခြင်းဖြစ်သည်။ ကျန်ရှိသည့် ၄၅ ရာခိုင်နှုန်းကို အများပိုင်ကုမ္ပဏီတွင်ပါဝင်သည့် ကုမ္ပဏီကိုးခုက ၅ ရာခိုင်နှုန်းစီပိုင်ဆိုင်ထားကြောင်း မြန်မာအများပိုင်ကုမ္ပဏီ (MTSH)၏ စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

❖ **တက္ကသိုလ်များမှ**

ဝါရင့်တောင်တက်အဖွဲ့ဝင်များသည် မေ ၁၂ ရက်မှ စတင်၍ ချင်းပြည်နယ် (မြောက်ပိုင်း)သို့ တောင်တက်ခရီးကြမ်း လေ့ကျင့်မှုအဖြစ် တက်ရောက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါအဖွဲ့တွင် တောင်တက်အဖွဲ့ဝင် စုစုပေါင်း ၁၂၈ ဦးပါဝင်ပြီး မေ ၁၄ ရက်တွင် ကနေဒီတောင်ထိပ်သို့ အောင်မြင်စွာ တက်ရောက်နိုင်ခဲ့ပြီး နိုင်ငံတော်အလံနှင့် တောင်တက်အဖွဲ့အလံတို့ကို လွှင့်ထူခဲ့ကြသည်။ မေ ၁၅ ရက်တွင် တောင်တက်အဖွဲ့သည် အိန္ဒိယ-မြန်မာနယ်စပ်ရှိ ရိဒ်ခေါဒါရ်မြို့နယ်ခွဲသို့ ရောက်ရှိခဲ့ပြီး ချင်းတိုင်းရင်းသားတို့အတွက် အမြတ်ထားရာ ရိဒ်ရေအိုင်ကို ဝင်ရောက်လေ့လာပြီး အပြန်ခရီးတွင် မုံရွာမြို့၊ အင်းဝမြို့ဟောင်းနှင့် မန္တလေးမြို့ရှိ သမိုင်းဝင်နေရာများကို လေ့လာခဲ့ကြောင်း သိရသည်။

(ခြေလျင်နှင့် တောင်တက်)

ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား ရှမ်းပြည်နယ်(မြောက်ပိုင်း) တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ ရှစ်ဖွဲ့မှ လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၂၅

ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန လားရှိုးဌာနစုမှူးလက်ထောက်ညွှန်ကြားရေးမှူး ဦးညီမွန်း ခေါင်းဆောင်သော ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးဒေသမှ ရှမ်း၊ ကချင်၊ ဝ၊ လီဆူး၊ တအာင်း၊ မြောင်ဇီ(မှန်)၊ လားဟူ၊ ကိုးကန့် တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့ ရှစ်ဖွဲ့မှ အဖွဲ့ဝင် ၁၆၂ ဦးသည် ယမန်နေ့နံနက်ပိုင်းတွင် နေပြည်တော်သို့ လည်ပတ်ရန် ရောက်ရှိလာပြီး မွန်းလွဲပိုင်းတွင် ယဉ်ကျေးမှုဝန်ကြီးဌာန စုပေါင်းခန်းမ၌ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူအား လာရောက်တွေ့ဆုံသည်။

ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက တိုင်းရင်းသား/တိုင်းရင်းသူများအား နှုတ်ခွန်းဆက်စကား ပြောကြားပြီး ချစ်ကြည်ရင်းနှီးစွာ လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပထမအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၄) ပထမနေ့ကျင်းပ

မကွေး မေ ၂၅

ပထမအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၄)ပထမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် မကွေးတိုင်းဒေသကြီးလွှတ်တော် ခန်းမ၌ကျင်းပရာ မကွေးတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးရဲမြင့်၊ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

အစီအစဉ်အရ ၂၀၁၄ ခုနှစ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက လွှတ်တော်သို့ တင်သွင်းပြီး ယင်းကိစ္စနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ရှင်းလင်းတင်ပြသည်။

ထို့နောက် အထူးအစည်းအဝေး(၁/၂၀၁၄)ပထမနေ့ကို ရပ်နားပြီး ဒုတိယနေ့အစည်းအဝေးကို မေ ၂၈ ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တစ်ဦးချင်းကုန်သွယ်မှုလုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ်ရရှိရေးဆောင်ရွက်ပေးလျက်ရှိ

မန္တလေး မေ ၂၅

မန္တလေးတိုင်းဒေသကြီး ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာ ဦးစီးဌာနဦးစီးမှူးရုံးတွင် တစ်ဦးချင်းကုန်သွယ်မှုလုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ် Individual Trading Card(ITC) ရရှိရေး ဆောင်ရွက်ပေးလျက်ရှိရာ လာရောက်လျှောက်ထားသူများရှိကြောင်း တွေ့ရသည်။ ယခု ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိသော မန္တလေးရုံးသည် ၁၆ ခုမြောက် ထုတ်ပေးသောရုံးဖြစ်ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးတွင် (ITC) ဆောင်ရွက်ခွင့်ရှိသူများမှာ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးတွင် နေထိုင်ပြီး အသက်(၁၈)နှစ်ပြည့်ကာ ကုမ္ပဏီတည်ထောင်ခြင်းမရှိသူ နိုင်ငံသား တိုင်းဆောင်ရွက်နိုင်ပြီး မန္တလေးတိုင်းဒေသကြီးနှင့် ကုန်သွယ်မှုလမ်းကြောင်း တစ်ဆက်တည်းဖြစ်သည့်မူဆယ်၊ ချင်းရွှေဟော်၊ လွယ်ဂျယ်၊ တမူးစသည့် စခန်းများအနက် ကုန်သွယ်မှု ဆောင်ရွက်လိုသည့် စခန်းတွင် လုပ်ထုံးလုပ်နည်းများနှင့်အညီ ကုန်သွယ်မှုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းသိရသည်။

(ITC) လျှောက်ထားရာတွင် နိုင်ငံသား စိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုဇယား(ပုံစံ-၁၀)၊ နေထိုင်သည့် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူး၏ထောက်ခံချက်၊ ရဲစခန်းမှ ပြစ်မှုကင်းရှင်းကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (MRCCI) အသင်းဝင်ကတ်(သို့မဟုတ်) မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်၊ တမူး သက်ဆိုင်ရာ နယ်စပ်ကုန်သည် အသင်းဝင်ကတ်၊ ကုမ္ပဏီထူထောင်ထားခြင်းမရှိကြောင်း ဝန်ခံကတိပြုချက်၊ ပတ်စပို့ ရောင်စုံဓာတ်ပုံ သုံးပုံပါဝင်ရမည်ဖြစ်သည်။

ITC မှတ်ပုံတင်သက်တမ်းကာလမှာ တစ်နှစ်ဖြစ်ပြီး သက်တမ်းတိုးမြှင့်ခြင်း တစ်ကြိမ်လျှင် တစ်နှစ်ခွင့်ပြုထားသည်။ မှတ်ပုံတင်ကြေးအဖြစ် ငွေကျပ် ငါးသောင်း သတ်မှတ်ထားပြီး သက်တမ်းတစ်ကြိမ် တိုးမြှင့်ခြင်းအတွက် ငွေကျပ် ငါးသောင်းဖြစ်သည်။

ITC လျှောက်ထားမည်ဆိုပါက မြန်မာ့စီးပွားရေးဘဏ်သို့ မှတ်ပုံတင်ကြေးပေးသွင်းထားသည့် ချလန်နှင့် သတ်မှတ် စာရွက်စာတမ်းများပြည့်စုံပါက မိနစ်ပိုင်းအတွင်း လုပ်ငန်းဆောင်ရွက်ပြီးစီးကြောင်းနှင့် မှတ်ပုံတင်ရရှိပါက လူတစ်ဦးလျှင် တစ်ရက်ကျပ်သိန်း ၂၀ နှုန်းနှင့် ငါးရက်စာတစ်ကြိမ်တည်း သိန်း ၁၀၀ အထိ ကုန်သွယ်မှုဆောင်ရွက်ခွင့်ပြုထားကြောင်း၊ လက်မှတ်ရရှိထားသူသည် လိုင်စင်မလိုအပ်ဘဲ တင်ပို့/တင်သွင်းခွင့်ပြုထားသော ပစ္စည်းများကို အကောက်ခွန်တွင် တိုက်ရိုက်အခွန်ပေးဆောင်ကာ တင်ပို့/တင်သွင်းနိုင်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

အေးမြ(မန္တလေး)

သင့်ကြောင့် မီးမလောင်ပါစေနှင့်

ဆိုင်ကယ်စီးလက်နက်ကိုင်နှစ်ဦး၏ လိုက်လံပစ်ခတ်မှုကြောင့် မိုင်းတင်းကျေးရွာ ပြည်သူ့စစ်ခေါင်းဆောင် သေဆုံး

ကျောက်မဲ မေ ၂၅

ရှမ်းပြည်နယ် ကျောက်မဲမြို့နယ် တောင်နောက်ကျေးရွာ ငြိမ်းချမ်းရေးကုန်း ဘုရားနတ်စင်အနီး၌ မေ ၂၅ ရက် နံနက်ပိုင်းက မိုင်းတင်းကျေးရွာမှ ပြည်သူ့စစ်ခေါင်းဆောင်နှင့် အဖွဲ့စီးနင်းလာသော မော်တော်ယာဉ်ငယ်အား ဆိုင်ကယ်စီးလက်နက်ကိုင်နှစ်ဦးက လိုက်လံပစ်ခတ်မှုတစ်ခု ဖြစ်ပွားခဲ့ရာ ပြည်သူ့စစ်ခေါင်းဆောင်နှင့် ဆိုင်ကယ်စီး လက်နက်ကိုင်တစ်ဦးသေဆုံးပြီး ပြည်သူ့စစ်အဖွဲ့ဝင်တစ်ဦး လက်နက်ငယ်ထိမှန်၍ ဒဏ်ရာရရှိခဲ့ကြောင်း၊ ဆိုင်ကယ်စီးလက်နက်ကိုင်သူနှစ်ဦးအား မည်သည့်အဖွဲ့မှ ဖြစ်သည်ကို စုံစမ်းစစ်ဆေးဆဲဖြစ်ကြောင်း သိရသည်။

ကျောက်မဲမြို့မှ မိုင်းတင်းကျေးရွာသို့ ပြန်လာသော မိုင်းတင်းကျေးရွာ ပြည်သူ့စစ်ခေါင်းဆောင် စိုင်းအောင်မိုး၊ ဇနီး ဒေါ်အေးညို၊ ပြည်သူ့စစ်အဖွဲ့ဝင် ဦးစံပွဲနှင့် ကိုနိုင်ဦးတို့ စီးနင်းလာသော မတ်တူးအဖြူရောင်ယာဉ်အား ကျောက်မဲမြို့အထွက် တောင်နောက်ကျေးရွာ ငြိမ်းချမ်းရေးကုန်းဘုရားနတ်စင်အနီးအရောက်၌ ဆိုင်ကယ်စီးလက်နက်ကိုင်နှစ်ဦးက သေနတ်ဖြင့် ပစ်ခတ်ခဲ့သည်။

ထို့ကြောင့် စိုင်းအောင်မိုးက မော်တော်ယာဉ်အား အရှိန်တင်မောင်းနှင်လာစဉ် ခြောက်ဖာလုံခန့်အကွာသို့အရောက်တွင် ကားမှာ အရှိန်မထိန်းနိုင်ဘဲ ကားလမ်းယာဘက် လယ်ခင်းထဲသို့ ထိုးဆင်းသွားခဲ့သည်။ ထို့နောက် စိုင်းအောင်မိုးနှင့် ကိုနိုင်ဦးတို့က ကားပေါ်ပါ လက်နက်ငယ်နှစ်လက်ဖြင့် အဆိုပါလက်နက်ကိုင်နှစ်ဦးအား ပြန်လည်ခုခံပစ်ခတ်ခဲ့သည်။

အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားစဉ် စိုင်းအောင်မိုးမှာ လည်ပင်းတွင် လက်နက်ငယ်ကျည်ထိမှန်ပြီး သေဆုံးသွားကာ ဆိုင်ကယ်စီးလက်နက်ကိုင်တစ်ဦးမှာလည်း ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့သည်။ ထို့ပြင် ပြည်သူ့စစ်အဖွဲ့ဝင် ကိုနိုင်ဦးမှာ ဝဲဘက်ပေါင်တွင် ဒဏ်ရာရရှိခဲ့ပြီး ကျန်ဆိုင်ကယ်စီးလက်နက်ကိုင်တစ်ဦးမှာ ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။

သေဆုံးသွားသည့် ဆိုင်ကယ်စီးလက်နက်ကိုင်မှာ အသက်(၂၅)နှစ်ခန့်အသားဖြူ၊ ခန္ဓာကိုယ်သေးသွယ်၊ အရပ် ၅ ပေ ၄ လက်မခန့်ရှိပြီး ၎င်းနှင့်အတူ ပစ္စတိုတစ်လက်နှင့် ဆိုင်ကယ်တစ်စီး ကျန်ရစ်ခဲ့ကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ဆိုင်ကယ်စီးလက်နက်ကိုင်အဖွဲ့မှ သိမ်းဆည်းရမိသော ပစ္စတိုတစ်လက်နှင့် ဆက်စပ်ပစ္စည်းများ။

ပြည်သူ့စစ်အဖွဲ့၏ ပြန်လည်ခုခံပစ်ခတ်မှုကြောင့် သေဆုံးသွားသည့် ဆိုင်ကယ်စီးလက်နက်ကိုင်တစ်ဦးကို တွေ့ရစဉ်။

အရာတော်မြို့တွင် ၁၂ ဘီးယာဉ်သုံးစီးပေါ်မှ တမလန်းသစ်(စကွဲယားတုံး) ၁၉၇ တုံး ဖမ်းဆီးရမိ

အရာတော် မေ ၂၅

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ နည်းလမ်းမျိုးစုံဖြင့် ဝင်ရောက်လာမှုကို ဖမ်းဆီးဖော်ထုတ်လျက်ရှိသည်။ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် သစ်တောသစ်ပင်များကိုကာကွယ်ခြင်းဖြင့် နိုင်ငံ၏စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်စေပြီး ပြည်သူတို့၏ စားဝတ်နေရေးကို အထောက်အကူဖြစ်စေရာ စဉ်ဆက်မပြတ်အကျိုးစီးပွားခံစားနိုင်စေရန် ဇီဝမျိုးစိတ်များ မပြုန်းတီးရလေအောင် ကာကွယ်ထိန်းသိမ်းခြင်းလုပ်ငန်းများ လုပ်ဆောင်နေသလို အခြားဝိသမလောဘသားများ၏ တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများအား ခိုးထုတ်သယ်ယူနေခြင်းများကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိရာ အရာတော်မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်အောင်စိုးမင်းနှင့် သစ်တောဦးစီးဌာနမှ ဝန်ထမ်းအဖွဲ့တို့က စောင့်ကြည့်စစ်ဆေးနေစဉ် မေ ၂၂ ရက် ည ၁၀ နာရီခွဲတွင် အရာတော်မြို့နယ်ဝါးတန်းကျေးရွာအနီး မုံရွာ-အရာတော်သွားကားလမ်း မိုင်တိုင်အမှတ် (၁၅/၂)၌ ယာဉ်အမှတ် YGN7E/....... (Nissan Diesel)၊ ၂၀/. . . . . (Nissan Diesel) နှင့် YGN 5G/......... ၁၂ ဘီးယာဉ်သုံးစီးအား စစ်ဆေးခဲ့ရာ ယင်းယာဉ်များပေါ်တွင် တရားမဝင်တမလန်းသစ်(စကွဲယားတုံး) ၁၉၈ တုံး (၂၃ ဒသမ ၀၃၆၄ တန်) ကို သက်သေများ ရှေ့တွင် စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့သည်။

အဆိုပါ တရားမဝင် တမလန်းသစ်များ တင်ဆောင်လာသော ယာဉ်များမှ ယာဉ်နောက်လိုက်များဖြစ်သော ထန်ပီး (၂၁)နှစ် တာဟန်းရပ်ကွက် ကလေးမြို့နေသူနှင့် သိန်းသန်းဇော် (၄၂)နှစ် အမှတ်(၁၀)ရပ်ကွက် ရွှေဘိုမြို့နေသူတို့အား အရာတော် မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားပြီး ပစ္စည်းပိုင်ရှင်နှင့် ယာဉ်မောင်းများအား ဖမ်းဆီးနိုင်ရေးအတွက် စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

တပ်ကုန်း မြို့မဈေး မီးဘေးအန္တရာယ် ကာကွယ်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

တပ်ကုန်း မေ ၂၅

နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေသည် မတ် ၂၅ ရက် နံနက် ၈ နာရီခွဲတွင် မြို့နယ်မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်တားဆီးရေးအဖွဲ့ဝင်များ၊ ဈေးကော်မတီများနှင့်အတူ မြို့မဈေးအတွင်း လုပ်ငန်းသုံးနှင့် လုံခြုံရေးလျှပ်စစ်ခေတ်အား အသုံးပြုမှုအခြေအနေများ၊ မီးသတ်အုတ်ကန်နှင့် ရေပက်စက်တပ်ဆင်ထားရှိမှု အခြေအနေများ၊ မီးအသုံးပြုသည့် ဈေးဆိုင်ခန်းများကို စစ်ဆေးကြည့်ရှုပြီး လိုအပ်သည်များ မှာကြားခဲ့သည်။ **(ယာပုံ)**

ထို့နောက် မီးသတ်ဦးစီးဌာနရှိ မီးသတ်ယာဉ်၊ စက်သုံးဆီ၊ ရေလှောင်ကန်၊ မီးသတ်တပ်ဖွဲ့ဝင်များ အချိန်ပြည့် အဆင်သင့်ရှိနိုင်ရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်ရေးတို့ကို ရှင်းလင်းမှာကြားခဲ့ကြောင်းသိရသည်။

(တင်လှ)

(၂၇)ကြိမ်မြောက် ရုပ်ရှင်ပြပွဲအခမဲ့ပြသမည်

ရန်ကုန် မေ ၂၅

မြန်မာ့ရုပ်ရှင်အနုပညာလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍(၂၇)ကြိမ်မြောက် တင်ဆက်ပေးမည့် တနင်္ဂနွေနေ့ ရုပ်ရှင်ပြပွဲကို Laurel Art Academy ရုပ်ရှင်အနုပညာသင်ကျောင်းမှ ကျောင်းသားများနှင့်အနုပညာကိုမြတ်နိုးကြသည့် အများပြည်သူ စိတ်ပါဝင်စားသူမည်သူမဆို အခမဲ့ကြည့်ရှုနိုင်ရန်"SHANE" ရုပ်ရှင်ကားကို မေ ၄ ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁ နာရီတွင် ဗဟန်းမြို့နယ် ဆရာစံရပ်ကွက် ပုလဲဥယျာဉ် အိမ်ရာခြံအမှတ်(၁/၅)(စီ) ပုလဲကွန်ဒိုဝင်းအတွင်းရှိ Laurel Art Academy Studio ၌ ပြသမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

အပူချိန်မြင့်မားလာမှုကြောင့် မြစ်သာမြစ်ရေ တစ်နှစ်ထက်တစ်နှစ်ခန်းခြောက်လာ

ဂန့်ဂေါ မေ ၂၅

ချင်းပြည်နယ် မတူပီမြို့နယ်မှ စတင်မြစ်ဖျားခံစီးဆင်းလာသော မြစ်သာမြစ်သည် အပူချိန်မြင့်မားလာမှုကြောင့် တစ်နှစ်ထက်တစ်နှစ်ခန်းခြောက်လာမှုနှင့် ရင်ဆိုင်နေရကြောင်း ဒေသခံပြည်သူများထံမှ သိရသည်။

"မြစ်သာမြစ်ဆိုတာ ချင်းတွင်းမြစ်ရဲ့ အဓိကမြစ်လက်တက်ကြီးတစ်ခုပါ။ ချင်းတွင်းမြစ်ထဲကို ကလေးဝမြို့ရှေ့မှု ဌေးစေတီအနီးမှာ ပေါင်းဆုံသွားတာပါ။ မြစ်ရေကတော့ တစ်နှစ်ထက်တစ်နှစ်ဆိုသလို နည်းနည်းလာပါတယ်။ တောတွေကလည်းပြုန်း၊ ရေဝေရေလဲတွေကလည်း ပျက်စီးလာတာကြောင့်မြစ်တွေချောင်းတွေခန်းခြောက်လာပါတယ်"ဟု ကလေးဒေသခံပြည်သူတစ်ဦးက ပြောသည်။

"မြစ်သာမြစ်က ချင်းပြည်နယ် မတူပီမြို့နယ်မှ စတင်မြစ်ဖျားခံစီးဆင်းလာတယ်လို့ သိရပါတယ်။ ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ်ထဲကိုတော့ သံပုရာကျေးရွာအနီးမှာ စတင်ဝင်ရောက်ပါတယ်။ နောက်ပြီးတော့ ဂန့်ဂေါမြို့နယ်ထဲကိုတော့ အနောက်တောလေးရွာထဲမှာ စတင်စီးဆင်းဝင်ရောက်ပါတယ်။ မြစ်ရေကတော့ ယခင်နှစ်များထက် နည်းနည်းလာတာကိုတွေ့ရတယ်။ ကြိုးတံတားအနီး အထက်ဘက် အောက်ဘက်တွေဆိုရင် အရင်တုန်းက ဟိုဘက်ကမ်းဒီဘက်ကမ်းကို ကူးမယ်ဆိုရင် လက်ပစ်ကူးရပါတယ်။ ရေအနက် ဆိုရင်တော့ တချို့နေရာတွေဆို ခုနစ်ပေ၊ ရှစ်ပေနက်ပါတယ်။အခု တော့ရေက တချို့နေရာတွေဆို ဒူးခေါင်းသာသာပဲရှိတော့တယ်"ဟု ဂန့်ဂေါမြို့မှ ဒေသခံတစ်ဦးကပြောသည်။

"ဂန့်ဂေါမြို့က အရင်တုန်းက သိပ်မပူဘူးဗျ။ ရာသီမရွေးနေလို့ကောင်းတဲ့မြို့လေးပါ။ ယခုတော့ တော်တော်ကို ပူလာပြီ။ မေ ၂၀ ရက်ကဆို ဂန့်ဂေါမြို့ရဲ့ အပူချိန်က ၄၄ ဒီဂရီစင်တီဂရိတ်ထိတောင်ရှိပါတယ်။ ချောက်မြို့ရဲ့ အပူချိန်က ၄၃ ပဲရှိတယ်။ ဒါကိုကြည့်မယ်ဆိုရင် မြန်မာနိုင်ငံရဲ့ အပူဆုံးမြို့တွေဖြစ်တဲ့ ချောက်မြို့ထက်ကျော်လွန်နေတာကို တွေ့ရတယ်။ ဒီလောက်ပူလို့လည်း မြစ်သာမြစ်က ဒီလောက်ထိ ခန်းနေတာပါ"ဟု ဂန့်ဂေါမြို့ ဒေသခံတစ်ဦးက ပြောကြားသည်။

(လင်းလက်ကြယ်စင်)

မိုးညှင်းစည်ပင်ဌာနပိုင် ငွေကျပ်သိန်းလေးရာပျောက်ဆုံး

မိုးညှင်း မေ ၂၅

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ငွေကျပ်သိန်းလေးရာပျောက်ဆုံးနေသဖြင့် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးဝင်းဦးက မေ ၂၄ ရက်တွင် မိုးညှင်းမြို့မရဲစခန်း၌ တရားလိုပြုလုပ်၍ အမှုဖွင့် တိုင်ကြားထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၃ ရက် နံနက် ၈ နာရီတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးဝင်းဦး၏ မိသားစုများသည် လူမှုရေးကိစ္စဖြင့် မြစ်ကြီးနားမြို့သို့ ထွက်ခွာသွားကြောင်း၊ အလားတူ အင်ဂျင်နီယာမှူးဦးဝင်းဦးသည်လည်း ယင်းနေ့ နံနက် ၉ နာရီတွင် ဟိုပင်မြို့နယ်ခွဲ၌ လမ်းတံတားများတည်ဆောက်နေမှု လုပ်ငန်းများအားသွားရောက်စစ်ဆေးပြီး ညနေ ၄ နာရီခွဲတွင် ၎င်းနေထိုင်ရာ မိုးညှင်းမြို့ မိုးဒါးစုရပ်ကွက်ရှိ စည်ပင်ဝန်ထမ်းအိမ်ရာသို့ ရောက်ရှိခဲ့ကြောင်း၊ ၎င်းနေအိမ်သို့ ပြန်လည်ရောက်ရှိချိန်တွင် ခြံဝင်းတံခါးမှာ သော့ခတ်လျက်တွေ့ရှိရပြီး နေအိမ်တံခါးမကြီး၏ သော့မှာပျက်စီးနေကြောင်း၊ နေအိမ်အတွင်းဝင်ရောက်ကြည့်ရှုရာ အိပ်ခန်းအတွင်းရှိ ဗီရိုသော့မှာ ပျက်စီးနေပြီး ဗီရိုအနီးတွင် ဓားတစ်ချောင်း တွေ့ရှိရပြီး ဗီရိုအတွင်းရှိ မိုးညှင်း၊ ဟိုပင်စည်ပင်ဌာနပိုင်ငွေ တစ်သောင်းကျပ်တန် ကျပ်သိန်း ၁၀၀ လေးထုပ် စုစုပေါင်းကျပ်သိန်း ၄၀၀ ပျောက်ဆုံးနေသဖြင့် အမှုဖွင့်တိုင်ကြားထားခြင်းဖြစ်ကြောင်းသိရသည်။

၎င်းအမှုကို မိုးညှင်းမြို့မရဲစခန်းက (ပ)အမှတ်-၂၇/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၈၀ ဖြင့် တရားခံဖမ်းဆီးရမိရေးအတွက် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကေဆိုင်းနော်(ဖားကန့်)

အပူချိန်မြင့်မားမှုကြောင့် ဖောင်တော်ချက်မရေကန်အတွင်း ငါးများသေဆုံး

နေပြည်တော် မေ ၂၅

အပူချိန်မြင့်မားမှုကြောင့်လယ်ဝေးမြို့နယ် ဖောင်တော်ချက်မစေတီတော်အနီးရှိ ဖောင်တော်ချက်မရေကန်အတွင်းရှိ ငါးများသည် မေ ၂၄ ရက်မှစတင်၍ သေဆုံးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကန်အတွင်းရှိ ငါးများသေဆုံးမှုအား မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဖောင်တော်ချက်မဘုရားဂေါပကအဖွဲ့၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနနှင့် မြို့နယ်စည်ပင်တို့မှ လာရောက်ကြည့်ရှုပြီး ကန်အတွင်းရှိ ငါးအသေများ ဖယ်ရှားခြင်းနှင့် သေဆုံးမှုများ ဆက်လက်မဖြစ်ပေါ်အောင် ကျွမ်းကျင်သူများဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ငါးများသေဆုံးမှုနှင့်ပတ်သက်၍ "နံနက်စောစော ၅ နာရီလောက်က လမ်းလျှောက်ထွက်တဲ့သူတွေ အရင်ဆုံးစတွေ့တာပါ။ မနက်ပိုင်းမှာတော့ ငါးအသေးတွေပဲ သေတာတွေ့ရပြီး နေမြင့်လာတာနဲ့ ငါးအကြီးတွေပါသေကုန်ကြတာ၊ မွန်းလွဲ ၂ နာရီလောက်ကဆိုရင် တစ်ကောင်ကို ရှစ်ပိဿာ၊ ကိုးပိဿာရှိတဲ့ ငါးတွေပါသေနေတာတွေ့ရတယ်။ အခုညနေပိုင်းအထိ ဆယ်နေကြတုန်းပဲ"ဟု အမှတ်(၃)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးဝင်းလှိုင်က ပြောသည်။

(ရွှေကူတ္တို)



စာအုပ်စာပေ လူ့မိတ်ဆွေ

PGG ဂေါက်သီးရိုက်ပြိုင်ပွဲဖိတ်ကြားခြင်း

(၃၇)ကြိမ်မြောက် အပျော်တမ်းဂေါက်သီးရိုက်ပြိုင်ပွဲအား (၁၈-၅-၂၀၁၄) (တနင်္ဂနွေနေ့)တွင် ROYAL MINGALA-RDON GOLF & COUNTRY CLUB တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်လိုသူ အသင်းသားများ (၁၀-၅-၂၀၁၄)ရက် နောက်ဆုံးထား၍ ပြိုင်ပွဲဝင်ကြေး (၂၀၀၀၀)အား ဘုရင့်နောင်ကုန်စည်ဒိုင်နှင့် NICE DAY HOTEL တွင် ငွေပေးသွင်းကြပါရန်။

PGG ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပရေးကော်မတီ

ဖုန်း-၀၁-၉၆၆၄၂၂၅၊ ၀၁-၉၆၆၁၃၉၅၃၊ ၀၉ ၅၀၁၂၆၈၄၊ ၀၉-၇၃၁၅၀၀၅၈

TRADE MARK CAUTION

MR. SUMITR LOKITTIYAKUL (P.P.No.AA1195427) at 45 Soi Nuainoi, Khlaeng Tan Nuea, Watthana, Bangkok, Thailand, is the Owner and Sole proprietor of the following trademark:-

GEO

(Reg: No. IV/18577/2014)

Used in respect the following description of goods, that is to says " Electric Fan ".

Any fraudulent imitation or unauthorized use of the said trademark or other infringements whatsoever, will be dealt with according to law.

U YE NOOS (Advocate) 5341

YE NOOS & ASSOCIATES (Law Firm) for MR. SUMITR LOKITTIYAKUL.

(ye.noos1@gmail.com) (geo-ele@hotmail.com)

ကန့်ကွက်နိုင်ကြောင်းအများသိရှိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ပါရမီနှင့်ဦးဖိုးမှန်လမ်းထောင့်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၀/ခ)၊ မြေကွက်အမှတ်-(၁၀၈+၁၀၉+၁၁၀)၊ မြေဧရိယာ(၀. ၀၂၈+၀. ၀၂၁+၀. ၀၂၅) ဧကရှိ အေရှာမြေ(၃/ခ) ရပြီးမြေကွက်ကိုရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဦးစီးဌာနတွင် ဦးဇာနည်အောင်မျိုးထွေး(ခ)အောင်မျိုးဟိန်းနှင့် ဒေါ်ဇင်ဇင်စွမ်းတို့မှ အမည်ပေါက်ပိုင်ဆိုင်ပါသည်။ အဆိုပါအမည်ပေါက်ပိုင်ဆိုင်သူများထံမှ S.Pအမှတ်-၄၇၅၉/၂၀၁၃ ရယူပြီး လက်ဝယ်ရရှိပိုင်ဆိုင်ထားသူဦးမျိုးသန်းခိုင်ထံမှ ၂၀၁၄ခုနှစ်၊မတ်လ (၁၈)ရက်နေ့တွင် ပြုလုပ်သည့်(မြေအရောင်းအဝယ်ကတိစာချုပ်)ဖြင့် စရန်ပေးဝယ်ယူထားသူ ဦးကျော်ကျော်မှ တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေမှဝယ်ယူရန် စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇-ရက်အတွင်း) ကျွန်ုပ်ထံသို့ တရားဝင်စာရွက်စာတမ်း၊ အထောက်အထားခိုင်လုံစွာယူဆောင်ပြီး လာရောက်တွေ့ဆုံနိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်းလာရောက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်အေးအေးရီ(**LL.B**)
တရားလွှတ်တော်ရှေ့နေ(၄၃၇၃)

ဒေါ်လှလှခိုင်(**LL.B**)
တရားလွှတ်တော်ရှေ့နေ(၅၄၁၀)

အမှတ်(၉/၁၁)၊ အခန်းအမှတ်(၂၀၁-**A**)၊ ဒုတိယထပ်၊ ၃၆လမ်း(အောက်ဆုံး)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ဒသမမြောက် အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆု ရရှိခဲ့သည့် ကျန်းကျိရီ

မကြာမီက ကျင်းပပြီးစီးခဲ့သည့် စတုတ္ထအကြိမ်မြောက် ပေကျင်း နိုင်ငံတကာရုပ်ရှင်ပွဲတော် ပိတ်ပွဲအခမ်းအနားတွင် တရုတ်မင်းသမီး ကျန်းကျိရီက ၎င်း၏ ဒသမမြောက် အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆုကို ဒါရိုက်တာ ဝမ်ကာဝေ၏ The Grandmaster ဇာတ်ကားဖြင့် ရရှိဆွတ်ခူးနိုင်ခဲ့သည်။

အဆိုပါဆုပေးပွဲတွင် ယင်းဇာတ်ကားသည် ဆုအများဆုံးရရှိဆွတ်ခူးနိုင်ခဲ့သည့် ဇာတ်ကားတစ်ကားဖြစ်ခဲ့ပြီး အခြားဆုရှင်များ အနေဖြင့် အကောင်းဆုံးဇာတ်ကားဆုကို အိန္ဒိယဇာတ်ကား Siddharth ကရရှိခဲ့သည်။

တရုတ်မင်းသမီး ကျန်းကျိရီသည် တောင်ကိုရီးယားကြယ်ပွင့် ဆောင်းဟေကျိုအပါအဝင် ဂျပန်မင်းသား၊ မင်းသမီးများနှင့် ဟောင်ကောင်မင်းသားတို့ပါဝင်ထားပြီး ယခုနှစ် ဒီဇင်ဘာလတွင် ဖြန့်ချိပြသမည့် The Crossing ဇာတ်ကားတွင်လည်း အဓိကဇာတ်ဆောင်တစ်ဦးအနေဖြင့် ပါဝင်ထားသည်။

The Other Woman ၏ ပွဲဦးထွက်ရုံဝင်ငွေမြင့်မား

ဇာတ်ကားစတင်မိတ်ဆက်ပွဲတွင် တွေ့ရသည့် The Other Woman ဇာတ်ကားမှ အဓိကဇာတ်ဆောင်သုံးဦး။

20th Century Fox ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ပြီး ယင်းကုမ္ပဏီ၏ ပင်တိုင်မင်းသမီးများဖြစ်ကြသည့် Cameron Diaz၊ Leslie Mann နှင့် Kate Upton တို့ ပါဝင်သရုပ်ဆောင်ထားသည့် The Other Woman အချစ်ဟာသ ဇာတ်မြူးဇာတ်ကားသည် အဖွင့်ပွဲစဉ်မှာပင် ဝင်ငွေမြင့်မားစွာဖြင့် ရုံဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၂၀ ကျော်ရရှိခဲ့သည်။

အမျိုးသမီးသုံးဦးနှင့် အမျိုးသားတစ်ဦးအကြား ချစ်ဇာတ်လမ်းကိုပုံဖော်ထားသည့် ယင်းဟာသဇာတ်ကားတွင် မော်လ်ဒယ်နှင့် သရုပ်ဆောင် Kate Upton အနေဖြင့် ယင်းဇာတ်ကား၏ ဇာတ်ဝင်ခန်းအချို့တွင် ပါဝင်သည့် ဇာတ်ဝင်ခန်းရိုက်ကူးစဉ်က ၎င်းအတွက် သက်သောင့်သက်သာမဖြစ်စေခဲ့ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ယင်းဇာတ်ကားကို ယခုလ ၂၅ ရက်က နိုင်ငံတကာသို့ စတင်ဖြန့်ချိပြသခဲ့ကြောင်း သိရသည်။

အမေရိကန်ဝါရင့်အနုပညာရှင် John Wayne ၏ ကောင်းဘွိုင်ဦးထုပ် လေလံတင်ရောင်းချ

အမေရိကန် ရုပ်ရှင်လောက၏ ဝါရင့်သရုပ်ဆောင်၊ ဒါရိုက်တာနှင့် ထုတ်လုပ်သူတစ်ဦးဖြစ်သည့် John Wayne အသုံးပြုခဲ့သည့် ကောင်းဘွိုင်ဦးထုပ်ကို ဧပြီ ၂၉ ရက်မှစတင်ကာ လော့စ်အိန်ဂျလိစ်၌ အမေရိကန်ဒေါ်လာ သုံးသောင်းကျော်ဖြင့် စတင်လေလံတင် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

အကယ်ဒမီဆုရှင် John Wayne သည် ဆယ်စုနှစ်သုံးခုကြာ အမေရိကန်ရုပ်ရှင်လောက၏ ထိပ်တန်းနေရာကို သိမ်းပိုက်ထားနိုင်ခဲ့ပြီး သရုပ်ဆောင်အနေဖြင့် အကယ်ဒမီနှစ်ဆုနှင့် ထုတ်လုပ်သူအနေဖြင့် အကယ်ဒမီတစ်ဆုတို့ကို ဆွတ်ခူးခဲ့သူလည်းဖြစ်သည်။

လေလံတင်ရောင်းချမည့် John Wayne ၏ အဆိုပါဦးထုပ်အား ၁၉၆၁ ခုနှစ်က The Comancheros ဇာတ်ကားတွင်လည်းကောင်း၊ ၁၉၆၃ ခုနှစ်က McLintock! ဇာတ်ကားတွင်လည်းကောင်း၊ ၁၉၆၅ ခုနှစ်က The Sons of Katie Elder ဇာတ်ကားတွင်လည်းကောင်း၊ ၁၉၆၆ ခုနှစ်က El Dorado ဇာတ်ကားနှင့် ၁၉၆၉ ခုနှစ်က The Undefeated ဇာတ်ကားတို့တွင်လည်းကောင်း အသုံးပြုခဲ့ခြင်းဖြစ်သည်။

အမေရိကန်ဝါရင့် အနုပညာရှင်တစ်ဦးဖြစ်သည့် John Wayne သည် အသက်(၇၂)နှစ် အရွယ်တွင် ကင်ဆာရောဂါဖြင့် ကွယ်လွန်ခဲ့ပြီး ၎င်း၏ အနုပညာသက်တမ်းတစ်လျှောက်တွင် ဇာတ်ကားပေါင်း ၁၄၂ ကားတွင် ပါဝင်သရုပ်ဆောင်ခဲ့သည်။

မျိုးစန္ဒာမောင် စုစည်းသည်

, ae½yjriolum;tptp0tu;0;

၂၆-၄-၂၀၁၄ (စနေနေ့)

MRTV

၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၆း၂၅ ကိုယ်စိတ်ကျန်းမာလေ့ကျင့်ပါ
၆း၃၅ သံသာချိုအေးမင်္ဂလာတေး
၆း၄၅ "သယံဇာတဇီဝစုံလင် မြန်မာ့ပတ်ဝန်းကျင်"
၁၀း၁၅ "နိုင်ငံတော်သမ္မတ၏နိုင်ငံ့စွမ်းဆောင်ရည်ဆု"
၁၀း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ခေတ်တစ်ခေတ်ရဲ့ကြေးမုံသွင်" (အပိုင်း-၆၁)
၁၁း၃၀ ချစ်စရာ့အရွယ်ကစားကြမယ်
၃း၁၅ "ရွှေရောင်နေ့သစ်များဆီသို့"
၄း၁၅ တေးဂီတအစီအစဉ်
၄း၂၅ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ်(စီးပွားရေးပညာ၊ အိမ်တွင်းစီးပွားအထူးပြုများ) (စီးပွားရေးပညာ)
၅း၁၅ "ဒေသဖွံ့ဖြိုးမှုရဲ့ပြယုဂ်အဖြစ် သက်သေထားဆိပ်ကြီးခနောင်တိုတံတား"
၅း၃၀ ငယ်မူပျက်ပန်သူ့ဆိုပျက်
၆း၂၀ မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၈း၂၀ "အနာဂတ်နိုင်ငံတော်ကို ပုံဖော်ထုဆစ်မည့်လူငယ်များ၊ ယနေ့လူငယ်နောင်ဝယ်လူကြီး" -ဂီတတံခါးလေးဖွင့်ပါဦး

MRTV-4

၅း၀၀ ပဌာန်းပါဠိတော်+အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
၅း၄၀ "စစ်မှန်သောကိုးကွယ်ခြင်း" တရားတော်(အပိုင်း-၁) [ဆရာတော်အရှင်အဂ္ဂသာရ]
၁၀း၀၀ ခေတ်သစ်ပျိုမေ
၁၀း၄၅ ရဟန်းခံရှင်ပြုသီလရှင်ဝတ် အလှူတော်မင်္ဂလာအခမ်းအနား
၁၀း၅၅ ဓလေ့ရိုးရာမမေ့သာ
၁၂း၀၅ MRTV-4 ကျန်းမာရေးကဏ္ဍ (အစာအဆိပ်သင့်ခြင်း)
၈း၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သားတို့အိမ်ကလေး" (အပိုင်း-၃၀)
၉း၄၀ နယ်ဥ်ဆန်းထွင်ပန်းအလှဆင် (ပန်းအိုးရှည်အလျားလိုက်ပန်းအိုးထိုးနည်း)
၁၀း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး"[လွန်လွန်ကဲကဲ (အပိုင်း-၁)]
၃း၄၅ မြင့်မြတ်စိတ်ထား AIKI-KEN အားကစား
၄း၁၅ စိတ်၏ကကြိုး

Spain Laliga ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၃၀	Elche -Levante	(Star Sports)
၈း၃၀	Granada -Royo Vallecano	(Star Sports)
၁၀း၃၀	Getafe -Malaga	(Star Sports)
နံနက်ပိုင်း	**ပွဲစဉ်**	**ပြသမည့်လိုင်း**
၁၂း၃၀	Real Madrid -Osasuna	(Star Sports)(MRTV-4)

MWD

၆း၀၃ တရားတော်
၆း၁၀ မေတ္တာပို့
၆း၁၆ ဓမ္မပူဇာတေး
၆း၂၀ ယောဂ
၈း၁၀ မွေးမြူသုတ
၈း၂၀ မြတ်နိုးစရာရိုးရာလက်မှုပညာ
၈း၃၅ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
၁၁း၄၀ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **-ကတ်ကတ်လန်** (မြင့်မြတ်၊ ခိုင်သင်းကြည်နှင့်သရုပ်ဆောင်များ) (ဒါရိုက်တာ-မီးပွား)
၄း၁၃ ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
၄း၂၅ မြန်မာသံစဉ်ချိုနားဝင်
၄း၃၅ ချစ်သူစုံတွဲတူယှဉ်နွဲ
၅း၃၀ ရွှေလမ်းငွေလမ်းသူဌေးလမ်း
၆း၁၀ စားဖိုဆောင်ချစ်သူ
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "နတ်သမီးပုံပြင်" (အပိုင်း-၃၅)





tra&mi;rn

(၄၀'×၆၀')၊ 2 BN၊ တိုက်သစ် ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ (၄၆)လမ်းဆုံနှင့် ဗိုလ်မှူးဗထူးလမ်းမကြီးအနီး (၄)ရပ်ကွက်၊ ယောမင်းကြီး(၄)လမ်း၊ အမှတ် (၁၄၆၀)။

(ညှိနှိုင်းဈေးကို ဆုံးဖြတ်နိုင်မည့်သူ သာလာကြည့်ပါ။)

tvre,ulr;usi(o)toi

ကျား (၁) ဦး အလိုရှိသည်။
အသက် (၂၅) နှစ်အောက်
စရိတ်ငြိမ်း လစာ ၅၀၀၀၀/-
ဖုန်း- ၀၉-၇၃၁၃၇၃၁၇

ueuuEialumi;

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊ လှိုင်မြစ် (၂)လမ်း၊ အမှတ် (၅/က) ဟုခေါ်တွင်သော မြေကွက်ပေါ်ရှိ အလျားပေ (၄၀)၊ အနံ (၁၁½ပေ)အကျယ်ရှိသော တိုက်ခန်းမြေညီထပ် (ထပ်ခိုးပါ) အလယ်ခန်းအား လက်ရှိ ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသူ ဦးငွေးလှဝင်း [၁၂/မဂဒ(နိုင်) ၀၁၈၉၀၃] ထံမှ ကျွန်ုပ်က ဝယ်ယူရန် စရန်ငွေ၏ အချို့တစ်ဝက်အားပေးချေပြီး ဖြစ်ပါ၍ ကန့်ကွက်လိုပါက (၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

ဦးဘုန်းမြတ်ဟိန်း
[၁၂/ပဇတ(နိုင်) ၀၃၂၃၈၅]
၀၉-၄၂၅၂၉၈၇၉၂

ao;on tou

ချန်ပီယံဆုအတွက် လီဗာပူးနှင့် ချယ်လ်ဆီးတို့ ပြိုင်ဆိုင်မှုပြင်းထန်မည့် အန်ဖီးလ်တိုက်ပွဲ

ဝင်းထွဋ်ဦး

အင်္ဂလန်ပရီမီယာလိဂ်ပွဲစဉ်(၃၆)၏ ဧပြီ ၂၇ ရက်(တနင်္ဂနွေနေ့)တွင် ကစားမည့် သုံးပွဲအနက် လီဗာပူးနှင့် ချယ်လ်ဆီးတို့ လီဗာပူးအိမ်ကွင်းအန်ဖီးလ်၌ ဆုံတွေ့ကြမည့်ပွဲမှာ ပရီမီယာလိဂ်ချစ်ပရိသတ်များ စိတ်ဝင်တစားစောင့်ကြည့်ရင်ခုန်ကြရမည့် ပွဲကြီးပွဲကောင်းတစ်ပွဲပင်ဖြစ်သည်။ တစ်နည်းအားဖြင့် ချန်ပီယံဆုအတွက် အဆုံးအဖြတ်ပေးမည့်ပွဲဟုလည်း ဆိုနိုင်သည်။

လီဗာပူးအသင်းသည် ၂၄ နှစ်ကြာ မက်ခဲ့ရသည့် ချန်ပီယံအိပ်မက်ကို အကောင်အထည်ဖော်နိုင်ရန် အကောင်းဆုံးအနေအထားကို လက်ဝယ်ပိုင်ဆိုင်ထားပြီဖြစ်သည်။ ပြိုင်ဘက်ချယ်လ်ဆီးမှာလည်း ချန်ပီယံဆုမျှော်လင့်နိုင်သေးသည့် အနေအထားရှိသည့် အသင်းဖြစ်နေသည်။ ပွဲစဉ်(၃၅)အပြီး နှစ်သင်းကြား အမှတ်ကွာဟချက်က ငါးမှတ်ပြတ်သွားသော်လည်း ချန်ပီယံဆုအတွက် အတိအကျ အဖြေထုတ်မပြောနိုင်သေးပါ။ အခုပွဲက ချန်ပီယံဆုအတွက် အလှည့်အပြောင်းဖြစ်သွားနိုင်သည် မဟုတ်ပါလား။ ချန်ပီယံစိတ်ဓာတ်အပြည့်အဝဖြင့် ချန်ပီယံဆုဆီ ချီတက်နေသည့် လီဗာပူးအသင်း အမှားခံမှာမဟုတ်သလို ချန်ပီယံဆု မျှော်လင့်ချက်ရှိနေသေးသည့် ချယ်လ်ဆီးလည်း ခြေချော်၍မရဖြစ်နေပေသည်။ နှစ်သင်းစလုံး ချန်ပီယံမျှော်လင့်ချက်ဆိုသည့် ဖိအားအောက်က ရုန်းထွက်ကြရမည့်ပွဲဖြစ်သည်။

အနိုင်ရလဒ်အတွက် နှစ်သင်းပြိုင်ဆိုင်မှု အပြင်းထန်ဆုံးဖြစ်မည်မှာ ရာနှုန်းပြည့်သေချာနေသည်ဟု ဆိုနိုင်သည်။ နှစ်သင်း၏နောက်ဆုံး ခြေစွမ်းပိုင်းကို ယှဉ်ကြည့်လျှင် အိမ်ရှင်လီဗာပူးအားသာချက်အနည်းငယ် ပိုရှိနေသည်ကို တွေ့ရသည်။ ပရီမီယာလိဂ်နောက်ဆုံးသုံးပွဲတွင် လီဗာပူးတို့ရှုံးပွဲမရှိခဲ့။ အိမ်ကွင်း၊ အဝေးကွင်းပွဲတိုင်း အကောင်းဆုံးခြေစွမ်းနှင့် ရလဒ်ကောင်းများ ရယူနိုင်ခဲ့သည်။ ချယ်လ်ဆီးမှာ နောက်ဆုံးသုံးပွဲတွင် နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးနိမ့်ပြီး ဆန်းဒါးလန်းကို အိမ်ကွင်းတွင် မထင်မှတ်ဘဲ ရှုံးခဲ့ရ၍ ချန်ပီယံမျှော်လင့်ချက် လျော့ကျသွားခဲ့ရသည်။ အသင်းလိုက်ရော ကစားသမားတစ်ဦးချင်းပါ အကောင်းဆုံးပုံစံရနေသည့်အသင်းဟု သတ်မှတ်၍ မရဖြစ်ခဲ့သည်။ နောက်တစ်ခုရှိနေသည်မှာ ချယ်လ်ဆီးသည် ချန်ပီယံလိဂ်ပြိုင်ပွဲ ဆီမီးပွဲအတွက် အာရုံစိုက်နေရခြင်းပင်ဖြစ်သည်။

လီဗာပူးနှင့်ပွဲပြီးလျှင်လည်း မေ ၁ ရက်မှာ အက်သလက်တီကိုအသင်းကို အိမ်ကွင်းမှာ ဧည့်ခံကစားပေးရဦးမည်ဖြစ်သည်။ ချန်ပီယံလိဂ်ပြိုင်ပွဲကလည်း မျှော်လင့်နိုင်သည့်အနေအထားဖြစ်နေသဖြင့် အခုအန်ဖီးလ်ကွင်းပွဲစဉ်ကို အင်အားပြည့်ကစားပါမည်လား။ စဉ်းစားစရာဖြစ်နေသည်။

သို့သော် ချယ်လ်ဆီးနည်းပြ မော်ရင်ဟို၏ နည်းဗျူဟာပိုင်း၊ ပွဲထွက်ကစားသမားများ၏ စွမ်းဆောင်ရည်ပိုင်းသည် ပြိုင်ဘက်အသင်းကြီးများနှင့်တွေ့ဆုံတိုင်း အကောင်းဆုံးပုံစံရယူနိုင်ခဲ့သည်။ ခြေစွမ်းရော ရလဒ်ပိုင်းပါကောင်းမွန်ခဲ့၍ ထိုအချက်ကိုတော့ ယခုပွဲအတွက် ထည့်တွက်ထားသင့်သည်။ မန်ယူနှင့်နှစ်ပွဲ (သရေ၊ နိုင်)၊ မန်စီးတီးနှင့်နှစ်ပွဲ(နိုင်)၊ အာဆင်နယ်နှင့်နှစ်ပွဲ(သရေ၊ နိုင်)၊ လီဗာပူးကိုလည်း ပထမအကျော့ပွဲစဉ်မှာ ၂-၁ ဂိုးဖြင့်အနိုင်ရခဲ့သည်။ ထိုအစဉ်အလာ ရလဒ်ကောင်းကို အန်ဖီးလ်ကွင်းမှာ မော်ရင်ဟိုနှင့်သူ့အသင်းသားတွေ ဆက်ထိန်းနိုင်အောင်ကြိုးစားယှဉ်ပြိုင်လေမလား။ စောင့်ကြည့်ရမည်သာဖြစ်သည်။

မည်သို့ပင်ဖြစ်ပါစေ ချန်ပီယံဆုမျှော်လင့်ချက်ရှိနေသည့် အသင်းကြီးနှစ်သင်း ထိပ်တိုက်တွေ့ဆုံသည့် ပွဲစဉ်ဖြစ်၍ နှစ်သင်း၏ ပြိုင်ဆိုင်မှု အပြင်းထန်ဆုံးနှင့် ကြည့်ကောင်းမည့်ပွဲဖြစ်မှာကတော့ ကျိန်းသေပေါက်သေချာနေသည်။ ပြိုင်ဆိုင်မှု ပြင်းထန်မည့် အန်းဖီးလ်တိုက်ပွဲမှာ ဘယ်သူအနိုင်ရသွားမှာလဲ။ ချန်ပီယံဆုနှင့် အနီးဆုံးအနေအထားကို ဘယ်အသင်းရောက်သွားမလဲ။ စောင့်ကြည့်အားပေးကြပါစို့။

ချယ်လ်ဆီးကွင်းလယ်ကစားသမားရာမီရက်စ် လေးပွဲပယ်ပြစ်ဒဏ်ချမှတ်ခံရ

ချယ်လ်ဆီးအသင်းမှ ဘရာဇီးကွင်းလယ်ကစားသမား ရာမီရက်စ်သည် ပြီးခဲ့သည့် စနေက ချယ်လ်ဆီးအိမ်ကွင်းစတမ်းဖို့ဒ်ဘရစ်ချ်၌ ယှဉ်ပြိုင်ကစားခဲ့သည့် ဆန်းဒါးလန်းအသင်းနှင့် ပွဲစဉ်တွင် ဆန်းဒါးလန်းကစားသမား ဆီဘက်စတီယန်လာဆန်အား ကြမ်းတမ်းစွာကစားခဲ့ခြင်းကြောင့် လေးပွဲပယ်ပြစ်ဒဏ် ချမှတ်ခံခဲ့ရသည်။

ပရီမီယာလိဂ်ပွဲစဉ်(၃၅)တွင် ရာမီရက်စ်သည် ပထမပိုင်းပွဲပြီးဆုံးခါနီး အချိန်တွင် လာဆန်အား ကြမ်းတမ်းစွာကစားခဲ့သော်လည်း ယင်းအချိန်က ရာမီရက်စ်၏ ကြမ်းတမ်းစွာကစားခဲ့မှုကို ကွင်းလယ်ဒိုင်အနေဖြင့် ပြစ်ဒဏ်တစ်စုံတစ်ရာ ချမှတ်ခဲ့ခြင်းမရှိခဲ့ပေ။

သို့ရာတွင် ယင်းပွဲစဉ်၌ ကွင်းလယ်ဒိုင်က ဆန်းဒါးလန်းအသင်းအား ပင်နယ်တီပြစ်ဒဏ်ဘောကန်ခွင့်ပြုခဲ့ခြင်းကြောင့် ချယ်လ်ဆီးနည်းပြမော်ရင်ဟိုနှင့် လက်ထောက်နည်းပြဖြစ်သူ ဖာရီယာတို့ ကွင်းလယ်ဒိုင်အား အမျက်ဒေါသထွက်ခဲ့ခြင်းတို့၏ ရလဒ်အဖြစ် မော်ရင်ဟို၊ ဖာရီယာနှင့် ရာမီရက်စ်တို့သုံးဦး တရားစွဲဆိုခံရဖွယ်ရှိနေသည်ဟု သတင်းများထွက်ပေါ်ခဲ့သည်။ နည်းပြမော်ရင်ဟိုအနေဖြင့် ဆန်းဒါးလန်းအား ရှုံးခဲ့သည့် ပွဲစဉ်နှင့် စပ်လျဉ်း၍ ဝေဖန်မှုများ ရှိခဲ့သော်လည်း ပြစ်ဒဏ်ချမှတ်ခံမည့်အရေးကို ဖယ်ကြဉ်စေမည့် အခွင့်အလမ်းအဖြစ် အဆိုပါပွဲစဉ်၌ ကိုင်တွယ်ခဲ့သည့် ကွင်းလယ်ဒိုင်မိုက်ဒန်း၏ စွမ်းဆောင်ရည်သည် ကောင်းမွန်ကြောင်းနှင့် ဆန်းဒါးလန်းအသင်းအား ပင်နယ်တီပေးခဲ့ခြင်းမှာ မယုံကြည်လောက်စရာတစ်ခုအဖြစ်သာ မြင်ခဲ့သည်ဟု ချီးကျူးစကားပြန်လည်တုံ့ပြန်ခဲ့သည်။ ကွင်းလယ်ကစားသမား ရာမီရက်စ်ကိုမူ လေးပွဲပယ်ပြစ်ဒဏ် ချမှတ်ခဲ့သည်။

ချယ်လ်ဆီးကွင်းလယ်ကစားသမား ရာမီရက်စ်သည် လေးပွဲပယ်ပြစ်ဒဏ် ချမှတ်ခံခဲ့ရခြင်းကြောင့် ချယ်လ်ဆီးအသင်း၏ ပရီမီယာလိဂ်လက်ကျန်ပွဲစဉ်များဖြစ်သည့် လီဗာပူး၊ နော့ဝှစ်ချ်နှင့် ကာဒစ်ဖ်အသင်းတို့နှင့် ကစားရမည့် ၂၀၁၃-၂၀၁၄ ဘောလုံးရာသီ၏ နောက်ဆုံးပွဲစဉ်သုံးပွဲ အပါအဝင် ၂၀၁၄-၂၀၁၄ ဘောလုံးရာသီ၏ အဖွင့်ပွဲစဉ်တစ်ပွဲ စုစုပေါင်းလေးပွဲအား ချယ်လ်ဆီးအသင်းနှင့်အတူ ပါဝင်ပွဲထွက်ခွင့်ဆုံးရှုံးရတော့မည်ဖြစ်သည်။

ငွေကြယ်

ရာဖေးလ်နာဒယ် ဘာစီလိုနာအိုးပင်း ကွာတားဖိုင်နယ်တက်

ကမ္ဘာ့နံပါတ်တစ်အဆင့်ရှိ စပိန်တင်းနစ်အကျော်အမော် ရာဖေးလ်နာဒယ်သည် ဘာစီလိုနာအိုးပင်းတင်းနစ်ဖလားပြိုင်ပွဲ၏ (၁၆)ဦးအဆင့်ပွဲစဉ်တွင် ခရိုအေးရှားတင်းနစ်ကစားသမား အိုင်ဗန်ဒိုဒစ်အား အနိုင်ရရှိခဲ့ပြီးနောက် ဘာစီလိုနာအိုးပင်းတင်းနစ်ပြိုင်ပွဲ၏ ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းလာခဲ့သည်။

စပိန်တင်းနစ်ပရော်ဖက်ရှင်နယ် ရာဖေးလ်နာဒယ်သည် ဘာစီလိုနာအိုးပင်း (၁၆)ဦးအဆင့်တွင် ပြိုင်ဘက်ခရိုအေးရှားတင်းနစ်ကစားသမား အိုဗန်ဒိုဒစ်အား ၁ နာရီနှင့် ၂၃ မိနစ်ကြာ အကြိတ်အနယ်ကစားပြီး ၆-၃၊ ၆-၃ ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ကွာတားဖိုင်နယ်တွင် အယ်လ်မာဂရိုနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ယမန်နှစ် ဘာစီလိုနာအိုးပင်းနောက်ဆုံးဗိုလ်လုပွဲတွင် ၎င်းတို့နှစ်ဦး တွေ့ဆုံခဲ့ရာ၌ နာဒယ်က အနိုင်ရရှိခဲ့သည်။

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့် သက်မွေးပညာဦးစီးဌာန လက်အောက်ရှိ နည်းပညာတက္ကသိုလ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံနှင့် အစိုးရနည်းပညာ အထက်တန်းကျောင်းများအတွက် Chemistry Lab Equipments နှင့် Physics Lab Equipments များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၈-၄-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁)တွင် လာရောက်ထုတ်ယူနိုင်ပြီး ၁၆-၅-၂၀၁၄ရက် (၁၆:၃၀) နာရီ နောက်ဆုံးထား၍ တင်ဒါများပြန်လည်တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံစည်းကမ်းချက်များ၊ ပစ္စည်းစာရင်းနှင့် အသေးစိတ် အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၄၀၀၇၊ ၀၆၇-၄၀၄၅၀၄ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

အပူဒဏ်အန္တရာယ် ကာကွယ်ရေး နှိုးဆော်ချက်

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီ ဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှု များပြားသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများ ထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသောအခြေအနေအထိ ဖြစ်တတ်သည်။

လိုက်နာဆောင်ရွက်ရန်

သို့ဖြစ်၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။

(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။

(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။

(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့်ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။

(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။

(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၇) ပွပွချောင်ချောင် ချည်ထည်များကိုဝတ်ဆင်ပါ။

(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့် ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။

(၉) ကိုယ်အပူချိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။

(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ အခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသောနေရာမျိုး၌ နားနေပါ။

(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက်နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်များ ပြိုကျပျက်စီး

စစ်ကိုင်း မေ ၂၅

စစ်ကိုင်းမြို့နယ် မင်းကွန်းတိုက်နယ် မယ်ဇလီချောင်းကျေးရွာ၌ မေ ၂၅ ရက် နံနက် ၃ နာရီခွဲတွင် ရုတ်တရက် လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်ခြောက်လုံး ပြိုကျပျက်စီးပြီး အချို့နေအိမ်များ အမိုးလန်ပျက်စီးခဲ့သည်။

နေအိမ်ပြိုကျပျက်စီးခဲ့သော အိမ်များမှာ ဦးအောင်စိုးမိုး၊ ဦးမျိုးချစ်၊ ဦးစိုး၊ ဦးတင်ဆန်း၊ ဦးခင်မောင်ဝင်းနှင့် ဦးခင်မောင်သန်းတို့၏ နေအိမ်များ ဖြစ်သည်။

ဖြစ်ပွားရာသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းညို၊ ခရိုင်ရဲမှူး ဒုတိယရဲမှူးကြီးမြင့်ဆွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်နှင့် အထောက်အကူပြုအဖွဲ့များ သွားရောက်၍ နေအိမ်များ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် ကူညီဆောင်ရွက်ပေးခဲ့သည်။

လေပြင်းဒဏ်ကြောင့် လူနှင့် တိရစ္ဆာန်များ သေဆုံးမှုမရှိကြောင်း သိရသည်။ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးငွေမင်းနှင့် ကျေးရွာအထောက်အကူပြုအဖွဲ့ဝင်များ၊ ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင်များက အပျက်အစီးများကို ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထွေးမြင့်နိုင်(စစ်ကိုင်း)

ကလေးဝ၌ ဆင်နင်းခံရ၍ လူနှစ်ဦးသေဆုံး

ကလေးဝ မေ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ်တွင် မေ ၂၄ ရက် နံနက် ၄ နာရီခန့်က နန်းဇလိန်ကျေးရွာနေ ဦးညီညီထွေး(၄၂)နှစ်သည် ကလေးဝ-မော်လိုက်ကားလမ်း မိုင်တိုင် (၂၃) ၌ လည်းကောင်း၊ ဦးဘသောင်း(၈၂)နှစ်သည် ကွင်းအမှတ် (၁၄၄/၁) ကလေးဝ - မော်လိုက်ကားလမ်း မိုင်တိုင်အမှတ်(၂၄/၄)၌ လည်းကောင်း ဆင်နင်းခံရ၍ နှစ်ဦးစလုံးသေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါဆင်သည် မော်လိုက်(အရှေ့) ကြိုးဝိုင်းသစ်ထုတ်လုပ်ရေးမှ ဆင်ဖြစ်ပြီး ယင်းဆင်အား မေ ၂၄ ရက် ညနေ ၆ နာရီက ကလေးဝ-မော်လိုက်ကားလမ်း အနောက်ဘက် မိုင်တိုင်အမှတ် (၂၅/၂)၌ ပြန်လည်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

(ချင်းတွင်းသား)

ပဲခူး၌ ဆိုင်ကယ်တိုက်မှုဖြစ်ပွား တစ်ဦးသေ

ပဲခူး မေ ၂၅

ပဲခူးမြို့ ရန်ကုန်-မန္တလေး ကားလမ်းမဘေး ကြယ်တာရာစားသောက်ဆိုင် အနီးတွင် မေ ၂၃ ရက် ည ၉ နာရီက ယာဉ်တိုက်မှုဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာ ရန်ကုန်ဘက်မှ ယာဉ်မောင်း ဦးလှမျိုး အသက်(၅၄)နှစ် မြို့တွင်းကြီးရပ်ကွက် ပဲခူးမြို့နေသူသည် ၃ယ/---- KENBO အမျိုးအစားဆိုင်ကယ်အား တစ်ဦးတည်း မောင်းနှင်လာပြီး ရှေ့မှအမည်မသိ ဆိုင်ကယ်အမျိုးအစားမသိ သုံးယောက်စီးနင်းလိုက်ပါလာသောဆိုင်ကယ်အား ပဲခူးမြို့ ကြယ်တာရာစားသောက်ဆိုင်အနီး မိုင်တိုင်အမှတ်(၅၁/၅)အနီးအရောက်တွင် ကျော်တက်စဉ် ဝင်ရောက်တိုက်မိကာ ဆိုင်ကယ်လဲကျသွားခဲ့ပြီး အမည်မသိ ဆိုင်ကယ်မောင်းသူမှာ ထွက်ပြေးသွားခဲ့သည်။ ယာဉ်တိုက်မှုကြောင့် ဦးလှမျိုးမှာ ဝဲဘက်မျက်လုံးဖူးရောင်၊ ဝဲဘက်ချိုစောင်း ကွဲဒဏ်ရာ၊ နားသွေးထွက်ဒဏ်ရာများရရှိခဲ့ပြီး ပဲခူးပြည်သူ့ဆေးရုံကြီးတွင် သေဆုံးသွားခဲ့သဖြင့် ယာဉ်အား မဆင်မခြင်မောင်းနှင်သူ ဦးလှမျိုးနှင့် ထွက်ပြေးတိမ်းရှောင်သွားသော အမည်မသိ ယာဉ်မောင်းတို့နှစ်ဦးအား ဥပဒေအရအရေးယူထားကြောင်း သိရသည်။

(ပဲခူးသား)

မီး လောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ် ထားပါ။

(ခ) ကျိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။

(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။

(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီပူးပေါင်း ငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန

(၂၅)နှစ်မြောက် ငွေရတုမင်္ဂလာဆုတောင်း

ချစ်ဖေ ဗိုလ်မှူးစိုးလွင်(ငြိမ်း)AGM(GTB)(BYN Branch)နှင့် ချစ်မေ ဒေါ်နန်းမြမြအေးတို့၏ ၂၆-၄-၂၀၁၄ ရက်တွင် ကျရောက်သော(၂၅)နှစ်မြောက် ငွေရတုမင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သား၊ ချစ်သမီးနှင့်အတူ သာယာချမ်းမြေ့လှပသည့် မိသားစုဘဝကို ပျော်ရွှင်စွာ လျှောက်လှမ်းရင်း သာသနာပြုနိုင်ပါစေဟု ဆုမွန်ကောင်းတောင်းလျက်-

ချစ်သားကြီး - ဗိုလ်ကြီးရန်ပိုင်စိုးလွင် **B.C.Sc (D.S.A)**
ချစ်သမီးငယ် - မသန္တာစိုးလွင် **B.A(English)(YUFL)(Global Treasure Bank)**

မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစု ဆွမ်းကပ်တွေ့ဆုံပွဲ ဖိတ်ကြားလွှာ

မန္တလေးတိုင်းဒေသကြီး၊ သမဝါယမအသင်းစုတွင် တာဝန်ထမ်းဆောင်ခဲ့ကြပြီး အနားယူခဲ့ကြသော အမှုဆောင်ဟောင်းများ၊ ဝန်ထမ်းဟောင်း ညီအစ်ကိုမောင်နှမများ စုပေါင်း၍ သံဃာတော်အရှင်သူမြတ်များအား ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့်မိတ်ဆုံစားပွဲ ပြုလုပ်သွားမည် ဖြစ်ပါသည်။ အမှုဆောင်ဟောင်းများ၊ ဝန်ထမ်းဟောင်းများ ကုသိုလ်ပြု ပါဝင်လှူဒါန်းနိုင်ရန်နှင့် မိတ်ဆုံစားပွဲသို့ ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ အခမ်းအနားကို ၄-၅-၂၀၁၄ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၂ နာရီအထိ မန္တလေးတိုင်းဒေသကြီး၊ သမဝါယမအသင်းစုချုပ် မော်တော်ယာဉ်ရုံးဝင်း၊ နို့ချက်စက်ရုံတောင်ဘက်၊ ပြည်ကြီးတံခွန်မြို့နယ်အတွင်း ကျင်းပသွားမည်။ ၉-၄-၂၀၁၄ ရက်ထုတ် မန္တလေးနေ့စဉ်သတင်းစာနှင့် ၁၀-၄-၂၀၁၄ ရက်ထုတ် ရတနာပုံသတင်းစာတို့တွင် ကြေညာခဲ့ပြီး ဖြစ်ပါသည်။ အောက်ပါသူငယ်ချင်းများနှင့် နီးစပ်ရာ သူငယ်ချင်းများထံမှ ဆက်သွယ်ကြပါရန်- ဦးလေးမောင် ဖုန်း-၀၉-၂၀၁၁၄၂၉၊ ဒေါ်တင်တင်အေး ဖုန်း-၀၉-၂၀၀၀၆၁၅၊ ဦးချစ်ပေါ ဖုန်း-၀၉-၂၀၁၂၆၃၁၊ ဦးကိုကို ဖုန်း-၀၉-၄၂၀၇၄၇၆၂၅၊ ဦးသိန်းဆောင် ဖုန်း-၀၉-၄၄၄၀၀၁၄၂၉၊ ဦးတင်သိန်း ဖုန်း-၀၉-၉၁၀၅၄၄၃၇၊ ဦးမြင့်သန်း(ရန်ကုန်) ဖုန်း-၀၉-၅၀၆၆၃၃၉၊ ဦးခင်ဆောင်(ပြင်ဦးလွင်) ဖုန်း-၀၉-၃၃၃၁၈၉၆၂၊ ဦးခင်မောင်ဆွေ ၀၉-၄၃၀၇၃၁၃၀ သို့ ဆက်သွယ်နိုင်ပြီး သွားလာရေးခက်ခဲမှုရှိပါက ကြို/ပို့ စီစဉ်သွားမည်ဖြစ်သည်။ ဖိတ်စာများ ဖိတ်ကြားနိုင်ရန် အမြန်ဆုံးဆက်သွယ်ကြပါရန်။

ဖြစ်မြောက်ရေးကော်မတီ



a&mi;rn

လယ်ကေ(၅၈)၊ ပြည်လမ်းမဘေး၊ တိုက်ကြီးမြို့နယ်။

ဖုန်း-၀၉-၅၁၂၄၇၂၀
၀၉-၈၇၄၁၆၈၈



သကြ်န်ကာလနောက်ပိုင်း၊ ယုဇနဥယျာဉ်မြို့တော်တွင် သောက်ရေ၊ သုံးရေများ ဈေးနှုန်းမြင့်တက်နေ

ရန်ကုန်၊ ဧပြီ ၂၅

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (ဆိပ်ကမ်းမြို့နယ်)၊ ယုဇနဥယျာဉ်မြို့တော်တွင် ယခုနှစ်မဟာသကြ်န် ကာလနောက်ပိုင်း၊ သောက်ရေ၊ သုံးရေများ ဈေးနှုန်း မြင့်တက်နေကြောင်း ယုဇနဥယျာဉ်မြို့တော်တွင် နေထိုင်သူများက ပြောသည်။

ယုဇနဥယျာဉ်မြို့တော်တွင် ပေးဝေနေသည့် ရေမှာ သံချေးကဲ့သို့ အနည်အဖတ်များ ပါရှိနေသဖြင့် အချိန်ယူကာ အနည်ထိုင်စေပြီးမှ ဆေးကြောရန်နှင့် ချိုးရေအတွက်သာ အသုံးပြုနိုင်ပြီး အဝတ်လျှော်ရန်၊ ချက်ပြုတ်စားသောက်ရန်နှင့် သောက်သုံးရန် အတွက်သုံးရန် အဆင်မပြေကြောင်း ၎င်းတို့က ပြောသည်။

အဆိုပါ အနီးဝန်းကျင်ရှိ ရပ်ကွက်များမှ အဝီစိတွင်းရေများမှာလည်း ယုဇနရေထက်သာလွန် ကောင်းမွန်သော်လည်း အဝတ်လျှော်ရန်နှင့် ချက်ပြုတ် စားသောက်ရန်အတွက်သာ အသုံးပြုနိုင်ပြီး သောက်သုံး၍မရကြောင်း သိရသည်။

အဆိုပါ အခြေအနေများကြောင့် ယုဇနဥယျာဉ်မြို့တော် နေထိုင်သူများမှာ သောက်သုံးရေအတွက် ရေသန့်ဗူးကြီးများကို ဝယ်ယူသုံးစွဲနေကြရပြီး ဝတ်လျှော်ဖွတ်ရန်နှင့် ချက်ပြုတ်စားသောက်ရန် အဝီစိရေများကို ဝယ်ယူသုံးစွဲနေကြရခြင်းကြောင့် ယုဇနဥယျာဉ်မြို့တော်တွင် ရေသန့် ဈေးကွက်နှင့် အဝီစိလှည်းရေဈေးကွက်တွင်ကျယ်စွာ အရောင်းအဝယ်ကောင်းကြောင်း သိရသည်။

ယုဇနဥယျာဉ်မြို့တော်၏ ပုံမှန် ရေသန့်ဗူးကြီး ဈေးနှုန်းများမှာ တံဆိပ်အမျိုးအစားပေါ်မူတည်ကာ ရေသန့်ဗူးကြီးတစ်ဗူးလျှင် ငွေကျပ် ၂၅၀ မှ ကျပ် ၃၀၀ အထိသာပေးဝယ်ကြရပြီး ပြီးခဲ့သည့် သကြ်န်အကြိုကာလမှ စတင်၍ ယုဇနဥယျာဉ်မြို့တော်တွင် ရေသန့် ဗူးကြီးဈေးနှုန်းများ မြင့်တက်လာခဲ့သည်။

ယခုအခါ သကြ်န်ကာလ ပြီးဆုံးသွားခဲ့ပြီဖြစ်ပြီး ရေသန့်သယ်ဆောင်ရောင်းချသူတွေ ပြန်လည်ရောက်ရှိလာပြီဖြစ်သော်လည်း ရေသန့်ဗူးကြီး ဈေးနှုန်းများ ပြန်လည်ကျဆင်းသွားခြင်းမရှိကြောင်း သိရသည်။

"စက်ရုံရေသန့် လာချပေးတာ မမှန်ဘူး။ စက်ရုံဈေးနှုန်းကိုက တစ်ဗူးကို ကျပ် ၅၀ ဈေးတက်တယ်။ဘာကြောင့် ဈေးတက်တယ်။ ဘာကြောင့် ရေသန့် မှန်မှန် လာမချပေးနိုင်တာလဲဆိုတာကို ရေသန့်လာချပေးတဲ့ ကားတွေကို မေးကြည့်တယ်။ သူတို့ကလည်း မသိဘူး။စက်ရုံကချဆိုတဲ့နေရာ လာချပေးရတာလို့ပဲ ပြန်ဖြေကြတယ်။ ဈေးတက်တာကတော့ မီတာခတက်လို့ ရေသန့် ဈေးတက်တာလို့ ထင်တယ်။ ဒီအချိန်က ပူပြင်းတဲ့အချိန်ဆိုတော့ ရေသန့် အရောင်းသွက်တယ်။ ဒါကြောင့် ဈေးတက်တာလဲ ဖြစ်နိုင်တယ်" ဟု ရေသန့်ဒိုင် လုပ်ငန်းပိုင်ရှင်တစ်ဦးက ပြောသည်။

ရေသန့်ဈေးနှုန်းများမှာ ရန်ကုန်မြို့တွင်း မြို့နယ်များမှာလည်း ယခင် တစ်ဗူး ကျပ် ၄၀၀ မှ ယခု ကျပ် ၅၀၀ အထိ မြင့်တက်လာခဲ့ပြီး အဝီစိရေလှည်းဈေးနှုန်းများမှာလည်း သကြ်န်မတိုင်မီကရေတစ်စည် ကျပ် ၃၀၀ သာ ဈေးနှုန်းရှိနေရာမှ ယခုအခါ ရေတစ်စည် ကျပ် ၄၅၀ အထိ ဈေးနှုန်း မြင့်တက်လာခဲ့သည်။

အဝီစိစက်ရေတွင်းများမှ ရေတစ်စည် ကျပ် ၃၀၀ နှင့် ဝယ်ယူ ရောင်းခဲ့စဉ်က မြေညီထပ်များမှ ရေတစ်စည် ကျပ် ၁၀၀၀၊ အပေါ်ဆုံးထပ်များမှာ ရေတစ်စည် ကျပ် ၁၂၀၀ နှင့် ဝယ်ယူသုံးစွဲနေကြရပြီး ယခုရေတစ်စည် ကျပ် ၄၅၀ နှုန်းဖြစ်လာချိန်တွင် မြေညီထပ်များမှာ ရေတစ်စည် ကျပ် ၁၂၀၀၊ အပေါ်ဆုံးထပ်များမှာ ကျပ် ၁၅၀၀ နှင့် ဝယ်ယူ သုံးစွဲနေကြရသည်။

အဝီစိရေများ ဈေးနှုန်းမြင့် တက်လာခြင်းမှာ အဝီစိစက်ရေတွင်းမှ ရေထုတ်ယူရရှိမှု နည်းပါးလာသောကြောင့်ဖြစ်ကြောင်း ယုဇနဥယျာဉ်မြို့တော်တွင် အဝီစိရေလှည်းရောင်းချသူများထံမှ သိရသည်။

"အဝီစိတွင်း ပိုင်ရှင်တွေက ဈေးတက်တော့ ကျွန်တော်တို့ကလည်း ဈေးတက် ရောင်းရတာပါ။ အရင်က ရေမရောင်းရရင် အဝီစိတွင်းပိုင်ရှင်တွေက မရောင်းရတဲ့ရေကို ပြန်ယူပေးတယ်။ အခုပြန်မယူဘူး။ အဝီစိတွင်းကနေ ရေတစ်စည်ဝယ်ပြီး ယုဇနဥယျာဉ်မြို့တော်မှာ သွားရောင်းလို့ မရောင်းရရင် အဲဒီရေကို အိမ်သယ်ပြီး နောက်တစ်နေ့မနက်မှ ဆက်ရောင်းရတယ်။ လောလောဆယ် ရေဖိုးကို စိုက်ပေးထားရတော့ ကျွန်တော်တို့ အိမ်အတွက် ဈေးဖိုးလျော့သွားတာပေါ့။ ဒါကြောင့် မိုးချုပ်ခါနီးပြီဆိုရင် ရေမရောင်းရဲတော့ဘူး" ဟု လှည်းနှင့် ရေရောင်းချသူက ပြောသည်။

ထို့ကြောင့် ယခင်ကယုဇနဥယျာဉ်မြို့တော်တွင် အဝီစိလှည်းရေကို ညဘက်ပိုင်းများတွင် ဝယ်ယူရရှိနေသော်လည်း ယခုအခါ ညဘက် ရေရောင်းသူ ရှားပါးသွားပြီဖြစ်ကြောင်း သိရသည်။

မင်းသစ္စာလှိုင်(ကဒုံကနီ)

၂၀၁၃ မှ ၂၀၂၀ပြည့်နှစ်အထိ မြန်မာ့ခရီးသွားလုပ်ငန်း မာစတာစီမံကိန်းအောင်မြင်ရန် မဟာဗျူဟာစီမံချက် ခြောက်ခုအနက် အဆင့်တစ်အားဆောင်ရွက်

ရန်ကုန်၊ ဧပြီ ၂၅

၂၀၁၃ မှ ၂၀၂၀ ပြည့်နှစ်အထိ မြန်မာ့ခရီးသွားလုပ်ငန်း မာစတာစီမံကိန်း အောင်မြင်ရန် ချမှတ်ထားသော မဟာဗျူဟာစီမံချက် ခြောက်ခုရှိသည့်အနက် အဆင့်(၁) ဗျူဟာဖြစ်သော တောင့်တင်းခိုင်မာသောတည်ဆောက်မှု ပုံသဏ္ဌာန် ထူထောင်ခြင်းအားဆောင်ရွက်လျက်ရှိကြောင်းဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနမှ သိရသည်။

အဆိုပါ မဟာဗျူဟာစီမံချက်(၁)အား လုပ်ဆောင်ရန်၂၀၁၄ ခုနှစ် မတ် ၃၁ ရက်တွင် အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ အားဖွဲ့စည်းခဲ့ကာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းမှ ဦးဆောင်၍ဆောင်ရွက်မည်ဖြစ်ပြီး ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်မှ အတွင်းရေးမှူးချုပ်အဖြစ် ဆောင်ရွက်မည်ဖြစ်ကာ ပြည်ထောင်စုဝန်ကြီး ၁၂ ဦး၊တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအားလုံး၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အခြားတာဝန်ရှိသူများလည်းပါဝင်ကြောင်း သိရသည်။

၂၀၁၃ မှ ၂၀၂၀ ပြည့်နှစ်အထိ မြန်မာ့ခရီးသွားလုပ်ငန်းမာစတာစီမံကိန်း အောင်မြင်ရန်ချမှတ်ထားသောမဟာဗျူဟာစီမံချက် တစ်ချက်အပြင် အခြား ချမှတ်ထားသော စီမံချက်များမှာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးနှင့် ဝန်ဆောင်မှု အရည်အသွေးမြှင့်တင်ရေး၊ ခရီးစဉ်ဒေသစီမံခန့်ခွဲမှုစနစ်များ ရေးဆွဲခြင်း၊ လုပ်ထုံးလုပ်နည်းများ ရေးဆွဲခြင်း၊ ကာကွယ်စောင့်ရှောက်မှုဆိုင်ရာများကို ပိုမိုခိုင်မာစေခြင်း၊ အရည်သွေးမီထုတ်ကုန်နှင့် ဝန်ဆောင်မှုများ၊ ဆက်သွယ်သွားလာမှု၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်အခြေခံအဆောက်အအုံများတိုးမြှင့်ရေး ဆောင်ရွက်ခြင်း၊ မြန်မာနိုင်ငံ၏ အမည်အမှတ်တံဆိပ်ကို ထင်ရှားပေါ်လွင်လာစေခြင်းတို့ပါဝင်ကြောင်း သိရသည်။

"ခရီးသွားလုပ်ငန်းရဲ့ သဘောသဘာဝက အဖွဲ့အစည်းတစ်ခုတည်းပဲ ငွေဝင်တာမဟုတ်ပါဘူး။ ဒါနဲ့အတူ အမျိုးသားဝင်ငွေလည်းတိုးတက်လာသလို ပြည်သူတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေပါ ရရှိလာမှာဖြစ်ပါတယ်။

လူထုလူတန်းစားအသီးသီးလည်း အဆင်ပြေလာမှာဖြစ်တာကြောင့် ဆင်းရဲနွမ်းပါးမှု ပပျောက်ရေးကိုဌာနတစ်ခုအနေနဲ့ အထောက်အကူဖြစ်စေလာနိုင်မှာပါ" ဟု ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

၂၀၁၃ မှ ၂၀၂၀ပြည့်နှစ်အထိ မြန်မာ့ခရီးသွားလုပ်ငန်း မာစတာစီမံကိန်းတွင် နိုင်ငံတကာအဆင့်မီ စီမံကိန်း ၃၈ ခုပါဝင်ပြီး အမေရိကန်ဒေါ်လာသန်းပေါင်း ၄၈၆ ဒသမ ၆၀ သန်းသုံးစွဲမည်ဟု ခန့်မှန်းထားရှိကာ ၂၀၂၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံသို့ ပြည်ပမှ ခရီးသွားများဝင်ရောက်မှု ခုနစ်သန်းထိရရှိရန် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ မျှော်မှန်းထားကြောင်းလည်း သိရသည်။

စိုးအောင်ဖေ

မြို့နယ်အခြေပြုမူလတန်းဆရာအတတ်ပညာ အထူးသင်တန်းဖွင့်ပွဲ မြဝတီမြို့၌ကျင်းပ

မြဝတီ၊ ဧပြီ ၂၅

ပညာရေးဝန်ကြီးဌာန၊အမှတ်(၁)အခြေခံပညာဦးစီးဌာန၊ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ မြို့နယ်အခြေပြုမူလတန်းဆရာအတတ်ပညာအထူးသင်တန်း ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၃ ရက်က ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ် (၁)ရပ်ကွက်အတွင်းရှိ အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပခဲ့သည်။

ယင်းအခမ်းအနားသို့ မြဝတီခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်မြင့်က လမ်းညွှန်အမှာစကား ပြောကြားခဲ့ပြီး၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးသိန်းဇော်ကံ၊ ခရိုင်စုပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ယဉ်ကြည်တို့က ဆက်လက် အမှာစကားပြောကြားခဲ့ပြီး၊ မြို့နယ်ပညာရေးမှူး ဒေါ်လှလှမြင့်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါ သင်တန်းကို ဧပြီ ၂၃ ရက်မှ မေ ၂၃ရက်အထိ သင်တန်းနည်းပြ ၁၃ ဦးဖြင့် တစ်လကြာပို့ချသွားမည်ဖြစ်ပြီး သင်တန်းသားခုနစ်ဦးနှင့် သင်တန်းသူ ၁၂၈ ဦး စုစုပေါင်း ၁၃၅ ဦး တက်ရောက်သွားမည်ဖြစ်ကြောင်းသိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)

ဟုမ္မလင်းမြို့နယ်တွင် လူငယ်အများစုနှင့် ဌာနဆိုင်ရာများဝန်ထမ်းများ တွင်ပါ မူးယစ်ဆေးဝါးကိစ္စရပ်များ ကူးစက်နေသည်ကို တွေ့ရှိ

ဟုမ္မလင်း၊ ဧပြီ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးခရိုင်၊ ဟုမ္မလင်းမြို့နယ်အား မူးယစ်ဆေးဝါးကင်းစင်သည့် နယ်မြေဖြစ်လိုကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ချုပ်ရုံး၊ ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ်ဝင်းခေါင်မှ ဧပြီ ၂၂ ရက် ည ၈ နာရီက ဟုမ္မလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှိ အစည်းဝေးခန်းမ၌ ကျင်းပသော ကော်မတီ (၃) ရပ် အစည်းအဝေးတွင်ယခုကဲ့သို့ ပြောကြားခဲ့ကြောင်း သိရသည်။

"ဟုမ္မလင်းမြို့နယ်ဆိုရင် ကျောင်းသားတွေ၊ လူငယ်တွေ၊ ဌာနဆိုင်ရာဝန်ထမ်းတွေပါ မူးယစ်ဆေးဝါးကိစ္စရပ်တွေ ကူးစက်နေတာကို တွေ့ရှိရပါတယ်" ဟု အဆိုပါ ကော်မတီသုံးရပ် အစည်းအဝေး၌ ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ် ဝင်းခေါင်က ပြောကြားခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးခရိုင်၊ ဟုမ္မလင်းမြို့နယ်သည် မြေပေါ်မြေအောက် သဘာဝသယံဇာတများ အထူးထွက်ရှိရာဒေသတစ်ခု ဖြစ်သည်။

၎င်းဒေသသည် ရွှေသတ္တုတူးဖော်ရေးလုပ်ငန်းများ အများအပြားတည်ရှိပြီး ငွေရလွယ်သည့်ဒေသတစ်ခုဖြစ်ခြင်းကြောင့် မူးယစ်ဆေးဝါး ဖြန့်ဖြူးရောင်းချသူများ၏ စီးပွားရေး မျက်စိကျရာဒေသတစ်ခုဖြစ်လာရပြီး ဒေသတွင်းရှိ လူကြီးလူငယ်အများစုမှာ မူးယစ်ဆေးဝါး၏ သားကောင်အဖြစ်သို့ ကျရောက်ခဲ့ရသည်။

ထို့ကြောင့် ဟုမ္မလင်းမြို့နယ်ကြီးအား မူးယစ်ဆေးဝါးကင်းစင်သည့် နယ်မြေဒေသကြီးဖြစ်ရန် လိုအပ်နေခြင်းဖြစ်ကြောင်း ယင်းအစည်းအဝေးမှ သိရသည်။

ဟုမ္မလင်းမြို့နယ်အား မူးယစ်ဆေးဝါးကင်းစင်သော နယ်မြေဒေသဖြစ်ပေါ်လာစေရန် ကလေး၊ တမူး၊ ခန္တီး၊ ကသာ စသည့် ခရိုင်လေးခု ပေါင်းစပ်ပူးပေါင်းပြီး မူးယစ်ဆေးဝါးကိစ္စရပ်များကို အရှိန်အဟုန်ဖြင့် ဖော်ထုတ်ဖမ်းဆီးသွားကြရန် အဆိုပါအစည်းဝေး၌ ကော်မတီ (၃) ရပ်မှ လုပ်ငန်းများ ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **တိုးတိုးဝင်း**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ခွေးလေခွေးလွင့်များ စီမံချက်ဖြင့် ရှင်းလင်းဆောင်ရွက်

ရန်ကုန်၊ ဧပြီ ၂၅

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ ခွေးလေခွေးလွင့်များကို လေလွင့်ခွေး ရှင်းလင်းမှုစီမံချက်ဖြင့် ရှင်းလင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ထုတ်ပြန်ချက်အရ သိရသည်။

ယခုအခါ ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ မြို့နယ်၊ ရပ်ကွက်အသီးသီးတွင် ခွေးလေခွေးလွင့်များ ပေါက်ဖွားများပြားလျက်ရှိပြီး ရပ်ကွက်များအတွင်းသွားလာကျက်စားနေကြသည်ကို တွေ့မြင်သိရှိနေကြရကြောင်း သိရသည်။

အဆိုပါ ခွေးလေခွေးလွင့်များသည် အများပြည်သူ သွားလာနေထိုင်သည့် မြို့နယ်၊ ရပ်ကွက်များတွင် ကျက်စားနေထိုင်ကြသဖြင့် မြို့နယ်၊ ရပ်ကွက်များတွင် နေထိုင်သူများနှင့် ကလေးသူငယ်များအတွက် အန္တရာယ်ရှိလာနိုင်သည့်အပြင် ခွေးရူးပြန်ရောဂါ ကူးစက်တတ်သော ရာသီတွင် ခွေးရူးအကိုက်ခံရပါက အသက်အန္တရာယ်ဖြစ်စေနိုင်သည်။

ထို့ကြောင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အနေဖြင့် အများပြည်သူအန္တရာယ် ကင်းရှင်းစေရေးတွက် ခွေးလေခွေးလွင့်များကို ထိန်းချုပ်နိုင်ရန် လေလွင့်ခွေး ရှင်းလင်းမှု စီမံချက်ကို လုပ်ကိုင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် စီမံချက်များ ရေးဆွဲကာ အပတ်စဉ် တနင်္ဂနွေနေ့နှင့် ဥပုသ်နေ့များမှအပ၊ တနင်္လာနေ့မှ စနေနေ့အထိ ရုံးချုပ်ရှိ အထူးလုပ်ငန်းအဖွဲ့နှင့် ကုသရေးနှင့် ကာကွယ်ရေးဌာနခွဲ၊ ခရိုင်ရုံးများမှ ကျွမ်းကျင်ဝန်ထမ်းများဖြင့် သက်ဆိုင်ရာနယ်မြေအလိုက် ပုံမှန် ရှင်းလင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ အပတ်စဉ် ကြာသပတေးနေ့တိုင်း ခရိုင်လေးခရိုင်မှ ကျွမ်းကျင်ဝန်ထမ်းများနှင့် ရုံးချုပ် အထူးလုပ်ငန်းအဖွဲ့များ ပူးပေါင်း၍ ရှင်းလင်းဆောင်ရွက်ပေးလျက်ရှိပြီး မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများမှ သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်များအတွင်းရှိ ခွေးလေခွေးလွင့်များကို ရှင်းလင်းဆောင်ရွက်ပေးရန် စာဖြင့် တင်ပြလာလျှင်လည်း အချိန်နှင့်တစ်ပြေးညီ ရှင်းလင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ အများပြည်သူမှ မိမိတို့၏ မြို့နယ်၊ ရပ်ကွက်များရှိ ခွေးလေ ခွေးလွင့်များနှင့် ပတ်သက်၍ စာဖြင့် တင်ပြတိုင်ကြားလာလျှင်လည်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ အချိန်နှင့်တစ်ပြေးညီ ရှင်းလင်းဆောင်ရွက် ပေးနေကြောင်းသိရသည်။

မင်းသစ္စာလှိုင်(ကဒုံကနီ)

၂၀၁၃–၁၄ ပညာသင်နှစ်တွင် စိစစ်ရွေးချယ်ခဲ့သော နဝမတန်း ဘက်စုံပညာထူးချွန် လူငယ်ကျောင်းသားများအတွက် အင်းလေးဒေသတွင် အပန်းဖြေစခန်း ဖွင့်လှစ်ပေးသွားမည်

ညောင်ရွှေ၊ ဧပြီ ၂၅

အခြေခံပညာဦးစီးဌာနများအလိုက် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင်စိစစ်ရွေးချယ်ခဲ့သော နဝမတန်းဘက်စုံပညာထူးချွန်လူငယ် ကျောင်းသားကျောင်းသူများအတွက်အင်းလေးဒေသတွင် အပန်းဖြေစခန်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဘက်စုံပညာထူးချွန် အပန်းဖြေစခန်း(အင်းလေး)ကို ညောင်ရွှေမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး နဝမတန်းဘက်စုံပညာထူးချွန် ကျောင်းသားကျောင်းသူ ၁၇၅ ဦး လာရောက်အပန်းဖြေမည်ဖြစ်သည်။

အဆိုပါအပန်းဖြေစခန်းတွင် ဆွေးနွေးပွဲများကျင်းပခြင်း၊ လူရည်ချွန်ကျောင်းသား၊ ကျောင်းသူဟောင်းများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ပညာပေးပြခန်းများပြသခြင်း၊ အင်းသားရိုးရာ ရာကျော်လှေပြိုင်ပွဲ၊ ရိုးရာဆွမ်းပို့လှေ၊ ဈေးရောင်းလှေနှင့် ငါးဖမ်းလှေများ လှော်ခတ်ပြသခြင်းများကို ဆောင်ရွက်ပြသသွားမည်ဖြစ်သည်။

အင်းလေးကန်အတွင်း လေ့လာရေးခရီးစဉ်များအဖြစ် ဖောင်တော်ဦးဘုရား၊ အလိုတော်ပေါက်ဘုရားများသို့ သွားရောက်ဖူးမြော်ခြင်း၊ ရေခြံစိုက်ပျိုးရေးလုပ်ငန်းများ၊ ငွေထည်နှင့် ရက်ကန်းလုပ်ငန်းများလေ့လာခြင်း၊ တောင်ကြီး၊ ဟိုပုံး၊ ပင်းတယမြို့များသို့ သွားရောက်လေ့လာခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်သည်။

ထို့ပြင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကများ ဖျော်ဖြေရေးအစီအစဉ်များ၊ စိန်နားပန် မီးပုံးပျံလွှတ်တင်ခြင်းများဖြင့် ဧည့်ခံသွားမည်ဟု သိရသည်။

ဘက်စုံပညာထူးချွန်အပန်းဖြေစခန်း(အင်းလေး)သို့ကျောင်းသားကျောင်းသူများ ဧပြီ ၂၆ ရက်တွင် ရောက်ရှိမည်ဖြစ်ပြီး မေ ၁ ရက်ထိ လေ့လာအပန်းဖြေမည်ဖြစ်ကြောင်း သိရသည်။

နေမျိုးသူရိန်



ueuuEialumi;alunmcsu

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၉၊ မြေကွက်အမှတ်-၇၃၊ ဧရိယာ(၀. ၀၅၇)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်(အရပ်အခေါ်)အမှတ်-၇၃၊ သူရ(၁)လမ်း၊ ၉-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်ဟုခေါ်တွင်သော မြေအမည်ပေါက် ဦးအောင်ကြီး[၁၂/ဥကတ(နိုင်)၁၄၆၂၁၇]နှင့် ဒေါ်စိုးစိုးဦး[၁၂/ဥကတ(နိုင်)၀၂၇၄၄၉]တို့က တရားဝင်ပိုင်ဆိုင်ကြောင်း ဝန်ခံပြီးလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုကမ်းလှမ်းသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေက စရန်ငွေပေးချေဝယ်ယူထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများသည် ကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းလာ ရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးအောင်ဇော်မြတ်(LL.B)	**ဒေါ်စုသန္တာဝင်း(LL.B,LL.M)**
စဉ်-၈၅၀၉	**စဉ်-၃၅၂၉၇**
တရားလွှတ်တော်ရှေ့နေ	**အထက်တန်းရှေ့နေ**

အမှတ်(၅၅)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉-၇၃၀၅၄၃၃၉၊ ၀၉-၅၄၁၂၇၅၂၊ ၀၉-၄၃၀၃၁၁၅၀

မြန်မာနိုင်ငံအလယ်ပိုင်းရှိဆီစက် လုပ်ငန်းရှင်များစီးပွားရေးယိမ်း ယိုင်မှုများနှင့် ကြုံတွေ့နေရ

မုံရွာ၊ မေ ၂၅

မုံရွာစက်မှုဇုန်အပါအဝင် မြန်မာနိုင်ငံအလယ်ပိုင်းရှိ ဆီစက်လုပ်ငန်းရှင်များအနေဖြင့် ၁၀ စုနှစ် နှစ်စုနီးပါး အကျိုးအမြတ်နည်းနည်းနှင့်လည်းကောင်း၊ အကျိုးအမြတ်မရှိ ရှုံးသည့်အခါရှုံးနှင့်လည်းကောင်း၊ ကောင်းလာနိုးနိုး မျှော်ကိုးလုပ်ကိုင်ခဲ့ကြသော်လည်း ဆီစက်လုပ်ငန်းရှင်များ၏ စီးပွားရေးသည် များစွာယိမ်းယိုင်နဲ့မှုများနှင့် ကြုံတွေ့ရမှုများလာကြောင်း ဆီစက်လုပ်ငန်းရှင်များထံမှ သိရသည်။

"တချို့နိုင်ငံတွေကနေ မှောင်ခိုတင်သွင်းနေတဲ့ စားသုံးဖို့မသင့်တဲ့ အရည်အသွေးနိမ့်ဆီများဟာ ပြည်သူများရဲ့ ကျန်းမာရေးဆိုးရွားစေနိုင်တဲ့အပြင် နိုင်ငံတော်မှာလည်း အခွန်ဘဏ္ဍာငွေများစွာ နစ်နာလှတာတွေရှိပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က သက်ဆိုင်ရာစားသုံးဆီနဲ့ ပတ်သက်တာကို NGO အဖွဲ့များနဲ့ အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ပိတ်ဆို့တားမြစ်စေလိုပါတယ်" ဟု လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

၂၀၁၁-၂၀၁၂ ခုနှစ်က ဆီထွက်သီးနှံများဖြစ်သော မြေပဲ၊ နှမ်းဖြူ၊ နှမ်းနီ၊ နှမ်းနက်၊ နှမ်းဝါ၊ နှမ်းညိုတို့ကို ဈေးကောင်းရရှိ၍ ပိုမိုစိုက်ပျိုးရန်ဟူသောရည်ရွယ်ချက်ဖြင့် ပြည်ပသို့ ဆီထွက်သီးနှံအားလုံးကို တင်ပို့ခွင့်ပြုခဲ့ရာ ပြည်တွင်း၌ ဆီထွက်သီးနှံများ၏ဈေးနှုန်းမှာ ထူးခြားစွာ မြင့်တက်လာသောကြောင့် တောင်သူများအနေဖြင့် ဈေးကောင်းရလာသော်လည်း ပြည်တွင်းစားသုံးသူများ၏ ၉၀ ရာခိုင်နှုန်းသည် ပြည်တွင်းကြိတ်ဆီများ ဈေးနှုန်းမြင့်မားလာမှုကြောင့် စားသုံးနိုင်သော အခွင့်အရေး ဆုံးရှုံးခဲ့ကြရကြောင်း ဆီလုပ်ငန်း ကျွမ်းကျင်သူ ဝါရင့်လုပ်ငန်းရှင်ကြီးများက သုံးသပ်ပြခဲ့ကြသည်။

မျိုးဝင်းထွန်း(မုံရွာ)

လုပ်ခလစာအပြည့်အဝ ရရှိရေးအတွက် မြန်မာ–ဝမ်ပေါင် သင်တန်းသားများ တတိယအကြိမ် ဆန္ဒထုတ်ဖော်

ဆားလင်းကြီး၊ မေ ၂၅

မြန်မာ-ဝမ်ပေါင် သင်တန်းအမှတ်စဉ်(၂)တွင် တက်ရောက်နေကြသော သင်တန်းသားများ လုပ်ခလစာ အပြည့်အဝရရှိရေးအတွက် ယခုနှစ် မေလအတွင်း တတိယအကြိမ်ဆန္ဒဖော်ထုတ်ခြင်းကို သက်ဆိုင်ရာ ခွင့်ပြုချက်ဖြင့် မေ ၂၃ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့ကြသည်။

အလုပ်သမား အခွင့်အရေးနှင့်ပတ်သက်၍ ဖေဖော်ဝါရီ ၂၄ ရက်က တစ်ကြိမ်၊ မတ် ၂၁ ရက်က တစ်ကြိမ် တွေ့ဆုံဆွေးနွေးခဲ့ရာမှာ တောင်းဆိုချက်ကို မလိုက်လျောသည့်အတွက် မတ် ၂၁ ရက်မှစ၍ အလုပ်မဆင်းကြဘဲ ဆန္ဒထုတ်ဖော်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။ ကြားကာလတွင် ပြေလည်အောင် ညှိနှိုင်းဆောင်ရွက်ခဲ့ကြသော်လည်း ပြေလည်မှုမရ၍ တရားဝင်ဆန္ဒဖော်ထုတ်ရန် စီစဉ်ခဲ့ကြခြင်းဖြစ်ကြောင်း မေလအတွင်း တတိယအကြိမ်အဖြစ် မေ ၂၃ ရက်က ဆန္ဒပြုကြခြင်းဖြစ်ကြောင်း၊ မေ ၁၀ ရက်တွင် ပထမအကြိမ်၊ ၁၁ ရက်တွင် ဒုတိယအကြိမ် ဥပဒေနှင့်အညီ ခွင့်ပြုပေးခဲ့ကြောင်း၊ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်တွင် အင်အား ၃၅၀ တင်ထားသော်လည်း ၂၀၀ ကျော် ဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ်ရဲတပ်ဖွဲ့စခန်းမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

မြန်မာ–ဝမ်ပေါင်သင်တန်းသားများ လုပ်ခလစာ အပြည့်အဝရရှိရေးအတွက် ဆန္ဒဖော်ထုတ်နေစဉ်။

မြန်မာ-ဝမ်ပေါင် သင်တန်းအမှတ်စဉ်(၂)မှ သင်တန်းသားများဦးဆောင်၍ မေ ၂၃ ရက် နံနက် ၉ နာရီမှ ၁၁ နာရီအထိ လူအင်အား ၃၅၀ ဖြင့် ဆားလင်းကြီးမြို့နယ် ညောင်ပင်ကြီးကျေးရွာ ရွှေလွန်းပျံဇက်ဆိပ်အနီး ကွင်းပြင်စုရပ်မှ မုံရွာ-ပုသိမ်လမ်းဆုံအထိ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့်ပြုရန် သက်ဆိုင်ရာ ဆားလင်းကြီးမြို့နယ်ရဲတပ်ဖွဲ့စခန်းသို့ မေ ၄ ရက်က လျှောက်ထားခဲ့ကြောင်း သိရသည်။

အဆိုပါ ဆန္ဒဖော်ထုတ်ပွဲတွင် လုပ်ခလစာတိုးမြှင့်ရရှိရေး၊ ဒေသခံ မြေယာဆုံးရှုံးသည့်ဘွဲ့ရများ အခွင့်အလမ်းအပြည့်အဝရရှိရေး၊ သင်တန်းသားအားလုံး တန်းတူ အခွင့်အရေးရရှိရေး၊ အလုပ်သမားအကျိုးခံစားခွင့် အပြည့်အဝရရှိရေး၊ ဒေသခံများ လူနေမှုဘဝ တိုးတက်မြင့်မားရေး စသည်များ တောင်းဆိုခဲ့ကြသည်။

မျိုးဝင်းထွန်း(မုံရွာ)

မြန်မာနိုင်ငံ၏နယ်စပ်အသီးသီးမှ စားအုန်းဆီပလတ်စတစ်ပုံးအဝါရောင်များကို FDA စစ်ဆေးချက်မရှိဘဲ အခွန်ရှောင်၍တင်သွင်းနေမှုကို တားမြစ်သင့်ကြောင်း ဆီစက်လုပ်ငန်းရှင်များလိုလား

မုံရွာ၊ မေ ၂၅

မြန်မာနိုင်ငံ၏ နယ်စပ်အသီးသီးမှ စားအုန်းဆီပလတ်စတစ်ပုံးအဝါရောင်များကို FDA စစ်ဆေးချက်မရှိဘဲ အကောက်အခွန်ရှောင်၍ တင်သွင်းနေမှုကို တားမြစ်သင့်ကြောင်း မုံရွာစက်မှုဇုန် ဆီစက်လုပ်ငန်းစု လုပ်ငန်းရှင်များက လိုလားလျက်ရှိကြောင်း သိရသည်။ ထို့ပြင် ဆီလုပ်ငန်းစုအနေဖြင့် ခေတ်မီစက်ကိရိယာနှင့် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှု (FDI) လိုအပ်မှုများရှိသည့်အပြင် နိုင်ငံတကာနှင့် ယှဉ်နိုင်ရန် ဆီထုတ်လုပ်သည့် ဓာတ်ပျံဆီထုတ် နည်းပညာလည်း လိုအပ်နေကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မှတ်ပုံတင်ထားသော ဆီစက်အကြီးစား ၂၂ လုံး၊ အလတ်စား ၁၃၀ လုံး၊ အငယ်စား ၄၇၆ လုံး စုစုပေါင်း ၆၂၈ လုံးရှိပြီး ဆီစက်များမှ ဆီကြိတ်ထွက်ရှိလာသည့် ပဲဖတ်၊ နှမ်းဖတ်များတွင် ဆီများကျန်ရှိကြောင်း၊ အဆိုပါအကြွင်းအကျန်များ ကုန်စင်အောင်ထုတ်ယူနိုင်မည့် Chemical Process ဖြင့် ထုတ်လုပ်သည့် ဆီစက်များ တပ်ဆင်သင့်ကြောင်း ဆီစက်လုပ်ငန်းရှင်တစ်ဦးက အကြံပြုထားသည်။ တိုင်းဒေသကြီးအတွင်း စစ်ကိုင်းမြို့တွင် အကြီးစားဆီစက် ၁၀ လုံးဖြင့် အများဆုံးအဖြစ် ရှိပြီး၊ အလတ်စားဆီစက်များမှာ မုံရွာတွင် အလုံး ၃၀၊ အငယ်စား ဆီစက်များမှာ အင်းတော်တွင် ၅၁ လုံးရှိကြောင်း သိရသည်။

"အခုနောက်ပိုင်း ကမ္ဘာမှာ စားသုံးဆီထုတ်လုပ်တာဟာ Solvent နည်းပညာသုံးပြီး ထုတ်လာကြပြီဖြစ်ပါတယ်။ ဒါပေမယ့် စက်တည်ထောင်ရာမှာ ကုန်ကျစရိတ်များပြီး ပြည်ပမှာ ဓာတုပစ္စည်းတွေဝယ်ယူနေရတာ မီးအလွယ်တကူ လောင်တတ်တာတွေကြောင့် SML ဆီစက်ကိုလုပ်ငန်းရှင်တွေ စိတ်ပါဝင်စားစွာ မလုပ်ကိုင်နိုင်ကြသေးပါဘူး။ ဆီစက်လုပ်ငန်းရှင်များ အရင်းအနှီးနည်းပြီး လုပ်ငန်းတွေကို သက်သာတဲ့အတိုးနှုန်းနဲ့ ချေးငွေတွေထုတ်ချေးပေးသင့်ပါတယ်"ဟု မုံရွာ ဆီစက်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

မျိုးဝင်းထွန်း(မုံရွာ)



မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ ရွှေနန်းတော်ကျောင်း ဧပြီလကုန်ပိုင်းမှ စတင်ကာ ပြင်ဆင်မည်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်ရှိ ရွှေနန်းတော်ကျောင်းအား တွေ့ရစဉ်။

မန္တလေး၊ ဧပြီ ၂၅

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်ရှိ ရွှေနန်းတော်ကျောင်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ၂၀၁၄ ခုနှစ် ဧပြီနောက်ဆုံးပတ်မှ စတင်ကာ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်ပြည်ထောင်စု သံအမတ်ကြီး မစ္စတာဒဲရစ်ဖစ်ချယ်၏ သံတမန်ဆိုင်ရာရန်ပုံငွေ ထောက်ပံ့မှုဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ပူးပေါင်းကာ ပြင်ဆင်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ရွှေနန်းတော်ကျောင်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းကို အမေရိကန်နိုင်ငံ ရှေးဟောင်းသုတေသနပညာရှင်များ၊ မန္တလေး နည်းပညာတက္ကသိုလ် ဗိသုကာပညာဌာနမှ ပညာရှင်များ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနဌာနမှ ပညာရှင်များ၊ မန္တလေးမြို့ရှိ မြန်မာမှုပညာရှင် တမ္ပဝတီဦးဝင်းမောင်၊ ဦးအေးမြင့်တို့ ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်သည်။

ပြုပြင်ထိန်းသိမ်းခြင်းအတွက် ပဏာမ သုတေသနမှတ်တမ်း. . .

အမေရိကန်နိုင်ငံ အခြေစိုက် World Monument Funds အဖွဲ့က ၂၀၁၃ ခုနှစ် အောက်တိုဘာမှစတင်ကာ ရွှေနန်းတော်ကျောင်း ပြုပြင်ထိန်းသိမ်းခြင်းအတွက် ပဏာမ သုတေသနမှတ်တမ်းများ၊ အချက်အလက်များ ကောက်ယူခဲ့ပြီးဖြစ်သည်။

ရွှေနန်းတော်ကျောင်းအား ရေရှည်တည်တံ့ခိုင်မြဲရေး၊ မီးဘေးကာကွယ်ရေး၊ ကျောင်းပေါ်ရှိ သစ်ထွင်းရေတံလျှောက်များ ရေစီးရေလာကောင်းမွန်ရေးတို့အတွက် ကဏ္ဍသုံးရပ်ဖြင့် ပြုပြင်သွားမည်ဖြစ်ကြောင်း သိရသည်။

သီဟကိုကို(မန္တလေး)

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ်ရုံး၌ နွေရာသီအခြေခံကွန်ပျူတာ၊ အင်တာနက်နှင့် အင်္ဂလိပ်စာသင်တန်းများကို ဧပြီ ၂၄ ရက်မှ မေ ၅ ရက်အထိ ဖွင့်လှစ်လျက်ရှိရာ ကွန်ပျူတာအမျိုးမျိုးအသုံးပြုပုံ၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများ တပ်ဆင်ပုံနှင့် အခြေခံကွန်ပျူတာပြုပြင်နည်းများကို သင်ကြားပို့ချပေးနေစဉ်။
ဓာတ်ပုံ–ကေဆိုင်းနော်(ဖားကန့်)

နေပြည်တော် အာဟာရသုခဈေးကို အမှီပြုလျက် သပြေစိုက်ပျိုးခြင်းကို စီးပွားဖြစ်လုပ်ကိုင်လာကြ

နေပြည်တော် ဧပြီ ၂၅

နေပြည်တော်ပျဉ်းမနားမြို့ ကင်ပွန်းတန်းကျေးရွာအုပ်စု သဲကျွန်းကျေးရွာတွင် အာဟာရသုခဈေးကြီးကို အမှီပြုလျက် သပြေစိုက်ပျိုးခြင်းလုပ်ငန်းကို စီးပွားဖြစ်လုပ်ကိုင်နေကြပါသည်။သပြေပန်းပင်သည်သဲနုန်းစပ်မြေ အမျိုးအစားကို ကြိုက်နှစ်သက်ပြီး စိုက်ပျိုးမည်ဆိုပါက ထွန်ရေးပြုလုပ်၍ တစ်တန်းနှင့်တစ်တန်းကို ၁၀ လက်မကွာခြား(ပေါက်ပြားနှင့် ပေါင်းဝင်လာရန်) အကွာအဝေး တစ်ပင်နှင့်တစ်ပင်ကို ငါးလက်မကွာခန့်ခြားပြီး စိုက်ပျိုးရမည်ဖြစ်ပါသည်။ သပြေမျိုးကို တောင်တွင်းမျိုးနှင့် ကောလင်းမျိုးဟူ၍ နှစ်မျိုးရှိပြီး ပျိုးပင်တစ်ပင်ကို ငွေကျပ် ၁၂ ကျပ်မှ ၁၅ကျပ်ဝန်းကျင်ဖြင့် နေပြည်တော်အတွင်းရှိ စိုက်ပျိုးခြံများတွင် အလွယ်တကူ ဝယ်ယူစိုက်ပျိုးနိုင်ပါသည်။

သပြေပင်ကို စိုက်ပျိုးပြီး ခြောက်လသားအရွယ်မှစ၍ ခုနစ်ရက်တစ်ပတ် အညွန့်ဖြတ်၍ ရောင်းချနိုင်ပြီဖြစ်ရာ ယခုအချိန်တွင် တစ်ညွန့်လျှင် ၁၂ ကျပ်ဝန်းကျင်ဖြင့် ဈေးကောင်းရရှိလျက်ရှိနေပါသည်။ သပြေငုတ်တူး၍ ရောင်းချခြင်းကို အချို့သပြေစိုက်တောင်သူများက တစ်နှစ်သား၊ အချို့က နှစ်နှစ်သား (သို့) သုံးနှစ်သားအရွယ်တွင် သပြေပင်ကို မြေပေါ် တစ်လက်မခန့်က ဖြတ်ပြီး အစာထည့်ရေသွင်းပေးကာ အညွန့်များထွက်ရှိလာပါက သပြေငုတ်ကို တူး၍ ရောင်းချနိုင်ပြီဖြစ်ကြောင်း၊ သပြေငုတ်တစ်ငုတ်လျှင် အရွယ်အစားအပေါ် မူတည်၍ ၅၀၀ ကျပ်နှင့် အထက်ဈေးကောင်းရရှိနေကြောင်း၊ သပြေမျိုးကိုတောင်တွင်းမျိုးနှင့် ကောလင်းမျိုးနှစ်မျိုးရှိရာမှ တောင်တွင်းမျိုးက အညွန့်ရဲနေသဖြင့် လူကြိုက်များကြကြောင်း သဲကျွန်းကျေးရွာ သပြေစိုက်တောင်သူများထံမှသိရသည်။

(ရွှေကုက္ကို)

Summit ကိုယ်ပိုင်မူလတန်းကျောင်း SPPS (ကက - ၁၃/၃၈/၀၄၁)
No.91, Upper Kyeemyindine Rd, Yangon, Ph: 01 538398, 09450066812, 09731 50347
Summit ကိုယ်ပိုင်မူလတန်းကျောင်း SPPS

21 AD @ BILLBOARD ADVERTISING
☎ 01 377093 ☎ 373036 ☎ 09 73043872 ☎ 09 73200189

EAGLE GUEST HOUSE

ပြောက်ကျားဝယ်လိုသည်
09 31268183
09 31569922

ကျောင်းဖွင့်ရာသီအမီ ရတနာဝင်းမှ မုံရွာမြို့အတွင်း ခရီးသည်တင် ကယ်ရီ ထရပ်ယာဉ်ငယ်များ ပြေးဆွဲသွားမည်

မုံရွာ၊ မေ ၂၅

မုံရွာမြို့အခြေစိုက် ခရီးသည်နှင့် ကုန်စည်သယ်ယူပို့ဆောင်ရေး ယာဉ်လိုင်းအဖြစ် ရတနာဝင်းမော်တော်ယာဉ်အသင်းမှ မုံရွာမြို့တွင်း ခရီးသည်တင်ကယ်ရီ ထရပ်ယာဉ်ငယ်များဖြင့် လာမည့် ဇွန်လ ကျောင်းဖွင့်ရာသီတွင် တိုးချဲ့ပြေးဆွဲရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

လောလောဆယ်တွင် အဆိုပါအသင်းမှ ယင်းအစီအစဉ်အတွက် ခရီးသည်တင် ထရပ်ယာဉ်ငယ်ရှစ်စီး စုဆောင်းထားပြီးဖြစ်သည်။

နောက်ထပ်အသင်းတွင် ဝင်ရောက် ပြေးဆွဲမည့်ယာဉ်များလည်းရှိကာ မုံရွာမြို့တွင်ခရီးသည်များ သွားလာမှု လွယ်ကူချောမွေ့စေရန်အတွက် ရည်ရွယ်ပြေးဆွဲသွားမည်ဖြစ်ကြောင်း ရတနာဝင်းမော်တော်ယာဉ်အသင်းဥက္ကဋ္ဌ ဦးသိန်းတင်ထံမှ သိရသည်။

မုံရွာမြို့တွင်းခရီးစဉ်များတွင် သွားလာလျက်ရှိကြသည့် ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံများ လွယ်ကူစိတ်ချမ်းသာစွာ သွားလာနိုင်ရန် ရည်ရွယ်၍ ရတနာဝင်းမော်တော်ယာဉ်အသင်းမှ ခရီးသည်တင်ကယ်ရီထရပ်ယာဉ်ငယ်များ ပြေးဆွဲရန်စီစဉ်နေခြင်းဖြစ်သည်။

ခရီးစဉ်တွင် မုံရွာကားလေးကွင်း (စစ်ဝင်)၊ မုံရွာ(ကားလေးကွင်း)-

> ကယ်ရီထရပ်ယာဉ်ငယ်များသည် သတ်မှတ်ယာဉ်ရပ်နားနေရာများတွင်သာ. . .

ကံကြီး(နမခ)၊ ကံကြီး(နမခ)-မုံရွာတက္ကသိုလ်၊ ကံကြီး(နမခ)-မုံရွာနည်းပညာတက္ကသိုလ်၊ မုံရွာကားလေးကွင်း-မုံရွာမြို့တွင်း ခရီးစဉ်နှင့် စင်းလုံးငှားခရီးစဉ်များအား ပြေးဆွဲရန် စီစဉ်ထားကြောင်း ရတနာဝင်း မော်တော်ယာဉ်အသင်းမှ သိရသည်။

အဆိုပါ မြို့တွင်းပြေးဆွဲသည့် ခရီးသည်တင် ကယ်ရီထရပ်ယာဉ်ငယ်များသည် သတ်မှတ်ယာဉ်ရပ်နားနေရာများတွင်သာ ရပ်တန့်ရမည်ဖြစ်ပြီး ယာဉ်မောင်းသူ စိတ်ကြိုက် ရပ်နားခွင့်ကိုပြုမည်မဟုတ်ကြောင်း၊ လိုအပ်သည်ထက် အရှိန်မြှင့်မောင်းနှင်ခြင်းကိုလည်း ခွင့်မပြုဘဲ ခရီးသည် စိတ်မချမ်းမသာဖြစ်စေသည့် အပြုအမူ၊ အပြောအဆိုမှအစ ကြပ်မတ်ထိန်းသိမ်း ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

သတ်မှတ် စည်းကမ်းချက်များ လိုက်နာမှုမရှိသော ယာဉ်များအား ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေးအတွက် ကြီးကြပ်မှုကော်မတီ၊ ပို့ဆောင်ရေးစီမံကိန်း ဦးစီးဌာနသို့ တင်ပြအရေးယူသည့်စနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း 'ရတနာဝင်း' မော်တော်ယာဉ်အသင်းဥက္ကဋ္ဌ ဦးသိန်းထင်ထံမှ သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

မိတ္ထီလာဈေးမှာ ငါးရက်တစ်ဈေး စည်ကားသောဈေးကြီးဖြစ်သည့်အပြင် ရုံးပိတ်ရက် စနေ၊ တနင်္ဂနွေနှင့် အဖိတ်နေ့များ၌ စည်ကားလျက်ရှိရာ စားဖွယ်အမယ်စုံရနိုင်သည့်ဆိုင်များတွင် ဈေးရောင်းဈေးဝယ်လာရင်း စားသုံးသူများနှင့် နေ့စဉ်စည်ကားလျက်ရှိသည်။ မြို့ပေါ် ဈေးရောင်း၊ ဈေးဝယ်လာသူများနှင့် ကျေးရွာဒေသများမှ မြို့မဈေးသို့ ဈေးဝယ်လာရောက်သူများ လာရောက်စားသုံးကြောင်း သိရသည်။ သတင်းနှင့်ဓာတ်ပုံ- ချမ်းသာ (မိတ္ထီလာ)

သီပေါဘော်ကြိုကျောင်းတိုက်အတွက် မီးအားမြှင့်စက်နှင့် အပိုပစ္စည်းလှူဒါန်း

သီပေါ၊ မေ ၂၅

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ်သမိုင်းဝင် ဘော်ကြိုဘုရားကျောင်းတိုက်တွင် အသုံးပြုနိုင်ရန်အတွက် လျှပ်စစ်မီးအားမြှင့်စက်သုံးလုံးနှင့် အပိုပစ္စည်းများအားလှူဒါန်းပွဲကို မေ ၂၂ ရက် နေ့လည်ပိုင်းက ဘော်ကြိုကျောင်းတိုက် ချမ်းမြေ့မဏ္ဍပ်၌ကျင်းပခဲ့သည်။

နမ့်လန်၊ အမှတ် (၅၀၅) ခြေမြန်တပ်ရင်းမှ တပ်ရင်းမှူး ဗိုလ်မှူးသန်းထွဋ်အောင် ဇနီး ဒေါ်ဥမ္မာအောင် သမီး မမြတ်မွန်ဘုန်းဟန်ထွဋ်မှ မိသားစုက ဘော်ကြိုကျောင်းတိုက် သာသနိကအဆောက်အအုံများတွင် အသုံးပြုနိုင်ရန်အတွက် တန်ဖိုးကျပ် ၁၄၁၁၀၀၀ တန်ဖိုးရှိ ၁၀ KVA(SA) မီးအားမြှင့်စက်နှစ်လုံး၊ 15 KVA(SA) မီးအားမြှင့်စက် တစ်လုံးနှင့် အပိုပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သီပေါကိုလတ်

မူဆယ်ဒေသဖွံ့ဖြိုးရေးလုပ်ကိုင်သည့်အများပိုင်ဂရိတ်ဟော်ခမ်ကုမ္ပဏီလုပ်ငန်း ဆောင်ရွက်ချက်များရှင်းလင်း

မူဆယ်၊ မေ ၂၅

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်ခရိုင်၊ မူဆယ်မြို့၊ (ကလ ၁၅) ပြည်ထောင်စုလမ်းမကြီး ကောင်းမူလွယ်ရပ်ကွက်တွင် ဖွင့်လှစ်ထားသော ဂရိတ်ဟော်ခမ်းအများပိုင် ကုမ္ပဏီလီမိတက်သည် မူဆယ်မြို့ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ၊ ဒေသအတွင်း ရင်းနှီးမြှုပ်နှံမှုများ၊ ပုဂ္ဂလိကလုပ်ငန်းများနှင့်အတူ ကန်ထရိုက်လုပ်ငန်းများကို စုပေါင်းအင်အားဖြင့် လုပ်ကိုင်လျက်ရှိရာ မေ ၂၀ ရက် နံနက် ၉ နာရီခန့်က မူဆယ်မြို့ ငွေဆင်အိမ်ရာ ဆင်းရွှေလီခန်းမတွင် ကုမ္ပဏီ လုပ်ဆောင်နေသော စီမံကိန်းလုပ်ငန်းများ ရှင်းလင်းပွဲကို ကျင်းပခဲ့သည်။

အဆိုပါရှင်းလင်းပွဲတွင် ဥပဒေအကြံပေးအဖွဲ့မှ အကြံပြုဆွေးနွေးခြင်းနှင့် စာရင်းစစ်အဖွဲ့မှ စာရင်းရှင်းလင်းတင်ပြပြီး၊ အုပ်ချုပ်မှုဒါရိုက်တာ ဦးစိုင်းအုန်းမြင့်ကကုမ္ပဏီလုပ်ငန်းရှင်များ၊ ရှေ့လုပ်ငန်းများကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

ဂရိတ်ဟော်ခမ်း အများပိုင် ကုမ္ပဏီကို မူဆယ်တွင်ဖွဲ့စည်းခဲ့သည်မှာ တစ်နှစ်ခွဲခန့်ကြာခဲ့ပြီး အောင်မြင်မှုရရှိနေသော ကုမ္ပဏီတစ်ခုဖြစ်ပြီး လက်ရှိတွင် နယူးစတားလိုက် ကုမ္ပဏီမှ တာဝန်ယူ အကောင်အထည်ဖော်လျက်ရှိသော ဗဟိုစီးပွားရေးဇုန်စီမံကိန်းတွင် ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိခြင်း၊ မူဆယ်မြို့နယ်အတွင်း နမ့်ပေါ်ချောင်း ရေအားလျှပ်စစ် စီမံကိန်းကို အကောင်အထည်ဖော်ရန် အကြို အင်ဂျင်နီယာလုပ်ငန်းများဆောင်ရွက်နေခြင်း၊ လူမှုပတ်ဝန်းကျင်အပေါ် ကူညီပံ့ပိုးမှုများဆောင်ရွက်ခြင်း၊ အနာဂတ် မျိုးဆက်သစ်များအတွက် ပံ့ပိုးကူညီမှုများဆောင်ရွက်ပေးနေပြီး ကုမ္ပဏီအစုရှယ်ယာတစ်ခု၏ တန်ဖိုးမှာ ကျပ်တစ်သိန်းဖြစ်ပြီး အစုရှယ်ယာပေါင်း တစ်သောင်းရှစ်ထောင်ရှိကြောင်း သိရသည်။

ထိုအစည်းအဝေးပွဲတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝင်းမောင်၊ မူဆယ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဖိုးအောင်တို့မှ အကြံပြုဆွေးနွေးခဲ့ကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဇော်နှင့် ဌာနဆိုင်ရာများ၊ ကုမ္ပဏီဒါရိုက်တာအဖွဲ့ဝင်များ၊ အစုရှယ်ယာရှင်များ၊ လေ့လာသူများ၊ စုံညီစွာ တက်ရောက်ခဲ့ကြောင်း သိရသည်။

သိန်းဇော်(ရွှေလီဦး)

ajrmi;jrq&m twwoi q|rt|ur jrwq&myaZmy

၁၅-၅-၂၀၁၄ရက် နံနက် ၈နာရီမှ ၁၁နာရီ ကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့ရုံး

ဆက်သွယ်ရန်- ဦးစိုးသိန်း ၀၉-၂၅၀၀၁၃၆၂၆၊ ဦးလှဌေး ၀၉-၃၁၅၃၅၂၂၈၊ ဦးလွင်ပင် ၀၉-၇၃၀၁၀၃၈၉

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ စားသောက်ဆိုင် တစ်ဆိုင်အား စည်းကမ်းဖောက်ဖျက်သည်ဟုဆိုကာ တရားစွဲဆိုထား

ရန်ကုန်၊ မေ ၂၅

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ စားသောက်ဆိုင်တစ်ဆိုင်ကို စည်းကမ်းဖောက်ဖျက်ကြောင်း ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေအရမြောက်ဦးမြို့ရဲစခန်းတွင် တရားစွဲဆိုထားကြောင်း ရခိုင်ပြည်နယ်၊ စစ်တွေမြို့ရှိ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနရုံးမှ သိရသည်။

အဆိုပါ စားသောက်ဆိုင်သည် မြောက်ဦးမြို့ရှိ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနရုံးသို့ ယဉ်ကျေးမှုနယ်မြေအတွင်း စားသောက်ဆိုင်အဖြစ်သာ တင်ပြထားခဲ့သော်လည်း သက်ဆိုင်ရာတာဝန်ရှိသူများမှ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလအတွင်း သွားရောက်စစ်ဆေးခဲ့ရာ စားသောက်ဆိုင်အပြင် နိုင်ငံခြားသားခရီးသည်များပါ တည်းခိုသည့် ဟိုတယ်အဖြစ် လုပ်ကိုင်ဆောင်ရွက်နေကြောင်း တွေ့ရှိရသောကြောင့် မြောက်ဦးမြို့နယ်တရားရုံးမှ ဥပဒေပညာရှင်များ၏ အကြံဉာဏ်ရယူကာ တရားစွဲဆိုကြောင်း သိရသည်။

"စားသောက်ဆိုင်လို့ပြောပြီး ယဉ်ကျေးမှုဝန်ကြီးဌာနကို အသိမပေးဘဲ ဟိုတယ်အဖြစ်လုပ်ကိုင်နေလို့ မြောက်ဦးမြို့နယ်တာဝန်ခံက ရဲစခန်းမှာမတ်လ ပိုင်းလောက်က တရားစွဲဆိုထားပါတယ်။ တရားရုံးက စစ်ဆေးတဲ့အပိုင်းတော့ မလာသေးပါဘူး။ ရဲစခန်းမှာ တရားစွဲဆိုထားတဲ့အဆင့်ပဲ ရှိပါသေးတယ်"ဟု ရခိုင်ပြည်နယ်၊ စစ်တွေမြို့ရှိ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြောက်ဦးမြို့နယ် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနအနေဖြင့် အဆိုပါစားသောက်ဆိုင်၏ဖြစ်စဉ်အား ယခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် နေပြည်တော်ရှိ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ရုံးချုပ်) သို့ တင်ပြထားပြီး ဇန်နဝါရီလနှောင်းပိုင်းတွင် နေပြည်တော်ရုံးချုပ်မှ တရားစွဲဆိုရန် ခွင့်ပြုခဲ့သဖြင့် တရားစွဲဆိုခဲ့ကာ စားသောက်ဆိုင်ပိုင်ရှင်ဖြစ်သူအားလည်း နေပြည်တော်ရုံးချုပ်တွင် ဝန်ခံကတိထိုးစေ၍ သတိပေးထားကြောင်းလည်း သိရသည်။

"ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နေရာတွေမှာ အဆောက်အအုံအသစ်ဆောက်တာပဲဖြစ်ဖြစ်၊ ထပ်မံတိုးချဲ့တာပဲဖြစ်ဖြစ် ယဉ်ကျေးမှုဝန်ကြီးဌာနကို ကြိုတင်အကြောင်းကြားဖို့ အသိပေးထားပြီးသားပါ။ မြန်မာနိုင်ငံ တစ်နိုင်ငံလုံးမှာရှိတဲ့ ယဉ်ကျေးမှုအမွေအနှစ်ဒေသအဖြစ် သတ်မှတ်ထားတဲ့ဇုန် ၄၆ ခုမှာလည်း ပြည်သူလူထုသိအောင် ပညာပေးဟောပြောပွဲတွေ၊ အများသူငါတွေ့နိုင်တဲ့ လူမြင်ကွင်းတွေမှာ ၆ ပေ၊ ၈ ပေအရွယ် ဗွီနိုင်းတွေနဲ့ သတိပေးတားမြစ်ပိုစတာတွေ စိုက်ထူထားသလို ပုဂံမှာလည်း ဟိုတယ်နဲ့တည်းခိုခန်းပိုင်ရှင်တွေကို ဥပဒေစာအုပ် ၁၅၀ လောက် ဝေငှထားပါတယ်" ဟု နေပြည်တော်ရှိ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရုံးချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မည်သူမဆို ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်အဖြစ် သတ်မှတ်ထားသောဒေသအတွင်း ယဉ်ကျေးမှုဝန်ကြီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ အဆောက်အအုံအသစ် ဆောက်ခြင်းနှင့် ထပ်မံတိုးချဲ့တည်ဆောက်ခြင်းပြုလုပ်ပါက ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေအရ ထောင်ဒဏ် တစ်နှစ်မှ ခုနစ်နှစ်ထိ၊ ငွေဒဏ်နှင့် ခွင့်ပြုချက်မရရှိဘဲ ဆောက်လုပ်ထားသော အဆောက်အအုံအား ပြန်လည်ဖျက်သိမ်းခြင်းနှင့် အမိန့်ချသည့်နေ့မှစ၍ ဥပဒေအရ နေ့အလိုက် ဒဏ်ငွေများ ချမှတ်နိုင်ကြောင်းလည်း သိရသည်။

လက်ရှိတွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနအနေဖြင့် စည်းကမ်းလိုက်နာမှုမရှိသော ပုဂံဒေသရှိ ဟိုတယ် ၂၈ လုံးမှ ပိုင်ရှင်နှင့် လုပ်ငန်းရှင်များအား ပထမအဆင့်အနေဖြင့် အသိပညာပေးစည်းရုံးထားခဲ့ကြောင်းလည်း သိရသည်။

စိုးအောင်ဖေ

ရန်ကုန်တိုင်းဒေသကြီး စော်ဘွားကြီးကုန်း ပန်းခြံထောင့်တွင် အဝေးပြေး ယာဉ်လိုင်းတချို့မှကားများ တရားမဝင် ဂိတ်ထိုးရပ်တန့်နေ

ရန်ကုန်၊ မေ ၂၅

ရန်ကုန်မြို့စော်ဘွားကြီးကုန်း လမ်းဆုံမီးပွိုင့်၊ အင်းစိန်ဘက်မှပြည်လမ်းမကြီးသို့အထွက်လမ်း (စော်ဘွားကြီးကုန်းပန်းခြံ) ထောင့်တွင် အဝေးပြေးယာဉ်လိုင်းအချို့မှ ကားများသည် မီးပွိုင့်ဘေးတွင်ကပ်၍ တရားဝင်ခွင့်ပြုချက်မရှိဘဲ ဂိတ်မှူးများခန့်ထားပြီး ဂိတ်များဖွင့်လှစ်ကာ ယာဉ်များ ရပ်တန့်ဂိတ်ထိုးပြီး ခရီးသည်တင်ချခြင်းများ ပြုလုပ်လျက်ရှိရာ ယာဉ်ကြောပိတ်ဆို့မှုများဖြစ်ပွားကာ ယာဉ်မတော်တဆမှုများလည်း ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

အင်းစိန်အဝင် လမ်းအခြားတစ်ဖက်တွင်လည်း တက္ကစီကားများ ဂိတ်ထိုးထားသဖြင့် ရန်ကုန်မှ အင်းစိန်သို့ ပြေးဆွဲလျက်ရှိသည့် ဘတ်စ်ကားများမှာ ယာဉ်ကြောပိတ်ဆို့မှုကြောင့် မောင်းနှင်သွားလာမှု အဟန့်အတားဖြစ်လျက်ရှိကြောင်းလည်း သိရသည်။

အဆိုပါ မီးပွိုင့်လမ်းဆုံမှာ ပဲခူးအခြေစိုက်ကားများ တရားဝင်ဂိတ်ထိုးခွင့်မရသည့်အတွက် ၎င်းကားများနှင့် လုံးဝမအပ်စပ်သည့်အပြင် သက်ဆိုင်ရာယာဉ်ထိန်းများမှ လာရောက်စစ်ဆေး အရေးယူသော်လည်း စစ်ဆေးစဉ် ခေတ္တယာယီလောက်သာ ဂိတ်ထိုးခြင်းကို ရပ်ဆိုင်းထားပြီး ကားများဂိတ်ထိုးမြဲထိုးလျက် ရှိနေကြောင်း သိရသည်။

ကားများထူထပ်စွာ တရားမဝင်ဂိတ်ထိုးထားမှုကြောင့် ယာဉ်ကြောပိတ်ဆို့မှုဖြစ်ကာ ယာဉ်မတော်တဆတိုက်ခိုက်မှုဖြစ်ပွားခြင်း၊ တရားဝင်ပြေးဆွဲလျက်ရှိသော လိုင်းကားများ သွားလာမှု ပိတ်ဆို့နှောင့်ယှက်လျက်ရှိခြင်း၊ ခရီးသွားပြည်သူများ၊ စိတ်အနှောင့်အယှက် ဖြစ်ပွားလျက်ရှိခြင်းကြောင့် အဆိုပါကားများအား သက်ဆိုင်ရာမှ အမြန်ဆုံးရှင်းလင်းပေးရန် လိုအပ်နေကြောင်း သိရသည်။

အဝေးပြေးကားတချို့ ဂိတ်ထိုးရပ်နားထားသည်ကို တွေ့ရစဉ်။

ဌေးနိုင်(ပဲခူး)

လာမည့်ဇွန်လအတွင်း လူ့အခွင့်အရေးကော်မရှင်မှ ပြည်နယ်များရှိ ဌာနဆိုင်ရာအရာရှိဝန်ထမ်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်မည်

ရန်ကုန်၊ မေ ၂၅

မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်အနေဖြင့် ဇွန်လမှ ဇူလိုင်လအတွင်း ပြည်နယ်များရှိ ဌာနဆိုင်ရာအရာရှိဝန်ထမ်းနှင့် လူ့အခွင့်အရေးနှင့်ပတ်သက်သော အလုပ်ရုံဆွေးနွေးပွဲများကို ပြုလုပ်သွားမည်ဖြစ်ကြောင်း ကော်မရှင်မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲများကို ယခင်က ဝန်ကြီးဌာနများရှိ အဆင့်မြင့်အရာရှိများနှင့်ပြုလုပ်ခဲ့သော်လည်း ယခုအခါ ပြည်နယ်အတွင်းရှိ တာဝန်ထမ်းဆောင်လျက်ရှိနေသော အရာရှိဝန်ထမ်းများအား လူ့အခွင့်အရေးနှင့်ပတ်သက်၍ ပိုမိုကျယ်ပြန့်စွာ သိရှိစေရန်အတွက်ဖြစ်ကြောင်း သိရသည်။

"အဲဒီလိုပြုလုပ်တဲ့နေရာမှာ ပြည်နယ်အတွင်းမှာရှိတဲ့ မြို့နယ်ခရိုင်က အထွေထွေအုပ်ချုပ်ရေးမှူးတွေ၊ တရားရေးက ဥပဒေအရာရှိတွေ၊ ရဲတပ်ဖွဲ့ဝင်တွေနဲ့ အခြားဌာနဆိုင်ရာအရာရှိတွေလည်း တက်ရောက်ကြမှာပါ။ အရင်က အခုလို အလုပ်ရုံဆွေးနွေးပွဲတွေကို တိုင်းဒေသကြီးတွေမှာပဲ လုပ်တာများတယ်။ ပြည်နယ်မှာက အခုမှ ပထမဆုံးလုပ်မှာ" ဟု မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အလုပ်ရုံဆွေးနွေးပွဲများကို ပြည်နယ်များရှိ မြို့နယ်တစ်ခုချင်းစီတွင် နှစ်ရက်မှ သုံးရက်ကြာ ပြုလုပ်သွားမည်ဖြစ်ပြီး ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်များတွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း ကော်မရှင်ထံမှ သိရသည်။

တင်မောင်ဦး

ကွန်ဒိုတိုက်ခန်းရောင်းမည်။
* ၂၆ ပေ - ၈၃ ပေ (နေရာကောင်း)
* လှည်းတန်းလမ်းမပေါ်
* အဆောင့်မြင့် ပြင်ဆင်ပြီး
ညှိနှိုင်းဈေး (3850 သိန်း)
ဆက်သွယ်ရန် - 0973234410

SAYA JOHN ဦးစီးသော
FLAMINGO
AMERICAN ENGLISH SPEAKING CLASS

Columbus Vocational Education Centre
Hotel and Tourism
Hotel and Tourism English
(Cambridge Series)
Hotel & Tourism
English Proficiency Skill CEFR B1 Level
Tourism English Teaching

ကြော်ငြာ

ရွှေပြည်ဟိန်း ကုသိုလ်ဖြစ် ဆေးခန်း ဧပြီလ၊ ၂၆-၂၇၊ (၃၄)ကြိမ်မြောက် မျက်စိခွဲစိတ်ကုသပေးခြင်း

KBZBank(AccountNo.00730200701690301)

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာဒေါ်ပို(အထူးကုသမားတော်ကြီး၊ မုံရွာပြည်သူ့ဆေးရုံ)၏မိခင် ဒေါ်တင် အသက်(၉၇)နှစ်သည် ၂၀-၄-၂၀၁၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

GLENMARK PHARMACEUTICALS Ltd

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်တင်

အသက်(၉၇)နှစ်

ပြည်သူဆေးရုံကြီး မုံရွာမြို့တွင် အတူတကွ တာဝန်ထမ်းဆောင်နေသော သမားတော် ဒေါက်တာ ဒေါ်ပို၏ မိခင် ဒေါ်တင် (၉၇)နှစ်သည် ၂၀-၄-၂၀၁၄ရက် နံနက် ၆း၃၀နာရီတွင် မန္တလေးနေအိမ်၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။

မုံရွာဆေးရုံမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဦးရွှေ (၈၃)နှစ်

ဒေါက်တာအောင်ကျော်ဝင်း-ဒေါက်တာသက်သက်ခိုင်တို့၏ဖခင်ကြီး ဦးရွှေသည် ၆-၄-၂၀၁၄(တနင်္ဂနွေနေ့) ည ၉း၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

အထက(၁) ဒဂုံ ကျောင်းသား/သူဟောင်းများ

အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာဒေါ်ပို(အထူးကုသမားတော်ကြီး၊ မုံရွာပြည်သူ့ဆေးရုံ)၏မိခင် ဒေါ်တင် အသက်(၉၇)နှစ်သည် ၂၀-၄-၂၀၁၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

Dr.Reddy's Co.,Ltd

ဝမ်းနည်းကြေကွဲခြင်း

ဦးအေးမောင်

အသက်(၉၂)နှစ်

ပြည်သူ့ဆေးရုံကြီး မုံရွာမြို့မှ မျက်စိအထူးကုဆရာဝန် ဒေါက်တာ အေးကို၏ ဖခင် ဦးအေးမောင် အသက်(၉၂)နှစ်သည် ၂၀-၄-၂၀၁၄ရက် ည ၉း၀၀နာရီတွင် ဝက်လက်မြို့နယ် ရှိမ္မကားရွာ နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။

မုံရွာဆေးရုံမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာ ဒေါ်ပို(အထူးကုဆရာဝန်-ဆေးပညာ၊ မုံရွာပြည်သူ့ဆေးရုံကြီး)၏မိခင်ကြီး ဒေါ်တင် (၉၇)နှစ်သည် ၂၀-၄-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒေါက်တာ အောင်ကျော်မြင့်-ဒေါ်သင်းကြူ

ဆေးရုံအုပ်ကြီး၊ ညီမ်းဆေးရုံ

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်နွယ်နီ

အသက်(၅၈)နှစ်

အလပြ(ငြိမ်း)၊ အထက(၁) ဒဂုံ

အထက(၁) ဒဂုံမှ အလပြ(ငြိမ်း) ဆရာမ ဒေါ်နွယ်နီသည် ၂၂-၄-၂၀၁၄(အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် အတူ ဝမ်းနည်းကြေကွဲရပါသည်။

အထက(၁) ဒဂုံ၊ ကျောင်းသား/သူဟောင်းများ

အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့.

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး

ဒေါ်ခင်မြ(တောင်ငူ)

အသက်(၉၄)နှစ်

မြန်မာနိုင်ငံစစ်တုရင်ဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်၏မိခင် ဒေါ်ခင်မြ အသက်(၉၄)နှစ်သည် ၁၀-၄-၂၀၁၄ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဝင်းအောင်

ဒု-ဥက္ကဋ္ဌ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်

ဦးတိုး

အမှုဆောင်မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်

ဝမ်းနည်းကြေကွဲခြင်း

ဦးလှမြင့် (GM, Asia World Co., Ltd.)-ဒေါက်တာအေးအေးမွန်တို့၏ ဖခင်ဦးကြာမိုး(တောင်ကြီးမြို့)သည် ၂၀-၄-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရ ပါသည်။

Global World Insurance Co., Ltd.

AGD BANK

Asia Green Development Bank Limited

အာရှစိမ်းလန်းဖွံ့ဖြိုးရေးဘဏ်လီမိတက် ၏

ဈေးချိုဘဏ်ခွဲငယ် ကို မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ် တွင်

၂၅-၄-၂၀၁၄ (သောကြာနေ့) ၌ ဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့်

ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း

အများပြည်သူအား သတင်းကောင်းပါးအပ်ပါသည်။

" မြန်မာတစ်မျိုးသားလုံးအတွက်ကျွ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေး "

ဆက်သွယ်ရန်လိပ်စာ

ဈေးချိုဘဏ်ခွဲငယ်

(၂၆)လမ်းနှင့် (၈၅)လမ်းထောင့်၊ ဈေးချိုပလာဇာ၊ ပထမထပ်ရှိ အဆိုပါဘဏ်အခြမ်း၊

ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊ မန္တလေးတိုင်းဒေသကြီး။

ဖုန်း — (၀၂) ၈၆၃၀၀၀၊ ၈၆၃၀၀၂၊ ၈၆၃၀၀၃

ဖက်စ် — (၀၂) ၈၆၃၀၀၄၊ ၈၆၃၀၀၀

ဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံဓာတ်ပုံအသင်း သင်တန်းနည်းပြဆရာ ဦးဇော်မြင့်(NAGOYA)၏ ဇနီးဖြစ်သူ ဒေါ်ညွန့်ညွန့်သန်း အသက်(၆၂)နှစ် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းမိပါကြောင်း။

မြန်မာနိုင်ငံဓာတ်ပုံအသင်း
အလုပ်အမှုဆောင်အဖွဲ့

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးထွန်းညို
(M.Sc)Forestry၊ ပါမောက္ခ(ငြိမ်း)၊ သစ်တောတက္ကသိုလ်
အသက်(၆၆)နှစ်

၂၃-၄-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံ သစ်တောပညာရှင်များအသင်း

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးထွန်းညို
(M.Sc)Forestry၊ ပါမောက္ခ(ငြိမ်း)၊ သစ်တောတက္ကသိုလ်
အသက်(၆၆)နှစ်

၂၃-၄-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါသည်။

သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးထွန်းညို
(M.Sc)Forestry၊ ပါမောက္ခ(ငြိမ်း)၊ သစ်တောတက္ကသိုလ်
အသက်(၆၆)နှစ်

၂၃-၄-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံသစ်တောအသင်း

ဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံစာရေးဆရာအသင်း၊ ကန်တော့ခံသက်ကြီး စာပေပညာရှင် စာရေးဆရာ၊ သတင်းစာဆရာကြီး ဟံသာဝတီ ဦးဝင်းတင်သည် ၂၁-၄-၂၀၁၄ရက်(တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်း

အထူးဝမ်းနည်းကြေကွဲခြင်း

စာရေးဆရာ၊ သတင်းစာဆရာ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သဘာပတိ ဟံသာဝတီဦးဝင်းတင်သည် ၂၁-၄-၂၀၁၄ (တနင်္လာနေ့) နံနက် ၆း၃၀နာရီ၌ ကွယ်လွန်သွားခြင်းသည် ပြည်သူများအတွက် အစားထိုးမရသည့် ဆုံးရှုံးမှုကြီးအဖြစ် အထူးပင် ဝမ်းနည်းကြေကွဲရပါသည်။

ဒေါ်စန်းနွဲ့
ဒေါက်တာဝင်းဇော်-မစာဆို

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယိကာမကြီး
ဒေါ်အုံးရင်(တောင်သာ၊ ကျောက်ကာ)
အသက်(၈၈)နှစ်

သူငယ်ချင်း ဗိုလ်ချုပ်သန့်ဆွေ(ငြိမ်း) (ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း)-ဒေါ်ခင်ခင်လှ(အလက-၄၊ မင်္ဂလာဒုံ) တို့၏မိခင် ဒေါ်အုံးရင်သည် ၁၆-၄-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) ညနေ၄း၄၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဖိုးလမင်းရောင်းဝယ်ရေးကုမ္ပဏီလီမိတက်
ဦးစိုးမိုးနိုင်(ခ)ဘာဘူ-ဒေါ်စန္ဒီလေးလွင်

ပေါင်းတည်မြို့၊ (၁၀)လမ်း
(၀. ၁)ဧက၊ မြေကွက်
ပျဉ်ထောင်အိမ်ပါ အမြန်ရောင်းပါမည်။
ဆက်သွယ်ရန်ဖုန်း-၀၁-၆၄၃၉၂၉၊ ၀၉-၂၅၄၂၇၀၂၆၉

ဝမ်းနည်းကြေကွဲခြင်း

ဦးသောင်းညွန့် အသက်(၇၀)

Dr ခင်မောင်ထွန်း-မနီလာတင်တို့၏ဖခင်သည် ၁၂-၄-၂၀၁၄(စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

စီးပွားရေးတက္ကသိုလ်မှ သူငယ်ချင်းများ
ကျော်ဆန်းဦး၊ သွင်မိုးရှိန်၊ အောင်ကျော်ဌေး၊ ရဲလင်းထွန်း၊ အောင်သောင်း၊ ကျော်ဘုန်းနိုင်၊ ကျော်စွာ၊ ကျော်မိုးဝေ၊ အေးသန္တာခိုင်၊ မြသီတာ၊ အေးမြလှိုင်၊ စန္ဒာဝင်း၊ မိုးဥမ္မာ၊ နန်းမိုဟွမ်အေး၊ ခင်ခင်တင့်၊ ဥမ္မာအေး၊ စုစုခင်

ဝမ်းနည်းကြေကွဲခြင်း

Tg. Khual Kam Kei
အသက်(၂၈)နှစ်

Dr. Dim San Nuam (ဒိန်းဆန်းနွမ်း)လက်ထောက်ကထိက၊ ရူပဗေဒဌာန၊ အဝေးသင်တက္ကသိုလ်၊ ရန်ကုန်၏မောင် Tg.Khual Kam Kei,Project Assistant သည် ၁၆-၄-၂၀၁၄ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

တီးတိန်မြို့နယ်အသင်း(ရန်ကုန်)

အထူးဝမ်းနည်းကြေကွဲခြင်း

သတင်းစာဆရာကြီး၊ စာရေးဆရာကြီး
ဟံသာဝတီ ဦးဝင်းတင်
အသက်(၈၅)နှစ်

မြို့မကျောင်းသားဟောင်း သတင်းစာဆရာကြီး၊ စာရေးဆရာကြီး ဟံသာဝတီ ဦးဝင်းတင်သည် ၂၁-၄-၂၀၁၄(တနင်္လာနေ့)နံနက် ၆း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အထူးကြပ်မတ်ဆောင်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင်အဖွဲ့
မြို့မကျောင်းသား၊ ကျောင်းသူဟောင်းအသင်း

ဆရာတော်ဘဒ္ဒန္တပညာဝံသ၏
တစ်လပြည့် အထိမ်းအမှတ် ဖိတ်ကြားလွှာ

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၈)ရပ်ကွက် ဣန္ဒာရာမကျောင်းတိုက်၊ ကြို့ကုန်း၊ အောင်မြေရွှေဂူကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် မဲဇလီကုန်းမြို့ ဇေယျာသီဝံမြို့မကျောင်းတိုက်ကြီးတို့၏ ပဓာနနာယကဖြစ်တော်မူ၍ ကျောက်ထီးတန္တု အလေးပြုအပ်သော တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့၏ ကျေးဇူးတော်ရှင် ဖြစ်တော်မူသော သက်တော်(၇၉)နှစ် ဝါတော်(၅၉)ဝါရှိ ဆရာတော် ဘဒ္ဒန္တပညာဝံသ(သာသနဓဇဓမ္မာစရိယ)မိုးကုတ်ဝိပဿနာအမှတ်(၁၁၃)၏ကမ္မဋ္ဌာနာစရိယ ဖြစ်တော်မူသော မထေရ်မြတ်ကြီး၏ တစ်လပြည့်အထိမ်းအမှတ်အဖြစ်ရည်စူးကာ လှူဒါန်းမည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ ဒါယိကာမ အပေါင်းတို့အား ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂၇-၄-၂၀၁၄(တနင်္ဂနွေ)
အချိန် - နံနက် ၉း၀၀နာရီ
နေရာ - ဣန္ဒာရာမကျောင်းတိုက်၊ နာနတ်တောလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ **ဣန္ဒာရာမကျောင်းတိုက်မှ ဆရာတော်နှင့်တပည့်များ**

အထူးဝမ်းနည်းကြေကွဲခြင်း

B.E (Mechanical) (1984-1993)

1984-1993

ကျေးဇူးအထူးတင်ရှိခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
ဒေါ်မြစန်း
အသက်(၈၄)နှစ်
ကျောင်းဆရာမ(ငြိမ်း)၊ အ. ထ. က(၁)ခရမ်း

၁၁-၄-၂၀၁၄ရက်(သောကြာနေ့)တွင် ကွယ်လွန်သွားသော အနန္တဂိုဏ်းဝင် ကျေးဇူးရှင် မိခင်ကြီးဒေါ်မြစန်းအသက်(၈၄)နှစ်အား နာမကျန်းစဉ်ကာလအတွင်း အထူးဂရုစိုက်ပြုစုကုသပေးပါသော ရန်ကုန်မြို့ဗဟိုစည်ဆေးရုံမှ ပါမောက္ခ(ဆေးပညာ)သမားတော်ကြီး ဦးနေဝင်းနှင့် သမားတော်ကြီးများ၊ ဆရာဝန်များ၊ ဆရာမများ၊ အထူးကြပ်မတ်ကုသဆောင်မှ ဆရာဝန်များ၊ ဆရာမများ၊ ဆေးရုံဝန်ထမ်းများအားလည်းကောင်း၊ နာမကျန်းဖြစ်စဉ် ဆေးရုံသို့ လူကိုယ်တိုင်လာရောက်မေးမြန်းကူညီစောင့်ရှောက်ပေးကြပါသော ဆရာတော်ကြီးများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား လည်းကောင်း၊နာရေးကိစ္စဆောင်ရွက်နေစဉ်တစ်လျှောက်လုံး အဆင်ပြေချောမွေ့ရန် အဘက်ဘက်မှ မေတ္တာဖြင့် ကူညီဆောင်ရွက်ပေးကြပါသော ဒေါ်အေမီ(စံတော်ဝင်စားသောက်ဆိုင်)မိသားစု၊ Asia World Co.,Ltd မှ မိတ်ဆွေများ၊ နာရေးကူညီမှုအသင်း(ရန်ကုန်)၊အမှတ်(၅)ရပ်ကွက်၊ လူမှုအထောက်အကူပြုအဖွဲ့(ရန်ကင်း)နှင့် ဆွေမျိုး၊ မိတ်ဆွေသူငယ်ချင်းများအားလည်းကောင်း၊ နာရေးကိစ္စတွင် သက်န်းများ၊ လှူဖွယ်ပစ္စည်းများ လွမ်းသူ့ပန်းခွေ၊ ပန်းခြင်းများ ပေးပို့ခဲ့ကြသူများ၊ နောက်ဆုံးခရီးသို့လိုက်ပါပို့ဆောင်ပေးခဲ့ကြပါသော ရပ်ဝေးရပ်နီးမှဆွေမျိုး၊ မိတ်ဆွေ သူငယ်ချင်းများအားလည်းကောင်း၊ နာရေးကိစ္စတွင် လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း ဝမ်းနည်းကြောင်းကို သတင်းစာ တယ်လီဖုန်း၊ E-mail တို့ဖြင့်လည်းကောင်း နှစ်သိမ့်အားပေးခဲ့ကြပါသော ဆွေမျိုး၊ မိတ်ဆွေသူငယ်ချင်းအပေါင်းတို့နှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့ကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်သောင်းညွန့် (၉၅)နှစ်
(ပန်းခိုင်ကျေးရွာ၊ ဒိုက်ဦးမြို့နယ်)

မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ တွဲဖက်အတွင်းရေးမှူး (၂) ဦးအုန်းသွင်-ဒေါ်ခိုင်ခိုင်မြင့်တို့၏ မွေးသမိခင် ဒေါ်သောင်းညွန့် အသက် (၉၅)နှစ်သည် ၁၇-၄-၂၀၁၄ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ
မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာဒေါ်ပို(အထူးကုသမားတော်ကြီး၊ မုံရွာပြည်သူ့ဆေးရုံ)၏ မိခင် ဒေါ်တင် အသက်(၉၇)နှစ်သည် ၂၁-၄-၂၀၁၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်း ကြေကွဲရပါကြောင်း။

Medi Myanmar Group Ltd and
Han Ideal Trading Ltd

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယိကာမကြီး
ဒေါ်အုံးရင်
အသက် (၈၈) နှစ်

Yadana, Inc

ဝမ်းနည်းကြေကွဲခြင်း

အသက်(၈၆)နှစ်

TODAY Group of Companies

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးအောင်ကြည်(ဆီမီးကန်ကျေးရွာ) အသက်(၉၀)
(အငြိမ်းစားကျောင်းဆရာကြီး)

ဦးရဲမင်း(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ သမ္မတဦးစီးရုံး)-ဒေါ်သန်းသန်းဌေးတို့၏ဖခင် ဦးအောင်ကြည် အသက်(၉၀)သည် ၂၃-၄-၂၀၁၄ (ဗုဒ္ဓဟူးနေ့) ညနေ ၆ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်ဇနီး
ဝန်ထမ်းမိသားစုများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန

ဝမ်းနည်းကြေကွဲခြင်း

ဦးရဲမင်း(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ သမ္မတဦးစီးရုံး)-ဒေါ်သန်းသန်းဌေးတို့၏ဖခင် ဦးအောင်ကြည် အသက်(၉၀)သည် ၂၃-၄-၂၀၁၄ (ဗုဒ္ဓဟူးနေ့) ညနေ ၆ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါ သဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဥက္ကဋ္ဌ၊ဒါရိုက်တာအဖွဲ့ဝင်များနှင့်ဝန်ထမ်းများ၊မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးအောင်ကြည်(ဆီမီးကန်ကျေးရွာ) အသက်(၉၀)
(အငြိမ်းစားကျောင်းဆရာကြီး)

ဦးရဲမင်း(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ သမ္မတဦးစီးရုံး)-ဒေါ်သန်းသန်းဌေးတို့၏ဖခင် ဦးအောင်ကြည် အသက် (၉၀)သည် ၂၃-၄-၂၀၁၄(ဗုဒ္ဓဟူးနေ့) ညနေ ၆နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ဒေါ်ကြည်(ခ)ဖီးဒေါ်ဖြူးစေ အသက်(၈၃)နှစ်

အမှတ်(၁၀၃)၊ ဇီးအုံကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်နေ (ဦးမောင်မောင်-ဒေါ်နှင်းရီ)တို့၏ သမီးကြီး၊ (နော်ချိုလေး-စောဂျိဘ်သန်း)၊ စောထွန်းလွင်-ဒေါ်အေးအေးကြည်၊ နော်စန်းစန်းမြင့်-စောဖဒို၊ စောထွန်းမင်း-နော်ဒီအယ်နာလင်း၊ စောစံတင်-ဒေါ်တင်တင်အေး၊ နော်အေးအေး-စောငွေစိုး၊ နော်ထွေးထွေးတင်-ဦးနိုင်ဝင်းတို့၏ မိခင်ကြီး၊ မြေး ၁၆ယောက်၊ မြစ်တစ်ယောက်တို့၏အဖီးသည် ၂၄-၄-၂၀၁၄ ရက် နံနက် ၂း၃၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၆-၄-၂၀၁၄ရက် နံနက်၉နာရီတွင် ဇီးအုံကုန်း ကရင်နှစ်ခြင်း ဘုရားကျောင်း၌ဝတ်ပြုကိုးကွယ်ပြီး ထိန်ပင်ခရစ်ယာန်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

ဦးဂျိုးဇက် (၆၈)နှစ်
Engineering Director
Air Bagan Ltd.
(မြန်မာ့လေကြောင်းစက်မှုဌာန)
(ဒု-အင်ဂျင်နီယာချုပ်၊ ငြိမ်း)

(ဦးဘိကေဆွာမိ-ဒေါ်ခရစ္စတီးနား)တို့၏သားကြီး၊ (ဦးဂျွန်တန်ဘီ-ဒေါ်နှင်းမြိုင်)တို့၏ သားသမက်၊ ဦးဂျွန်ဆင်-ဒေါ်ရိုစီ၊ ဦးပီတာ(WHO)-ဒေါ်မေရီ၊ ဦးရေးမင်း-ဒေါ်စန်းစန်းမြင့်တို့၏အစ်ကိုကြီး၊ ကိုကျော်မိုး-မအေမီဦး၊ ကိုမျိုးမင်းလတ်(Air Bagan)-နော်ဖလော့ရင့်စ်၊ မဇင်မာမျိုးငယ်(မြန်မာ့လေကြောင်း)၊ မောင်သော်ဇင်ထွေး(Air Bagan)၊ မအိရွှေဇင်၊ မောင်ဟိန်းမင်းဇော်-မခင်မြင့်မိုရ်ဇော်၊ မောင်ချစ်ကိုကိုငြိမ်း(Y.A.G)၊ မောင်ချစ်ညီညီဟိန်းတို့၏မွေးသဖခင်၊ မောင်ထွန်းမင်းလတ်(Air Bagan)-မသီတာလတ်၊ မောင်အောင်ကျော်ဦး (Air Bagan)-မမျိုးမျိုးအေး၊ မောင်အောင်ကြည်နောင်(Y.A.G)၊ မောင်ရဲကျော်သူ(မြန်မာ့မီးရထား)-မညွှန့်ညွှန့်ဆွေ၊ မောင်ကျော်စွာဝင်း-မအေးသန္တာဦး၊ မောင်ခိုင်ထွန်းဇော်၊ မဇင်မာလတ်၊ မောင်ဖြိုးဝေအောင်၊ မနီနီဝင်း၊ မမိမိမော်၊ မမျိုးမျိုးမင်း၊ မောင်အောင်နိုင်ထွန်း-မထက်ဦးခင်တို့၏ဘကြီး၊ မြေးငါးယောက်တို့၏အဘိုး၊ ဒေါ်နော်ရိုးလေ၏ ချစ်လှစွာသောခင်ပွန်းသည် ၂၄-၄-၂၀၁၄(ကြာသပတေးနေ့) ညနေ ၄း၁၅ နာရီတွင် ဝိတိုရိယဆေးရုံ၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၆-၄-၂၀၁၄ (စနေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးရိုမာန်ကက်သလစ်သုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။[အမှတ်(၂၄၃)၊ နံ့သာမြိုင်လမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်နေအိမ်မှကားများ နံနက် ၉နာရီထွက်ပါမည်။] ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

Rev. Pianglawma
အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ဆောင်းဟေမာန်အိမ်ရာ၊ တိုက် (၂)၊ အခန်း(၂၂)နေ Lalchhiahliani ၏ ချစ်လှစွာသော ခင်ပွန်း၊ Lydia Dinsangi- Peter Lalhmunzauva- U.S.A; Jacob Lalvunga-Lalthanmawii- U.S.A; Vanlaldika တို့၏ မွေးသဖခင်၊ မြေး လေးယောက်တို့၏ အဘိုး Rev.Pianglawma သည် ၂၄-၄-၂၀၁၄ ရက် ညနေ ၅း၄၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၆-၄-၂၀၁၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးခန်းမ၌ဝတ်ပြုကိုးကွယ်ပြီး ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်/ မောနွေလဘုရားကျောင်းရှေ့နှင့် အင်းစိန် သရက်တောမှတ်တိုင်တို့မှကားများ မွန်းလွဲ ၁ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်ကျင်ပု (၈၃)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆) ရပ်ကွက်၊ မာလာမြိုင်(၆)လမ်း၊ အမှတ်(၅၉/ခ)နေ [ဦးထောင်ဖန်(ခ)ဦးသောင်းဟန်]၏ ဇနီး၊ ဦးကျော်မြင့်-ဒေါ်လဲ့လဲ့ပြုံး၊ (ဦးအောင်လင်း)၊ ဦးမျိုးမြင့်၊ ဦးဇော်ဝင်း (ခေတ္တ-စင်ကာပူ)-ဒေါ်သွယ်မာလာဌေး၊ ဦးကျော်ကျော်စိုး(ခေတ္တ-စင်ကာပူ)-ဒေါ်ဖြူဖြူပြုံး၊ ဒေါ်ခိုင်ခိုင်ပြုံး (SAE ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန)၊ ဦးညဏ်လင်းအောင်-ဒေါ်နီလာပြုံး၊ ဦးသက်ထွန်းဦး(ခေတ္တ-စင်ကာပူ)-ဒေါ်သက်ယုထွေး(V.M,Double Crane Co., Ltd.)တို့၏ မွေးသမိခင်၊ မစိုးစံ (ခေတ္တ-စင်ကာပူ)၊ မမိုးသန္တာ(ခေတ္တ-စင်ကာပူ)၊ မောင်ကျော်မြတ်သူ(ခေတ္တ-စင်ကာပူ)၊ မအိမ့်ချစ်စုစံ(T.T.C)၊ မောင်မင်းသုကျော်(ခေတ္တ-စင်ကာပူ)၊ မစိုးမြတ်သီတာတို့၏အဘွားသည် ၂၃-၄-၂၀၁၄(ဗုဒ္ဓဟူးနေ့) ည ၈း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၁၄ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး

နိုင်ငံခြားပြန် သျှတ္တရပညာရှင်
ဆရာမင်းကျော်ခေါင်(ခ)
ဦးကျော်မြင့် (၆၄)နှစ်

ရန်ကုန်မြို့နေ (ဦးခင်ဇော်-ဒေါ်ခင်စီ)တို့၏သား၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅၀)ရပ်ကွက်၊ ပြည်ထောင်စုလမ်းမကြီး၊ အမှတ်(၈၀)နေ ဒေါ်လွင်လွင်ထား၏ ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်နေဦး၊ ဒေါ်သင်းသွယ်သွယ်၊ ဦးမျိုးမင်းယု-ဒေါ်မင်းသန်းသန်းထိုက်(ဖြူနှင်းထိုက်)၊ ဦးမိုးကျော်ခိုင်(စွမ်းရဲထွဋ်)၊ ဒေါ်မို့မို့ကျော်မြင့်၊ ဒေါ်ဇင်ထိုက်လွင်တို့၏ ချစ်လှစွာသောဖခင်ကြီး ဆရာမင်းကျော်ခေါင်(ခ) ဦးကျော်မြင့်သည် ၂၄-၄-၂၀၁၄ (ကြာသပတေးနေ့) ည ၁၁း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၁၄ (စနေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

တပ်ကြပ်ကြီး/၉၄မျိုးနေဝင်း အသက်(၄၈)နှစ်

ကပအမ-၂၂၁၇၇၊ ရေတပ်ပင်မ ပစ္စည်းထိန်းတပ်

မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ ကျောက္ကာကျေးရွာနေ (ဦးတင်မောင်)-ဒေါ်တင်ညိုတို့၏သား၊ ဦးခင်ဇော်-(ဒေါ်ထွေး)တို့၏ သားသမက်၊ ဦးဘိုမာ(ကပစ-ငြိမ်း)-ဒေါ်ဝင်းဝင်းဌေး၊ ဦးဘိုတာ(ရုံးမှူး-B.B.I)-ဒေါ်ခင်အေးစန်း (B.B.I)၊ ဦးအောင်ဆန်း(ဒု-ဦးစီးမှူး၊ မီးသတ်ဦးစီးဌာနရုံးချုပ်)-ဒေါ်စန်းစန်းဝင်း၊ ဦးမောင်မောင်သင် (ဒု-အရာခံဗိုလ် ကကလုံ)-ဒေါ်မိုးမိုးမြင့်(စက်မှုဝန်ကြီးဌာန)တို့၏ညီ/မောင်၊ မောင်သန့်ဇော်မျိုး၊ မခင်သူဇာဝင်း၊ မောင်မျိုးသန့်-မပန်းအိ၊ မောင်ထက်လင်းအောင်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ သန်လျင်မြို့၊ ရေတပ်ပင်မပစ္စည်းထိန်းတပ်နေ ဒေါ်ကြည်ကြည်တိုး၏ ချစ်လှစွာသော ခင်ပွန်း တပ်ကြပ်ကြီးမျိုးနေဝင်းသည် ၂၄-၄-၂၀၁၄ရက် ညနေ ၆း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၁၄ရက် မွန်းလွဲ ၁နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) ငြိမ်းအေးဇရပ်မှ စစ်သင်္ချိုင်းသို့ စစ်အခမ်းအနားဖြင့် ပို့ဆောင်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ဒေါ်နီ (၈၁)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်အရှေ့ရပ်ကွက်၊ မာဃလမ်း၊ အမှတ်(၂၆-A)နေ (ဦးစိုးသိန်း)၏ဇနီး၊ ဦးဌေးမြင့်၊ ဦးဌေးအောင်၊ ဦးဌေးလွင်၊ ဦးသန်းတင်-ဒေါ်ဌေးကြည် (အထက-၁၊ အလုံ)၊ ဦးဌေးနိုင်-ဒေါ်တင်ဝေလွင်တို့၏ မိခင်၊ မြေး ခြောက်ယောက်တို့၏အဘွားသည် ၂၄-၄-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၆း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၁၄(စနေနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရားရဟန်းသိမ်ကျောင်းဒါယကာကြီး

ဦးဟန်ညွှန့်(အငြိမ်းစား) အသက်(၇၄)နှစ်
စက်မှုကျွမ်းကျင်(၃)၊ဆည်မြောင်းဦးစီးဌာန၊ စက်မှုတိုင်း(၁)၊ ရန်ကုန်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ဈ/ရပ်ကွက်၊ ရော(၁)လမ်း၊ အမှတ်(၄၆၉)နေ (ဦးဖိုးတုတ်-ဒေါ်သိန်းဟန်)တို့၏သား၊ (ဦးမောင်သော်-ဒေါ်သောင်းမြ)တို့၏သားသမက်၊ ဒေါ်အေးချစ်၏ခင်ပွန်း၊ ဦးနိုင်ဦး(ခ)ဦးသန်းနိုင်ဦး(အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ အလုပ်အမှုဆောင်၊ ပန်းဘဲတန်းမြို့နယ်)-ဒေါ်မိုးမိုးအောင်၊ ဦးဇော်မိုးညွှန့်၊ ဦးရဲမြင့်ထွန်း-ဒေါ်ခင်ယုဝေ၊ မအိအိခိုင်တို့၏ဖခင် ဦးဟန်ညွှန့်သည် ၂၅-၄-၂၀၁၄ (သောကြာနေ့) နံနက် ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၁၄ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး

ဒေါ်ခင်ရီ(ခ)အန်ရှုကွီး(ဖျာပုံ)
အသက်(၆၉)နှစ်

ဖျာပုံမြို့၊ (၄)ရပ်ကွက်၊ ရွှေနတ်ကူဘုရားလမ်း၊ အမှတ်(၁၉)နေ (ဦးမြင့်သောင်း-ဒေါ်ကျင်ယံ)တို့၏ သမီးကြီး၊ (ဦးခင်ဝင်း-ဒေါ်နီ)တို့၏ သမီးချွေးမ၊ (ဦးလှသောင်း)၏ ဇနီး၊ ဦးအောင်ကြည်-ဒေါ်ခင်သောင်းရီ(Crazy Tissue)၊ ဦးဝင်းသိန်း-ဒေါ်ခင်ခင်သောင်း (ရွှေဘဲဥတာယာဆိုင်)၊ ဦးဝင်းနိုင်-ဒေါ်အေးအေးမြ(ကော်လုပ်ငန်း)၊ ကိုအေးကျော်တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေးခုနစ်ယောက်တို့၏ဘွားဘွားကြီး ဒေါ်ခင်ရီ(ခ) အန်ရှုကွီးသည် ၂၅-၄-၂၀၁၄(သောကြာနေ့) နံနက် ၇ နာရီတွင် ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ သာယာကုန်းလမ်း၊ ခြံအမှတ်(၅၉-A) နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၁၄(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီး အရိုးပြာအိုးကို ဂူသွင်းမြှုပ်နှံမည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ရဟန်း ဒါယကာကြီး

ဦးမြညွှန့် (၆၃)နှစ်
(NEW ASIA SHIPPING)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၄၄)ရပ်ကွက်၊ ရွှေစင်(၃)လမ်း၊ အမှတ်(၄၀၃-ခ)နေ (ဦးတင်စိန်-ဒေါ်အုံးကြည်)တို့၏သား၊ (ဦးပြန့်-ဒေါ်သိန်းသိန်း)တို့၏ သားသမက်၊ ဒေါ်လီလီမြ၏ ခင်ပွန်း၊ မောင်ဇေယျာလင်း၏ဖခင်သည် ၂၄-၄-၂၀၁၄ရက် ညနေ ၆း၃၀နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၆-၄-၂၀၁၄(စနေနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ ညနေ ၄ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

မခင်မာချို(34 Store) (၄၃)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ သမိန်ဗရမ်းလမ်း၊ အမှတ်(၃၄)နေ (ဦးတွမ်တီး)-ဒေါ်ကျင်သိန်းတို့၏ သမီး၊ အမှတ်(၂၃)၊ (၁၆၄)လမ်းနေ ဦးဘိုသွင်-ဒေါ်ရင်အုံး(ဒေါ်ရင်အုံးစတိုး)တို့၏သမီးချွေးမ၊ ဦးခင်ထွန်း(ခ)ကိုနီတွတ်-ဒေါ်အေးအေးထွေး(စိန်းပန်းမွေးမြူရေးအစားအစာ)၊ ဒေါ်ခင်မာအေး(ခ)မတူးမာ၊ ဒေါ်ခင်မာစန်း(ခ)မစန်းသုန်(လဝက၊ စစ်ကိုင်းခရိုင်ဦးစီးဌာနမှူးရုံး)တို့၏ ညီမ၊ ကိုကျော်လွင်ထွန်း(ခ)ဖိုးကျော်၊ မခင်သီတာ၊ မခင်မာသွင်တို့၏အစ်မ၊ ကိုစိန်သွင်ဦး(ခ) ကိုကျော်ကျော်ဦး(34 Store)၏ဇနီး၊ မောင်မင်းခန့်ကျော်ဦး (Grade-9-A၊ အလက-၁၊ ဒဂုံ)၊ မရွှေရတီကျော်ဦး (Grade-7-A၊ အလက-၁၊ ဒဂုံ)တို့၏ မွေးသမိခင်၊ မောင်အောင်ခိုင်ဟိန်း၊ မချောစုစုထွေးတို့၏အဒေါ်သည် ၂၄-၄-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၁၄(စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးဖူကျန့် တရုတ်သုသာန်၌ ဂူသွင်းသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

ဦးတင်မြင့်(ခ)ဦးတွာတိုင်း (၈၃)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကလေးရပ်ကွက်၊ သယ်န်းကျွန်းလမ်း၊ မင်းရဲကျော်စွာအိမ်ရာ၊ တိုက်အမှတ် (A-4)၊ အခန်း(၀၀၂)နေ ဒေါ်နီ၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ထွေးသိန်း-ဦးကြည်သိန်း၊ ဒေါ်ဝင်းဝင်း-ဦးစိန်လှိုင်၊ ဒေါ်လှမြင့်၊ ဒေါ်သန်းသန်းဌေး၊ ဒေါ်အေးအေးလွင်-ဦးတင်ဝင်း၊ ဒေါ်မြင့်မြင့်စန်း-ဦးကျော်ဦး၊ ဦးကံညွှန့်-ဒေါ်စန်းစန်းအိ၊ ဒေါ်ချယ်ရီထွေး-ဦးထွန်းထွန်းတို့၏ ဖခင်၊ မြေး ၁၃ယောက်၊ မြစ်ငါးယောက်တို့၏အဘိုး(အဘေး)သည် ၂၃-၄-၂၀၁၄ရက် မွန်းလွဲ ၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၁၄(တနင်္ဂနွေနေ့) ညနေ ၄နာရီ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်)

ဗိုလ်မှူးကြီးဇော်မင်း(ငြိမ်း) (၇၈)နှစ်
ကြည်း ၈၅၈၁၊ OTS (26)
မီးသတ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)
အကျဉ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)
ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်(ငြိမ်း)
ကျိုက်လတ်မြို့နယ်အသင်းဂုဏ်ထူးဆောင်နာယကကြီး

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ဝန်ထမ်းကြီးများ (၂)ရပ်ကွက်၊ ပြည်ထောင်စုလမ်း၊ အမှတ်(၃၀/၂၁၈)နေ (ဦးလှမောင်-ဒေါ်နှင်း)တို့၏သား၊ (ဒေါ်ငွေတင်)၏ခင်ပွန်း၊ (ဦးဘကျော်-ဒေါ်ဝင်းရင်)၊ ဒေါ်ဝင်းတင်၊ (ဦးကျော်မင်း)-ဒေါ်လှဝင်းတို့၏ညီ/မောင်၊ ဦးနေဝင်း-ဒေါ်ခင်ခင်လှတို့၏အစ်ကို၊ ဦးခင်မောင်မြင့်-ဒေါ်မာမာခိုင်(အထပြ၊ အထက-၂၄၊ မန္တလေး)၊ ဒေါ်အေးအေးဇော် (ဒုတိယညွှန်ကြားရေးမှူး၊ ငါးလုပ်ငန်းဦးစီးဌာန)၊ ဒေါ်စုစုတင်၊ ဒေါက်တာမျိုးအောင်-ဒေါက်တာယုယုခင်(ခေတ္တ-USA)၊ ဦးညီညီလွင် (D4 ခရီးသွားဝန်ဆောင်မှု)-ဗိုလ်ကြီးစန်းစန်းလွင်(ငြိမ်း)တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၂၂-၄-၂၀၁၄ (အင်္ဂါနေ့) ည ၉း၅၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၁၄ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) အမှုဆောင်အဖွဲ့

ဘုရားရဟန်းကျောင်းဒါယကာကြီး

ဦးဇင်မြင့်(ခ)ဘကြီးဇင်(၇၃)နှစ်

ရန်ကုန်မြို့၊ အမှတ်(၅၁-ခ)၊ ရွှေမန်း မြိုင်လမ်းသွယ်၊ ၇-မိုင်ခွဲ၊ မရမ်းကုန်းမြို့နယ်နေ (ဦးလှဖေ-ဒေါ်လှမေ)တို့၏ သား၊ (ဦးထွေး-ဒေါ်မြင့်မြင့်)တို့၏သားသမက်၊ ဒေါ်မမကြီး၏ခင်ပွန်း၊ ဒေါ်မိမိကြီး၊ ဦးမောင်မောင်ကြီး-ဒေါ်ခင်လေးမြင့်၊ ဒေါ်ခင်စိုးဝင်းထွေး၊ ဦးမျိုးအောင်- ဒေါ်ခင်စိမ်းဝင်းထွေးတို့၏အစ်ကိုကြီး၊ တူ/တူမခုနစ်ယောက်တို့၏ဦးလေး ဦးဇင်မြင့်သည် ၂၄-၄-၂၀၁၄(ကြာသပတေးနေ့) ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၁၄(စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်မေရီလွယ်ခန့်နွမ်း (Mary Nang) (၇၃)နှစ်

Pi Mary Luai Khan Nuam
မန်နေဂျာ(ငြိမ်း)၊ စားထွေ/ကုန်သွယ်လယ်ယာ

ချင်းပြည်နယ်၊ တီးတိန်မြို့၊ မြို့မရပ်နေ(ဗိုလ်ကြီး Kham Za Nang- Pi Man Cin) တို့၏သမီးထွေး၊ ချင်းပြည်နယ်၊ တီးတိန်မြို့၊ ထုတ်လိုင်းကျေးရွာနေ (ကျောင်းဆရာကြီး Pu Khai Kho Thang- Pi Vung Mang) တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၅)ရပ်ကွက်၊ ပညာ့ဝတီအိမ်ရာ၊ တိုက်(C)၊ အခန်း(၃၀၂)နေ၊ Pu Ngo Cin Mang ဦးငိုကျင့်မန်(ခေတ္တ-ဂျပန်)၏ ချစ်လှစွာသောဇနီး၊ ဂျပန်နိုင်ငံ၊ တိုကျိုမြို့နေ Lia Mang Cing Khai, Lia Cing Lam Mang, Lia Thang Lam Cing နှင့် တောင်အာဖရိကနိုင်ငံ Pretoria နေ Lia Cin Sian Lian Cing (ယုဇနတင်)- Pa Pome Thian Khai တို့၏ချစ်လှစွာသော မိခင်၊ မြေးသုံးယောက်တို့၏အဘွား Pi Mary Luai Khan Nuam (ဒေါ်မေရီလွယ်ခန့်နွမ်း)သည် ၂၃-၄-၂၀၁၄(ဗုဒ္ဓဟူးနေ့) ညနေ ဒေသစံတော်ချိန် ၁၉း၂၀နာရီတွင် ဂျပန်နိုင်ငံ၊ တိုကျိုမြို့၌ ခရစ်တော်တွင်အိပ်ပျော်သွားပါသဖြင့် ၂၆-၄-၂၀၁၄(စနေနေ့)တွင် ဂျပန်နိုင်ငံ၊ တိုကျိုမြို့၊ Shinagawa, Gotenyama garden, Gloria Chapel ဘုရားကျောင်း၌ မွန်းတည့် ၁၂နာရီတွင် ဝတ်ပြုဆုတောင်းပြီး ညနေ ၃နာရီတွင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

ဦးဇင်မြင့်(ခ)ဘကြီးဇင် (၇၃)နှစ်

မန္တလေးမြို့နေ (ဦးလှဖေ-ဒေါ်လှမေ)တို့၏သား၊ (ဒေါ်ခင်ဌေး)၊ (ဦးကိုကိုကြီး)၊ (ဒေါ်သောင်းသောင်းအေး)၊ ဦးညီဖေ-ဒေါ်ခင်ခင်တို့၏မောင်၊ ဒေါ်ပြုံးပြုံး၏အစ်ကို၊ ရန်ကုန်မြို့၊ အမှတ်(၅၁-ခ)၊ ရွှေမန်းမြိုင်လမ်းသွယ်၊ ၇-မိုင်ခွဲ၊ မရမ်းကုန်းမြို့နယ်နေ ဒေါ်မမကြီး၏ခင်ပွန်း၊ (ဦးဇာနည်မောင်)-ဒေါ်တင်မာလှိုင်တို့၏ ဖခင်၊ ကိုကျော်စိုးဝင်း-မခိုင်တင်ဇာလှိုင်တို့၏အဘိုး၊ မောင်အောင်မြင်သူ၏ဘိုးဘိုး ဦးဇင်မြင့်(ခ)ဘကြီးဇင်သည် ၂၄-၄-၂၀၁၄(ကြာသပတေးနေ့) ညနေ ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၁၄(စနေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်ဝင်းမင်းသန်း(ညောင်လေးပင်) (၅၉)နှစ်

ညောင်လေးပင်မြို့နေ (ဦးစိန်နီ-ဒေါ်သန်းမြ)တို့၏သမီး၊ အသုတ်မြို့နေ ဦးချမ်းညောင်-(ဒေါ်ခင်စိန်)တို့၏သမီးချွေးမ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ပြည်ထောင်စုလမ်း၊ (၂၈/၆၇၈)နေ ဒုတိယဗိုလ်မှူးကြီးစိုးဝင်း(ငြိမ်း)၏ဇနီး၊ ဗိုလ်မှူးရဲလင်းအောင်(ဟိုပုန်း)-ဒေါ်နီနီစိုး၊ မနှင်းဝင်းဝင်းအောင်(အမက-၁၀၊ ဒဂုံမြောက်)တို့၏မိခင်၊ မောင်ထင်အောင်ခန့်၏အဘွား၊ ဦးမြင့်ဆွေ-ဒေါ်နုနုရီ၊ ဦးသိန်းဆွေ-ဒေါ်မြင့်မြင့်ကြည်တို့၏ညီမ၊ ဒေါက်တာဇော်လှဘူး-ဒေါ်ဝင်းဝင်းမော်တို့၏အစ်မ ဒေါ်ဝင်းမင်းသန်းသည် ၂၅-၄-၂၀၁၄(သောကြာနေ့) နံနက် ၄း၃၀ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၁၄(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၅-၂၀၁၄(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

တောင်သာမြို့နယ်အသင်း (ရန်ကုန်)

ဒေါ်စန်းစန်းတင့်(အလပြ-ငြိမ်း) (၅၇)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (စ)ရပ်ကွက်၊ သုမ္မောလမ်းမကြီး၊ အမှတ်(၃၈၄)နေ အသင်းဝင် ဦးခင်မောင်ကြည်(ဒု-အကောက်အခွန်မှူး-ငြိမ်း)၏ ဇနီး ဒေါ်စန်းစန်းတင့်သည် ၂၃-၄-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၁၄ရက် နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၄၅ နာရီတွင် ထွက်ပါမည်။) အမှုဆောင်အဖွဲ့

ဒေါ်ခင်ခင်နွဲ့ (၅၅)နှစ်

စီးပွား/ကူသန်းဝန်ကြီးဌာန(ငြိမ်း)

အမှတ်(၁၄၃-ခ)၊ အနော်မာအရှေ့(၁)လမ်း၊ (၁)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့နေ (ဦးသန်းလွင်-ဒေါ်စိန်)တို့၏သမီးကြီး၊ (ဦးခင်မောင်-ဒေါ်စောတင့်)တို့၏သမီးချွေးမ၊ ဦးအောင်ကျော်ခင်၏ဇနီး၊ ဦးအောင်နိုင်-ဒေါ်ကြည်ကြည်ဝင်း၊ ဦးရဲဝင်း-ဒေါ်သီတာ၊ မစမ်းစမ်းမိုး၊ ဦးမျိုးမြင့်-မစမ်းစမ်းဝေတို့၏အစ်မ၊ ကျော်ကိုကိုဟိန်း၊ မောင်ပြည့်ဖြိုးအောင်တို့၏ မွေးသမိခင်၊ မောင်ပုံပုံ၊ မောင်တုံတုံ၊ မသိမ့်သိမ့်တို့၏ကြီးကြီး ဒေါ်ခင်ခင်နွဲ့သည် ၂၅-၄-၂၀၁၄(သောကြာနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၁၄(တနင်္ဂနွေနေ့) ညနေ ၄း၃၀နာရီတွင် သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်နုယဉ် (၈၈)နှစ်

ပုသိမ်ခရိုင်၊ ကျုံးကူးရွာနေ (ဦးချစ်အေး-ဒေါ်ငွေငွေ)တို့၏ သမီးကြီး၊ (ဦးသန်းရှိန်)၏ဇနီး၊ ရန်ကုန်မြို့နေ (ဦးတင်ရွှေ)-ဒေါ်ကျင်အုံး၊ ဦးမြင့်သိန်း-ဒေါ်ကျင်ဌေး၊ ဦးမင်းဝေ-ဒေါ်မြင့်မြင့်အေး၊ ဦးစံမြင့်-(ဒေါ်မြင့်မြင့်ခင်)၊ မန္တလေးမြို့၊ ဆိုင်းတန်း၊ လှတောင်တန်းရပ်နေ ဦးမြင့်သန်း၊ ဒေါ်နွဲ့နွဲ့ရီ (ညွှန့်ဂုဏ်ရောင်ပွဲရုံ)တို့၏မိခင်၊ မြေး ၁၀ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၂၅-၄-၂၀၁၄ (သောကြာနေ့) နံနက် ၂း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၁၄ (စနေနေ့) နံနက် ၁၀ နာရီတွင် ဆိုင်းတန်း၊ လှတောင်တန်းရပ်နေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဒေါ်တင်ကြည်(ခ)ဒေါ်ရွှေနီ(မော်ဘီ) (၈၄)နှစ်

(စိန်ဇဗ္ဗူရတနာရွှေဆိုင်)

မော်ဘီမြို့နေ (ဦးပိုးဆောင်-ဒေါ်အေးမိ)၏သမီး၊ အမှတ်(၄၄၃)၊ သရက်တောလမ်း၊ (၃)ရပ်ကွက်နေ (ဦးအုန်းကြိုင်)၏ဇနီး၊ ဦးတင်မောင်ဝင်း-ဒေါ်ပုလဲ၊ ဒေါ်စိုးစိုးဝင်း (ကထိက၊ ကုန်ထုတ်ဓာတုဗေဒဌာန-ငြိမ်း)၊ ဦးလှမျိုး-ဒေါ်ချိုချိုဝင်း၊ ဦးသိန်းဝင်း-ဒေါ်ဖြူဖြူအေး (BEAUTYLAND HOTEL)၊ ဒေါ်ဝင်းမြင့်အေး(ခ) အန်တီမီးမီး (စိန်ဇဗ္ဗူရတနာရွှေဆိုင်)၊ ဦးတင်အောင်ဝင်း-ဒေါ်နွယ်နွယ်အုန်း (BEAUTYLAND HOTEL-2)တို့၏မိခင်ကြီးသည် ၂၅-၄-၂၀၁၄ရက် နံနက် ၆း၄၅နာရီတွင် GREEN CROSS ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၁၄ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးခင်မောင်မြင့်(ခ)MICHAEL VANDOCKUN (၆၃)နှစ်

အထက(၆) ဗိုလ်တထောင်ကျောင်းသားဟောင်း

ရန်ကုန်မြို့နေ (ဦးတော်မီဗင်ဒေါ့ကမ်-ဒေါ်ဒေါ်ရသီ)တို့၏သား၊ (ဦးကျော်ဝင်းမောင်-ဒေါ်စောရင်)တို့၏ သားသမက်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး-ဒေါ်နီနီတို့၏ညီ၊ (ဦးဆန်းအောင်ကြည်)၊ ဒေါ်သန်းသန်းဌေး (မြို့နယ်တရားသူကြီး၊ စည်ပင်)၊ ဒေါ်အေးအေးဇင်၊ ဦးဝေလင်း-ဒေါ်ခင်ဝင်းမေ၊ ဦးစိန်လင်း-ဒေါ်ဆွေဆွေနွဲ့တို့၏အစ်ကို၊ သားသမီးငါးယောက်တို့၏ဖခင်၊ တူ/တူမ ၁၂ယောက်တို့၏ဦးလေး၊ မြေးငါးယောက်တို့၏ အဘိုး၊ ဒေါ်မြမြစိုး၏ခင်ပွန်းသည် ၂၄-၄-၂၀၁၄(ကြာသပတေးနေ့) ည ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၁၄(စနေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၃၀-၄-၂၀၁၄(ဗုဒ္ဓဟူးနေ့)တွင် အမှတ်(၁၈/ဒီ)၊ သုခဝတီလမ်း၊ ရန်ကင်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဦးခင်မောင်မြင့်(ခ)MICHAEL VANDOCKUN (၆၃)နှစ်

အထက(၆) ဗိုလ်တထောင်ကျောင်းသားဟောင်း

ရန်ကုန်မြို့နေ (ဦးတော်မီဗင်ဒေါ့ကမ်-ဒေါ်ဒေါ်ရသီ)တို့၏သား၊ (ဦးကျော်ဝင်းမောင်-ဒေါ်စောရင်)တို့၏သားသမက်၊ ဦးမျိုးမြတ်စည်သူ-ဒေါ်လေးလေးဝါ၊ ဒေါ်ဖူးပွင့်စည်သူ- ဦးကျော်မင်းဟိန်း၊ မထားသက်စည်သူ၊ ကိုအောင်ရဲကျော် (Asia Masks Group of Company Limited)-ဒေါ်နှင်းဝတ်မှုန်နိုင်၊ ကိုသက်လင်းဝင်း (Sedona Hotel)-ဒေါ်မေအိမ်စည်တို့၏ဖခင်၊ မောင်ညဏ်လင်းထက်၏အဘိုး၊ ဒေါ်မြမြစိုး၏ခင်ပွန်းသည် ၂၄-၄-၂၀၁၄(ကြာသပတေးနေ့) ည ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၁၄(စနေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၃၀-၄-၂၀၁၄(ဗုဒ္ဓဟူးနေ့)တွင် အမှတ်(၁၈/ဒီ)၊ သုခဝတီလမ်း၊ ရန်ကင်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဦးခင်မောင်မြင့် (၆၃)နှစ်

(စာရင်းစစ်မှူး-ငြိမ်း၊ စာရင်းစစ်ချုပ်ရုံး)

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်၊ စံပြ(၁)လမ်း၊ အမှတ်(၃၆၇)နေ (ဦးတင်အေး-ဒေါ်စန်း)တို့၏ သား၊ (ဦးကိုကိုကြီး)၊ ဦးခင်မောင်လတ်-ဒေါ်ခင်စန်းတို့၏ ညီ/မောင်၊ ဦးမျိုးခင်-ဒေါ်ကျင်သောင်း၊ ဒေါ်နွယ်နီ၊ ဦးတင်ထွဋ်-ဒေါ်စန်းစန်းအေး၊ ဦးစိုးလှမြင့်-ဒေါ်သက်မာ၊ ဦးသက်နိုင်-ဒေါ်ခင်ဝေ၊ ဦးခင်မောင်မြတ်-ဒေါ်ခိုင်ခိုင်မြင့်၊ ဦးဇော်မင်း-ဒေါ်နီနီစန်း၊ ဦးကျော်မင်း-ဒေါ်အိအိဝင်း၊ ဒေါ်အိမ့်မို့စံတို့၏အစ်ကို၊ တာမွေမြို့နယ်၊ မေတ္တာညွှန့်ရပ်ကွက်၊ ဇာတိဂုဏ်လမ်း၊ အမှတ်(၁၂၉၉/၁၃၀၀)နေ ဒေါ်ခင်ရီထွန်း(ခ)မတာ(စာရင်းစစ်မှူး-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်အေးထွန်း(ခေတ္တ-ကာတာ)-ဒေါ်သဇင်စိုး၊ ဦးဇေယျာဝင်း(တရားလွှတ်တော်ရှေ့နေ)-ဒေါ်စုလှိုင်ထွန်း(မြို့နယ်ဥပဒေအရာရှိ၊ ညောင်ရွှေမြို့)၊ ကိုသက်ခိုင်လင်း(MTM Co., Ltd.)တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မအေးပြည့်စုံပိုင်၊ မောင်မင်းပုညတို့၏ ဘိုးဘိုးကြီးသည် ၂၅-၄-၂၀၁၄(သောကြာနေ့) နံနက်တွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၁၄ (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန်ဒါယိကာမကြီး

ဒေါ်စန်းစန်းတင်(အထက်တန်းပြဆရာမ၊ငြိမ်း) (၅၇)နှစ်
(အုတ်ဖိုရွာ၊ တောင်သာမြို့နယ်)

မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ အုတ်ဖိုကျေးရွာနေ (ဦးစောလှ-ဒေါ်သန်းတင်)တို့၏သမီး၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (စ)ရပ်ကွက်၊ သုမ္မောလမ်းမကြီး၊ အမှတ်(၃၈၄)နေ (ဦးအောင်စ-ဒေါ်စောဥ)တို့၏ သမီးချွေးမ၊ ဦးခင်မောင်ကြည်(ခ)ဦးမောင်မောင်ကြည်၏ဇနီး၊ ဗိုလ်ဒေါ်စုစုစံ [အမှတ်(၂)၊ခုတင်(၇၀၀)၊ တပ်မတော်ဆေးရုံ၊ အောင်ပန်းမြို့]၊ အလုပ်သင်ဆရာဝန် ဗိုလ်လောင်းအောင်ထက်အောင်[အမှတ်(၁)၊ ခုတင် (၇၀၀)၊ တပ်မတော်ဆေးရုံ၊ ပြင်ဦးလွင်မြို့]၊ မောင်အောင်သက်ချွန် (စတုတ္ထနှစ်၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ သန်လျင်)တို့၏ မွေးသမိခင်သည် ၂၃-၄-၂၀၁၄ (ဗုဒ္ဓဟူးနေ့) ည ၇း၂၀ နာရီတွင် အမှတ် (၂)၊ တပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၄၅နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု

မောင်အာကာဝင်း အသက်(၃၀)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးအောင်ဘွင့်လမ်း၊ အမှတ်(၂၄)၊ လေးလွှာ(အေ)နေ (ဦးလှမောင်)-ဒေါ်ရီရီ၊ (ဦးစံမြ-ဒေါ်စောသိန်း)တို့၏ မြေး၊ ဦးရွှေဝင်း-ဒေါ်စန်းစန်းရီတို့၏ တစ်ဦးတည်းသောသား၊ ဦးရဲကျော်သူ-ဒေါ်သူဇာသက်ဖေတို့၏မောင်၊ မနွေးနွေးအိ၏အစ်ကို၊ မောင်ကောင်းစစ်ထက်၏ ဦးလေးသည် ၂၄-၄-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၃း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၁၄ (စနေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၄-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဦးခင်မောင်ကြည် (၈၅)နှစ်

ဌာနစုမှူး(ငြိမ်း)၊ကွေ့/မြေ၊စက်မှု(၁)

မကွေးတိုင်းဒေသကြီး၊ မြင်ကွန်းမြို့နေ (ဦးမောင်ကြီး-ဒေါ်ညက်)တို့၏ သားကြီး၊ (ဒေါ်တင်ထွေး)၏ခင်ပွန်း၊ (ဦးခင်မောင်အေး -ဒေါ်တင်လှ)တို့၏ အစ်ကို၊ ဒုတိယဗိုလ်မှူးကြီးဉာဏ်စိုး(ငြိမ်း)-ဒေါ်ရင်ရင်မော်(SAT-ငြိမ်း)၊ (ဗိုလ်ကြီးအောင်မော်ဦး)၊ ဦးရဲမော်ဦး-ဒေါ်လှလှဝင်း၊ ဦးသက်မော်ဦး၊ ဦးကျော်မော်ဦး-ဒေါ်တင်မိုးလှိုင်တို့၏ဖခင်၊ မောင်ထက်မြတ်အောင်၊ မနှင်းပွင့်အောင်၊ မကြည်ဇင်ရဲသွယ်၊ မစုစုငယ်၊ မအိအိသဲ၊ မစုမွန်ကျော်၊ မောင်ထက်ဝေယံတို့၏အဘိုး ဦးခင်မောင်ကြည်သည် ၂၅-၄-၂၀၁၄ရက် နံနက် ၃နာရီတွင် အမှတ်(၁၆၃)၊ ရွှေနှင်းဆီ(၇)လမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၁၄ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

လွှတ်တော်များသည် ပြည်သူများလိုက်နာဆောင်ရွက်ရမည့် ဥပဒေများပြဌာန်းပေးလျက်ရှိ

နေပြည်တော် မေ ၂၅

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့ နံနက်ပိုင်းတွင် မွန်ပြည်နယ် သထုံခရိုင် သထုံမြို့ သုဝဏ္ဏခန်းမ၌ မွန်ပြည်နယ် သထုံခရိုင်အတွင်းရှိ မြို့နယ်များမှ စီမံခန့်ခွဲရေးကော်မတီများ၊ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီများ၊ စည်ပင်သာယာရေးကော်မတီများ၊ နိုင်ငံရေးပါတီများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ အမှာစကားပြောကြားသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ☆

သမီးကလေးကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ

ရန်ကုန် မေ ၂၅

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် နှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး တို့သည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူး မြို့နယ် ဝါးယားကုန်းကျေးရွာအနီး အသစ်ပြန်လည်ထူထောင်နေသည့် သမီးလေးကျေးရွာသို့သွားရောက်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းအသစ်ဖောက်လုပ်နေမှု၊ အိမ်ရာ များ တည်ဆောက်နေမှု၊ အမြန်ဆုံး လျှပ်စစ်မီးလင်းနိုင်ရေးအတွက် လျှပ်စစ် ဓာတ်အားလိုင်းသွယ်တန်းနေမှုနှင့် သောက်သုံးရေရရှိရေးအတွက် အဝီစိ တွင်း အမြန်ဆုံးတူးဖော်နိုင်ရန် ဆောင်ရွက်နေမှုတို့ကို သွားရောက် ကြည့်ရှုခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က မိုးမကျမီနေအိမ်များ ဆောက်လုပ်ပြီးစီးရေး၊ သမီးကလေး ကျေးရွာပြန်လည်ထူထောင်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရေး၊ သောက်သုံးရေအလုံ အလောက်ရရှိရန် အဝီစိတွင်းများကို အမြန်ဆုံးတူးဖော်ပေးရေး၊ လက်ရှိ ဝါးယားကုန်းကျေးရွာရှိ မူလတန်း ကျောင်းကို အလယ်တန်းအဆင့် တိုးမြှင့်ဖွင့်လှစ်ပေးရေးနှင့် ကျောင်း ဆောင်သစ်များ တိုးချဲ့ဆောက်လုပ် ပေးရေးတို့နှင့်စပ်လျဉ်း၍ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတ လှူဒါန်းသည့် ပစ္စည်းများ(ဝဲပုံ)ကို ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က သမီးလေးကျေးရွာပြည်သူများအား ထောက်ပံ့ပေးအပ်ပြီး GRAND WYNN ENTERPRISES LTD. မှ ဆန်၊ ဆီ၊ ငါးခြောက်နှင့် အရန်သင့် ချက်ပြုတ်စားသောက်နိုင်သည့် သား၊ ငါးများ၊ တိုးအောင်ဇေယျကုမ္ပဏီမှ လက်နှိပ်ဓာတ်မီးများနှင့် အသင့် ချက်ပြုတ်လာသည့် ဟင်းများကို သမီးလေးကျေးရွာ ပြည်သူများအား ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်နှင့်ဦးခင်မောင်စိုးတို့သည် လှည်းကူးမြို့နယ် ဖောင်ကြီးအရှေ့စံပြ ကျေးရွာ စက်ကွက်သစ်ရပ်ကွက်၌ စက်ရေတွင်းတူးဖော်နေမှုကို ကြည့်ရှု ကြပြီး ကျေးရွာအတွင်းလမ်းခင်းရန် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြ သည်။ **(သတင်းစဉ်)**

ယနေ့ မာတိကာ

ဆင်ခြင်ရှောင်ရှား သတိထား — စာမျက်နှာ - ၂

(၂၇)ကြိမ်မြောက် ရုပ်ရှင်ပြပွဲ အခမဲ့ပြသမည် — စာမျက်နှာ - ၁၁

ချန်ပီယံဆုအတွက် လီဗာပူးနှင့် ချယ်လ်ဆီးတို့ ပြိုင်ဆိုင်မှုပြင်းထန်မည့် အန်ဖီးလ်တိုက်ပွဲ — စာမျက်နှာ - ၁၃

လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်များ ပြိုကျပျက်စီး — စာမျက်နှာ - ၁၄

သီလဝါအထူးစီးပွားရေးဇုန်မှ ဝယ်ယူခွင့်မရရှိသော အစုရှယ်ယာများ မေ ၂၈ ရက်တွင် ပြန်လည်ထုတ်ပေးမည်

သတင်းဆောင်းပါး » ရဲခေါင်၊ မြတ်သန္တာမောင်

သီလဝါအထူးစီးပွားရေးဇုန်(ပထမအဆင့်စီမံကိန်း)အတွက် အစုရှယ်ယာ များရောင်းချခဲ့ရာတွင် ရှယ်ယာဝယ်လိုသူပေါင်း ၄၇၀၀၀ ကျော်သည် ရောင်းချ နိုင်သည့်ပမာဏထက်ကျော်လွန်ကာ အဆိုပြုဝယ်ယူခဲ့ကြသည်။ ရောင်းချနိုင် သည့် ပမာဏထက် ကျော်လွန်သည့် ပိုငွေများအား မေ ၂၈ ရက်မှစတင်၍ ငွေပြန်အမ်းသွားမည်ဖြစ်ကြောင်း မြန်မာအများပိုင်ကုမ္ပဏီ(MTSH)က ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ UMFCCI ခန်းမ၌ ပြုလုပ်သော စာနယ်ဇင်းရှင်းလင်းပွဲတွင် ထုတ်ပြန်ခဲ့သည်။

သီလဝါအထူးစီးပွားရေးဇုန် မြန်မာအများပိုင်ကုမ္ပဏီ၏ အစုရှယ်ယာ ၂ ဒသမ ၁၄၅ သန်းကို တစ်စုလျှင်ငွေကျပ် တစ်သောင်းနှုန်းဖြင့် ပြည်သူများ ဝယ်ယူနိုင်ရန် မြန်မာတစ်နိုင်ငံလုံးရှိ ဘဏ်ခွဲပေါင်း ၄၅၀ တွင် ၂၀၁၄ ခုနှစ် မတ်လ ၃ ရက်မှ မေ ၉ ရက်အထိ ရောင်းချခဲ့သည်။ ယင်းသို့ရောင်းချရာတွင် သတ်မှတ်ထားသော အစုရှယ်ယာအရေအတွက်ထက်ပိုမိုကာ အစုရှယ်ယာ ၄ သန်းကျော်အထိဝယ်ယူရန် အဆိုပြုလွှာများ လက်ခံရရှိခဲ့ကြောင်း သိရသည်။

မြန်မာအများပိုင်ကုမ္ပဏီ(MTSH)က ရှယ်ယာများရောင်းချရာတွင် အနည်းစုဝယ်ယူသူများကိုသာ ဦးစားပေးရောင်းချခဲ့ခြင်းဖြစ်သည်။ ကျပ်သိန်း ၅၀ ဖိုးအထိ ဝယ်ယူရန်အဆိုပြုလွှာတင်သွင်းသူများမှာ အဆိုပြုရှယ်ယာအရေ အတွက်အတိုင်းရရှိခဲ့ကြပြီး ကျပ်သိန်း ၅၀ နှင့်အထက် အဆိုပြုလွှာတင်သွင်းသူ များမှာမူ ကျန်ရှိရှယ်ယာအရေအတွက်ကိုသာ ခွဲဝေဝယ်ယူခွင့်ရရှိခဲ့ကြောင်း မြန်မာအများပိုင်ကုမ္ပဏီ၏ ရှယ်ယာရောင်းချရေးအဖွဲ့မှ တာဝန်ရှိသူ ကိုထွန်းထွန်း က ပြောကြားသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ○

တက္ကသိုလ်များတောင်တက်အဖွဲ့ ကနေဒီတောင်ထိပ်သို့ အောင်မြင်စွာတက်ရောက်နိုင်ခဲ့

ရန်ကုန် မေ ၂၅

အောက်မြန်မာနိုင်ငံ တက္ကသိုလ်များခြေလျင် နှင့် တောင်တက်အသင်းမှ ကျောင်းသား ကျောင်းသူ များနှင့် သဘာဝခေါ်သံ ဖောင်ဒေးရှင်းမှ ဝါရင့် တောင်တက်အဖွဲ့ဝင်များပါဝင်သော တောင်တက် အဖွဲ့သည် ချင်းပြည်နယ် တီးတိန်မြို့နယ်ရှိ အမြင့် ပေ ၈၈၇၀ ရှိ ကနေဒီတောင်ထိပ်သို့ မေ ၁၄ ရက်က အောင်မြင်စွာ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

ရန်ကုန်တက္ကသိုလ်ခြေလျင်နှင့် တောင်တက် အသင်းနာယက၊ သဘာဝခေါ်သံဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးမျိုးသန့်၏ အနီးကပ်ကြီးကြပ်မှုဖြင့် ပညာရေး ဝန်ကြီးဌာန အောက်မြန်မာနိုင်ငံ တက္ကသိုလ်၊ ကောလိပ်ပေါင်းစုံ တောင်တက်အသင်းအတွင်းရေးမှူး ဒေါ်ဆွေဆွေအုန်း(ကထိက၊ ဓာတုဗေဒဌာန၊ ဘားအံ တက္ကသိုလ်) ဦးဆောင်သည့် တက္ကသိုလ်များမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ သဘာဝ ခေါ်သံမှ

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖